မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၉၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်   ၂၀၁၄ ခုနှစ်၊ မေ ၁၁ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မြန်မာနိုင်ငံ၏ဖြစ်စဉ်များကို အနီးကပ်စောင့်ကြည့်နေပြီး ခိုင်မာစွာထောက်ခံအားပေး

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Daniel R. Russel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအား လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ လူသားချင်းစာနာထောက်ထားသော အကူအညီပေးရေးအဖွဲ့များ ရခိုင်ပြည်နယ်တွင် ပြန်လည်ဝင်ရောက်ဆောင်ရွက်ခွင့်ရရှိရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်စဉ်များကို အနီးကပ်လေ့လာစောင့်ကြည့်နေပြီး ခိုင်မာစွာ ထောက်ခံအားပေးလျက်ရှိကြောင်း၊ အမေရိကန်သမ္မတနှင့် အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း ထောက်ခံအားပေးလျက်ရှိကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအောင်မင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Daniel R. Russel အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ပါလက်စတိုင်းပိုင်နေအိမ်များ အစ္စရေးက မြေထိုးစက်ဖြင့်ဖြိုချ စာ-၄

ပျော်ပျော်ပါးပါး လုပ်အားပေးကြမည် ဆောင်းပါး စာ-၆

ဘာစီလိုနာ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီ စာ-၁၄

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

သင်္ကြန်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့အပန်းဖြေသူ ယခင်နှစ်များထက်များပြားမည်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၀

ယခုနှစ် သင်္ကြန်ပွဲတော်နှင့် အားလပ်ရက်များအတွင်း အပန်းဖြေခရီးထွက်သူ များပြားလျက်ရှိရာ ငွေဆောင်ကမ်းခြေသို့ ယခုနှစ် သင်္ကြန်ကာလအတွင်း လာရောက်မည့်သူများမှာ ယခင်နှစ်များကထက်ပိုမိုများပြားမည်ဖြစ်သည်။

"ငွေဆောင်ကမ်းခြေသို့ သင်္ကြန်ကာလအတွင်းလာရောက် အပန်းဖြေတဲ့ဧည့်သည်တွေ ဒီနှစ်မှာ ပိုများမယ်လို့ မှန်းထားပါတယ်။ ဟိုတယ်ခန်းတွေကတော့ ကုန်သလောက်ရှိနေပါပြီ။ ကြိုတင်မှာယူထားတာများပါတယ်" ဟု ငွေဆောင်ကမ်းခြေသို့ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပေးနေသော ဦးဝင်းဇော်ဦးက ပြောသည်။

ငွေဆောင်ကမ်းခြေသို့ ခရီးသွားများကို သင်္ကြန်အကြိုကာလ နေ့ချင်းပြန်ခရီးစဉ်နှင့် ညအိပ်ခရီးစဉ်များ သွားနေကြသော ဧည့်သည်များအတွက် ဟိုတယ်ခန်းများရရှိရေး အခက်အခဲဖြစ်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သင်္ကြန်နှင့် ယာဉ်စည်းကမ်း

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကျင်းပရန် နီးကပ်လာပြီ။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် လူမျိုးဘာသာမရွေး ပါဝင်ဆင်နွှဲသည့် နှစ်သစ်ကူးပွဲတော်တစ်ခုဖြစ်သည်။ မြန်မာ့ဆယ့်နှစ်လရာသီတွင် ပထမဆုံးလဖြစ်သလို ပျော်စရာအကောင်းဆုံးလလည်းဖြစ်ပါသည်။ လူကြီး၊ လူငယ်၊ လူလတ်မရွေး သင်္ကြန်ပွဲတွင် ဆင်နွှဲလျက် မြူးထူးပျော်ရွှင်ကြသည်။

ဤသို့ပျော်စရာအချိန်အခါသမယတွင် သင်္ကြန်ကို ရုပ်ဆိုးစေသည့် အကြောင်းအခြင်းအရာ တစ်ခုမှာ ယာဉ်စည်းကမ်းချိုးဖောက်မှုပင် ဖြစ်၏။ ပျော်ရွှင်ခြင်းက ကောင်းပါသည်။ စည်းကမ်းချိုးဖောက်ခြင်းကား မကောင်းပါ။ ယာဉ်စည်းကမ်းကိုမသိ၍ ချိုးဖောက်ခြင်းရှိသလို သိသိနှင့် ချိုးဖောက်သူများလည်း ရှိပါသည်။ အထူးသဖြင့် ယာဉ်စည်းကမ်းကို သိလျက်နှင့် ချိုးဖောက်ခြင်းသည် ပို၍ဆိုးပါသည်။ သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှုသည် အခြားအချိန်နှင့် မတူပါ။ အသက်အန္တရာယ်နှင့် ပို၍နီးပါသည်။

"ကိုယ့်ဘာသာကိုယ်ပျော်လို့ မောင်းတယ်ဗျာ…၊ သင်္ကြန်ပဲ ပျော်မှာပေါ့…၊ စည်းကမ်းချိုးဖောက်တော့ကော ဘာဖြစ်တုံး…၊ ဒါသင်္ကြန်ပဲ…"ဟူ၍ ပြောဆိုသူတွေ အများကြီး ရှိပါသည်။ သင်္ကြန်ဆိုသည်မှာ မြန်မာလူမျိုးတို့အတွက် ပျော်စရာအကောင်းဆုံး ပွဲတော်ကြီးတစ်ခုဖြစ်သည်မှာ မှန်ပါ၏။ သို့သော်လည်း စည်းကမ်းချိုးဖောက်၍ ဖြစ်လာမည့် အကျိုးဆက်ကမူ ဘဝနှင့်ရင်းပြီး ပေးဆပ်ရသည့် အဖြစ်မျိုးကြုံလာနိုင်သည်။ ယာဉ်စည်းကမ်းချိုးဖောက်၍ သက်ဆိုင်ရာက ပေးသည့်အပြစ်ထက် ယာဉ်အန္တရာယ်ကြုံတွေ့ကာ ခံစားရမည့် ကံဆိုးမိုးမှောင်ကျမှုက ပို၍ကြီးလေးဖွယ်ရာရှိနိုင်ပါသည်။ ယခုနှစ်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များလာ၍ ယာဉ်အန္တရာယ်ပိုမိုဖြစ်ပွားနိုင်ပါသည်။

အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။ သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းဖောက်ဖျက်မှုကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားပြီး ဒဏ်ရာရသူများ၊ သေဆုံးမှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိရာ အဖြစ်ဆိုးနှင့် မကြုံရလေအောင် သတိထားပျော်ရွှင်ကြလျှင် အကောင်းဆုံးဖြစ်ပါသည်။

အထူးသဖြင့် သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားပြီး ယာဉ်မောင်းခြင်းသည် အဆိုးဆုံးဖြစ်ပါသည်။ အပျော်ကြူး၍ စည်းကမ်းမဲ့ပြိုင်မောင်း၊ လုမောင်းခြင်း၊ အိပ်ဇောပိုက်နှင့် နံပါတ်ပြားများ ဖြုတ်မောင်းခြင်း၊ နံပါတ်အတုများ တပ်ဆင်မောင်းနှင်ခြင်း၊ ယာဉ်ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မောင်းနှင်ခြင်း၊ ဖျက်သိမ်းယာဉ်အို ယာဉ်ဟောင်းနှင့် ပြုပြင်ဆဲယာဉ်များ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် သင်္ကြန်ရေပက်ခံခြင်းများ မပြုလုပ်မိကြစေရန် သတိပေးထားမြဲထားသည်။ သို့သော်လည်း မည်မျှပင် သက်ဆိုင်ရာက သတိပေးစေကာမူ စည်းကမ်းဖောက်ဖျက်မှုများ ရှိနေဆဲပင်ဖြစ်သည်။

ယခုနှစ် သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ပြီး ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ယာဉ်စည်းကမ်းချိုးဖောက်၍ဖြစ်စေ၊ မူးယစ်သောက်စား ယာဉ်မောင်း၍ဖြစ်စေ ထိရောက်စွာ အရေးယူခံရနိုင်ပါသည်။

သို့ဖြစ်ပါ၍ သင်္ကြန်မှာပျော်ကြပါ။ စည်းကမ်းရှိစွာ ပျော်ကြပါ။ ယာဉ်များကို စည်းကမ်းတကျ မောင်းနှင်ကြပါ။ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကို စည်းကမ်းရှိရှိ ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲခြင်းဖြင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထုတ်ဖော်ပြသကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ကွမ်းလုံခရိုင်နှင့် ဟိုပန်ခရိုင်အတွင်းရှိ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ သာသနာရေးဆိုင်ရာများလျှောက်ထား

နေပြည်တော် ဧပြီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်နှင့် ဟိုပန်ခရိုင်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အသီးသီးမှ ဆရာတော်ကြီးများနှင့် ဒေသခံ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ သာသနာရေးဆိုင်ရာများလျှောက်ထားသည့်အခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ (၃၁)ဘုံသာသနာပြုကျောင်းရှိ ဓမ္မာရုံကြီးအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဟိုပန်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ(၃၁)ဘုံသာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တသီဟဗလအမှူးပြုသော ကွမ်းလုံခရိုင်နှင့်ဟိုပန်ခရိုင်အတွင်းရှိ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အသီးသီးမှ ဆရာတော်ကြီးများနှင့် ဒေသခံဆရာတော် ၇၅ ပါး ကြွရောက်တော်မူပြီး သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်အတွင်းရေးမှူး ဦးမျိုးအောင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းလွင်နှင့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ (၃၁)ဘုံသာသနာပြုကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တသီဟဗလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သာရဏီယဩဝါဒကထာနာယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာတော်ကြီးများထံမှ ဩဝါဒကို ခံယူ၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

လှူဒါန်း

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုပန်မြို့ မြို့မမန်ကောင်းကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

စာပေမြှင့်မှ လူမျိုးတင့်မည်

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် ဧပြီ ၁၀

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (24th ASEAN SUMMIT)ကို မေလ ၁၀ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www. asean 2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ (24th ASEAN SUMMIT)ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို ဧပြီ ၃၀ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များ ထုတ်ပေးခြင်းကို မေလ ၉ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ မြန်မာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၂၂၇ နှင့် ၄၁၂၀၅၇ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့် ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထင်သာမြင်သာပွင့်လင်းစေရာ

စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်နေ

သီပေါ ဧပြီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့တွင် နွေရာသီကာလ၌နှစ်စဉ်သောက်သုံးရေ အခက်ကြုံတွေ့ရသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖာဖိတ်ဆည်ရေသောက်မြို့လယ်ချောင်းကို ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်သူများ၏ စွန့်ပစ်အမှိုက်များကို သက်ဆိုင်ရာက နေ့စဉ်စနစ်တကျသိမ်းဆည်းပေးလျက်ရှိသော်လည်း စည်းကမ်းမဲ့သူအချို့၏ အမှိုက်များမဆင်မခြင်စွန့်ပစ်မှုကြောင့် ဧပြီ ၁၀ ရက်တွင် ပန်းထိမ်မြောက်ရပ် အောင်သပြေလမ်းနှင့် သဇင်လမ်းကြား မြို့လယ်ချောင်းအတွင်း အမှိုက်များ မြင်မကောင်းအောင်စုပုံနေပြီး **(အောက်ပုံ)** ရေစီးရေလာသွားလာမှုကို ဟန့်တားလျက်ရှိနေသည်။

သီပေါမြို့သည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်သောမြို့ဖြစ်၍ အဆိုပါ ချောင်းအတွင်းရှိ အမှိုက်ပုံကြီးကြောင့် ဧည့်သည်များ အထင်အမြင်သေးစရာဖြစ်စေသည့်အပြင် ရေစီးရေလာရပ်တန့်ပြီး ချောင်းရေလျှံလမ်းပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် စည်းကမ်းမဲ့အမှိုက်ပစ်သူများကို ကြပ်မတ်အရေးယူသင့်ပါကြောင်း ၎င်းရပ်ကွက်နေ ပြည်သူများက ပြောကြားသည်။

စိုင်း(သီပေါ)

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ငွေငွေ ၁၂/ဥကတ((နိုင်) ၀၂၁၁၂၃ နှင့် မအေးအေးခိုင် ၁၂/ဥကတ (နိုင်) ၁၅၁၆၄၉ တို့၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၀၀၇၈၈၄

အများသိစေရန်

ယာဉ်အမှတ် ၁ခ/၆၅၄၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph: 209077, 209388, 09-73167000, 09-73168000

GOLDEN STAR ခရီးသွားလုပ်ငန်း
April 12,13,17
Scania
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင်(နေ့စဉ်)
Ph: 209200, 430480, 544383, 703448, 09-5046000

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်/မန္တလေး)

အာစရိယပူဇော်ပွဲ

၁။ ကိုတင်ဦး(ရန်ကုန်) ဖုန်း-၀၉-၄၃၀၉၃၄၆၈၊ ၂။ ကိုဆန်းနိုင်(နေပြည်တော်)ဖုန်း-၀၉-၄၂၀၇၀၈၁၃၈၊ ၃။ ကိုဆန်းအောင်(ကချင်) ဖုန်း-၀၉-၄၀၀၀၄၃၉၂၆၊ ၄။ ကိုမျိုးသန့် (ကယား) ဖုန်း-၀၉-၃၆၀၃၆၃၈၃၊ ၅။ ကိုထွန်းမြအေး(ကရင်) ဖုန်း-၀၉-၂၅၅၉၂၂၆၀၀၊ ၆။ ကိုတင်အောင် (ချင်း/မြောက်) ဖုန်း-၀၉-၄၁၀၀၄၃၂၇၊ ၇။ ကိုရှိန်းအောင် (ချင်း/တောင်) ဖုန်း-၀၉-၄၇၁၇၀၁၈၈၊ ၈။ ကိုလှိုင်ဝင်းမောင် (မွန်) ဖုန်း-၀၉-၄၂၅၂၉၄၂၅၅၊ ၉။ ဒေါက်တာသောင်းအေး (မန္တလေး) ဖုန်း-၀၉-၄၂၅၀၀၈၇၀၀၊ ၁၀။ ကိုထွန်းရန်နိုင်သူ(ရခိုင်) ဖုန်း-၀၉-၄၂၁၇၁၄၁၂၈၊ ၁၁။ ကိုကျော်ဝင်းနိုင်(ရခိုင်) ဖုန်း-၀၉-၄၂၁၇၃၆၁၇၇၊ ၁၂။ ဒေါက်တာဇော်ဝင်း (ရှမ်း/အရှေ့) ဖုန်း-၀၉-၄၂၈၂၁၃၆၆၅။ ၁၃။ ကိုစိုးမင်း (ရှမ်း/မြောက်)ဖုန်း-၀၉-၄၀၃၇၀၄၄၉၆၊ ၁၄။ ကိုကျော်သိန်း(ရှမ်း/တောင်) ဖုန်း-၀၉-၄၅၈၀၃၈၁၂၁၊ ၁၅။ ကိုကျော်ဝင်းမြင့် (တနင်္သာရီ) ဖုန်း-၀၉-၄၅၀၉၉၂၀၈၉၊ ၁၆။ ခွန်အောင်ခမ်း (ရှမ်း/တောင်) ဖုန်း-၀၉-၄၃၁၁၃၆၈၃

ကျောင်းဆင်းကျောင်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပရန် အောက်ဖော်ပြပါဘဏ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကမ္ဘောဇဘဏ် (ဒေါပုံ) Account No.-၁၁၀၁၂၂၀၀၀၆၄၈၇၊ မြန်မာ့စီးပွားရေးဘဏ် (တ/ဒဂုံ)

ပြည်တွင်းသတင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်အစိုးရနှင့်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် ဘင်္ဂလားဒေ့ရှ်တပ်မတော် Principal Staff Officer Lt.Gen.Abu Belal Muhammad Shafiul Huq,ndc,psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အောင်သော်၊ ဦးတင်ဦးလွင်နှင့် ဦးဘုန်းဆွေတို့တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ စစ်သံမှူး Brig.Gen.MD Mahbubul Haque လည်း တက်ရောက်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း ဘင်္ဂလားဒေ့ရှ်တပ်မတော် **Principal Staff Officer Lt.Gen.Abu Belal Muhamimad Shafiul Huq,ndc,psc** ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မည်သည့်အတွက်ကြောင့် နိုင်ငံ့စွမ်းဆောင်ရည် ပထမ၊ ဒုတိယနှင့် တတိယဆုများရရှိသည်ကို ဆုရရှိသူများနှင့် ပြည်သူများက စိတ်ဝင်စားလျက်ရှိပြီး ဆုရရှိရသည့် အကြောင်းအရင်းများကို ရှင်းလင်းတင်ပြရာတွင် အချိန်အနည်းငယ်ဖြင့် ကွက်ကွက်ကွင်းကွင်း ပြသပေးရန်လိုကြောင်း၊ အောက်ခြေတွင် စိစစ်တင်ပြရသည့်အတွက် အငြင်းပွားဖွယ်ကိစ္စရပ်များ မရှိအောင် အသေးစိတ်စိစစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိခဲ့သူများ၏ ကြိုးစားခဲ့မှု၊ အောင်မြင်မှုရရှိအောင် ဆောင်ရွက်ခဲ့မှုတို့၏ အောင်မြင်မှုသော့ချက်များကို ကျန်ဆုရရှိသူများပါ သိရှိနိုင်ရန်နှင့် လူငယ်များ အားကျလာစေရန် ရည်ရွယ်၍ ဆုချီးမြှင့်ရခြင်းဖြစ်ကြောင်းဖြင့် နိုင်ငံ့စွမ်းဆောင်ရည်

ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဖွင့်အမှာစကား ပြောကြားရာ၌ **(အပေါ်ပုံ)**ထည့်သွင်းပြောကြားခဲ့သည်။ အစည်းအဝေးတွင် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီနှင့် စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက ဆုရွေးချယ်မှု အမှတ်ပေးစည်းကမ်းများ၊ ဆုရွေးချယ်မှုအခြေအနေများ၊ အဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်နေမှုများ၊ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်မှာကြားခဲ့သည်။ အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ် အာ၊ ရပ်စ်ဆဲလ်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ငွေဆောင်ကမ်းခြေတွင် ဟိုတယ်စုစုပေါင်း ၂၅လုံးခန့်ရှိသော်လည်း လက်ရှိဝန်ဆောင်မှုပေးနိုင်သောဟိုတယ်မှာ ၁၈ လုံးခန့်သာရှိနေသည်။ ထို့ကြောင့် အပန်းဖြေလာရောက်သူများအနေဖြင့် သင်္ကြန်ကာလအတွင်း ကြိုတင်စာရင်းပေးမှာယူသူများအတွက် အဆင်ပြေနိုင်သည့် အခြေအနေရှိသည်။

ယခုနှစ်သင်္ကြန်ကာလအတွင်း ပြီးခဲ့သည့်နှစ်ကထက် ခရီးသွားဧည့်သည် လာရောက်မှု ပိုမိုများပြားလာမည်ဟု မျှော်မှန်းထားသည်။ ငွေဆောင်ကမ်းခြေသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အနောက်ဘက် ၄၈ ကီလိုမီတာ အကွာတွင်တည်ရှိပြီး ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် ၅ နာရီခန့်ကြာမောင်းနှင်ရောက်ရှိနိုင်သည့်နေရာဖြစ်သည်။

၂၀၀၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သောချောင်းသာကမ်းခြေသည် အရှည် ၉ ဒသမ ၃ မိုင်ခန့်ရှိပြီး ငွေရောင်သဲများဖြင့် လှပသောကမ်းခြေအဖြစ် ခရီးသွားဧည့်သည်အများအပြား သွားရောက်အပန်းဖြေသောနေရာတစ်ခုလည်းဖြစ်သည်။

(မြန်မာ့အလင်း)

တပ်မတော်၏လုံခြုံရေးအစောင့်အရှောက်ဖြင့် လုံခြုံရေးအရ သန်းခေါင်စာရင်းကောက်ယူရန်ခက်ခဲသောကျေးရွာများသို့ သန်းခေါင်စာရင်းကောက်ယူပြီးစီး

နေပြည်တော် ဧပြီ ၁၀

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန် ခက်ခဲလျက်ရှိသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ဒေသအချို့၌ တပ်မတော်မှ လုံခြုံရေးအစောင့်အရှောက်များ အကူအညီပေး၍ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မံစီမြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာမှ ဒေသခံပြည်သူ ၅၂၆၈ ဦး၊ ဒေါ့ဖုန်းယန်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၄၁ ဦး၊ နောင်စွမ်းမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၄၁ ဦး၊ ပန်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူ ၃၆၉ ဦး၊ မိုးမိတ်မြို့နယ်အတွင်းရှိ ပန်ဆပ်ကျေးရွာမှ ဒေသခံပြည်သူ ၈၇ ဦး၊ ပေါင်း ၆၁၅၁ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မံတုံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံပြည်သူ ၅၃၂ ဦး စုစုပေါင်း ဒေသခံပြည်သူ ၆၆၈၃ ဦးအား လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခဲ့သည်။

အဆိုပါလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲလျက်ရှိသော ဒေသများတွင် ဧပြီ ၃ ရက်မှ ယနေ့အထိ ဒေသခံပြည်သူ ၆၀၀၀၄ ဦးအား တပ်မတော်၏လုံခြုံရေးအကူအညီရယူ၍ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား ကောက်ယူပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

Congratulation to AYA Bank !
wirecard
We congratulate our partner Ayeyarwady Bank on the launch of the AYA World Travel Visa cards.

ရောင်းမည်
Ph: 256326898

ပျောက်ဆုံးကြောင်း

ကျွန်မ မအိမာထွန်း ၁၂/စခန(နိုင်)၀၆၃၉၆၈၏ နိုင်ငံကူးလက်မှတ် အမှတ် MA-၀၅၅၉၅၇မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၂၆၁၆၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း (သထုံ)တွင် အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်-

(၁) Topographic Survey

(၂) Soil Investigation

အသေးစိတ်သိလိုပါက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်) စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၄၅၊ ၄၀၈၁၃၂၊ ၀၉-၅၁၃၅၉၁၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၂၄-၄-၂၀၁၆ ရက် ၁၆း၀၀ နာရီအထိ ဖြစ်ပါသည်။

POST ဝင်ငွေခွန်သင်တန်း TEL; 09420129333
မှုလတန်းပြဆရာမ (DTECT) နှင့် (နေ့စား လသေး)
(၁၉-၄-၂၀၁၆)စမည်။ ဘာသာစုံစာအုပ်ရပြီး ၆၀၀၀ိ/-

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈/၂၁၁၉၊ Toyota Mark II, S/L(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဇော် ၉/မတလ(နိုင်)၀၀၂၆၁၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်မ ဝင်းဝင်းခိုင် ၁၂/လသန(နိုင်)၀၁၉၅၃၄၏ ပတ်စပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၇၀၀၅၈

ပျောက်ဆုံးကြောင်း

မချိုသဲဦး ၅/ကလထ(နိုင်)၁၆၁၂၃၁၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၇၃၅၁၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၄၄၀၉၊ Shwe Palae Ngwe Palae L/J,P/U ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွန်း ၉/နထက(နိုင်)၀၀၃၉၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

နိုင်ငံတကာသတင်း

ပါလက်စတိုင်းပိုင် နေအိမ်များ အစ္စရေးတို့က မြေထိုးစက်ဖြင့်ဖြိုချ

တဲလ်အဗစ် မေ ၁၀

အစ္စရေးအစိုးရပိုင် မြေထိုးစက်များက နီဂက်သဲကန္တာရရှိ ပါလက်စတိုင်း ဘေဒိုအင်တို့ပိုင်ဆိုင်သော နေအိမ်များကို ဖြိုချဖျက်ဆီးခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

အစ္စရေးရဲတပ်ဖွဲ့က အစောင့်အကြပ်လိုက်ပါလျက် အဆိုပါမြေထိုးစက်ကြီးများက ဗုဒ္ဓဟူးနေ့တွင် နီဂက်သဲကန္တာရ တစ်ဝန်းလုံးရှိ နေအိမ်များကို ဖြိုချဖျက်ဆီးပစ်လိုက်ကြသည်။

အယ်လ်ဇာရူဘာကျေးရွာ၌ နေအိမ်နှစ်လုံး ဖြိုချထားသည်ကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။ ကူဆေးဖိမြို့၌ မြေထိုးစက်များက နေအိမ်အများအပြား ဖြိုချထားသည်ကို တွေ့ရသည်ဟု ဆိုသည်။ ယင်းကဲ့သို့ ဖြိုချမှုကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

အဆိုပါ ဖြိုချဖျက်ဆီးမှုသည် ပရာဝါးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်ပြီး၊ ယင်းစီမံကိန်းအရ လူပေါင်း ၇၀၀၀၀ ယင်းသဲကန္တာရအတွင်းမှ နှင်ထုတ်သွားမည်ဖြစ်သည်ဟု ဆိုသည်။

အစ္စရေးအစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို သဘောတူလိုက်ချိန် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းအား ပါလီမန်သစ်က ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ပြန်လည်တင်မြှောက်

ပြုံယမ်း မေ ၁၀

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအား ပါလီမန်သစ်က ယင်းနိုင်ငံ၏ အမျိုးသားကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ် ပထမဆုံး အကြိမ် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများက သတင်းဖော်ပြသည်။ မြောက်ကိုရီးယားနိုင်ငံ၏ အသစ်ရွေးချယ်တင်မြှောက်လိုက်သော ပါလီမန်က ပထမဆုံးအကြိမ်ညီလာခံ ကျင်းပပြီး မစ္စတာကင်ဂျုံအန်းအား ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်ခြင်းသည် မြောက်ကိုရီးယားပြည်သူများက ၎င်းအားအကြွင်းမဲ့ယုံကြည်ခြင်းကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း KCNA အေဂျင်စီက သတင်းဖော်ပြသည်။

အဆိုပါ ပါလီမန်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလက ဖခင်ဖြစ်သူထံမှ အာဏာလွှဲပြောင်းရယူခဲ့ပြီးနောက် ကင်ဂျုံအန်းလက်ထက်တွင် ပထမဆုံးကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့်လက ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲအပြီး ကျင်းပခြင်းလည်း ဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင်သည် အာဏာရ ကိုရီးယားအလုပ်သမားပါတီ၏ ပထမဆုံးအတွင်းရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ အင်္ဂါနေ့က ကင်နှင့် ပါတီထိပ်တန်းပုဂ္ဂိုလ်များသည် ဦးလေးတော်စပ်သူလည်းဖြစ် အမျိုးသားကာကွယ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌလည်းဖြစ်သည့် ကျန်ဆောင်တိတ်အား ကွပ်မျက်ခဲ့ပြီးနောက် လူပုဂ္ဂိုလ်အစားထိုးပြောင်းလဲရေးကိစ္စ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မစ္စတာကျန်သည် ကင်ဂျုံအန်း၏ ဖခင် ကင်ဂျုံအီးလ်၏ ညီမဖြစ်သူနှင့် အိမ်ထောင်ကျခဲ့သူဖြစ်သည်။ ၎င်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်က အထူးစစ်ခုံရုံးဖြင့် စစ်ဆေးပြီးနောက် ကွပ်မျက်ခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

အိန္ဒိယနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲ တတိယအဆင့်စတင်

နယူးဒေလီ မေ ၁၀

သန်းပေါင်းများစွာသော ပြည်သူများက လျှို့ဝှက်စနစ်ဖြင့် မဲပေးမည်ဟု မျှော်လင့်ထားကြကာ အိန္ဒိယနိုင်ငံ၏ အဓိကကျသော ပါလီမန်ရွေးကောက်ပွဲများ၏ တတိယအဆင့်ကို ယနေ့ စတင်လိုက်ပြီဖြစ်သည်။

ယခုတတိယအဆင့် ရွေးကောက်ပွဲကို နယူးဒေလီ၏ မဲဆန္ဒနယ်ခုနစ်ခုမှ ရှေ့ဆောင်ကျင်းပလျက်ရှိသည်။ ၎င်းမဲဆန္ဒနယ်များတွင် တောင်ပိုင်း ကီရာလာပြည်နယ်မှ အမတ်နေရာ ၂၀၊ ဥတ္တရာပရာဒက်ရှ်၊ မဟာရာ့ရှ်ထရာနှင့် သြရိသပြည်နယ်များမှ အမတ်နေရာ ၁၀ နေရာစီ ရရှိနိုင်ကြမည်ဖြစ်သည်။

ပြည်နယ် ၁၄ ခုတို့ရှိ ပါလီမန်အမတ်နေရာ ၉၂ နေရာတို့အတွက် ငါးပတ်ကျော်ကြာမျှ အဆင့်ကိုးဆင့်ဖြင့် ရွေးကောက်ပွဲကျင်းပပေးသွားမည်ဖြစ်ပြီး ယင်းကဲ့သို့ အချိန်ယူရခြင်းမှာ အဆိုပါဒေသနေပြည်သူ သန်း ၁၀၀၀ ကျော်တို့အကြား လုံခြုံရေးနှင့်ထောက်ပံ့ပို့ဆောင်ရေး အခြေအနေတို့ကြောင့် ဖြစ်သည်။

ယခု အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲသည် ဧပြီ ၇ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မေ ၁၂ ရက်တွင် ပြီးဆုံးမည်ဟု လျာထားသည်။ မဲရလဒ်များကိုမူ မေ ၁၆ ရက်တွင် ကြေညာပေးမည် ဖြစ်သည်။

လုံခြုံရေးတပ်ဖြန့်

အိန္ဒိယနိုင်ငံ၌ ယခုရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအဆင်ပြေစေရန် ထောင်ပေါင်းများစွာသော ရဲတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲ ပထမနေ့ တနင်္လာနေ့က အရှေ့မြောက်ပိုင်းပြည်နယ်များဖြစ်သော အာသံနှင့် မဏိပူရတို့ရှိ မဲဆန္ဒနယ်ခြောက်ခုတို့ ဆန္ဒမဲပေးမှု ပြီးစီးခဲ့ပြီး ဖြစ်သည်။

အဓိက ယှဉ်ပြိုင်ဘက်များအနေဖြင့် မစ္စတာရာဟူးဂန္ဒီဦးဆောင်သော ကွန်ဂရက်ပါတီနှင့် မစ္စတာနန္ဒြာမိုဒီ ဦးဆောင်သော ဘီဂျေပီပါတီတို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ **(ပရက်စ်တီဗွီ)**

အမေရိကန်တပ်များ ဥရောပအရှေ့ပိုင်းသို့ တပ်ဖြန့်ဖွယ်ရှိ

အီးယူ မေ ၁၀

အမေရိကန်တပ်များကို ယူကရိန်းနှင့်ရုရှားတို့အကြား တင်းမာနေရာ နေရာအနီး ဥရောပအရှေ့ပိုင်း မဟာမိတ်အဖွဲ့ဝင်နိုင်ငံများသို့ မကြာမီ ဖြန့်ကြက်သွားဖွယ်ရှိကြောင်း ဥရောပရှိ နေတိုးထိပ်တန်းစစ်ဘက်တပ်မှူးက ပြောကြားသည်။

ဥရောပအရှေ့ပိုင်း နေတိုးတပ်များ တိုးမြှင့်ဖြန့်ကြက်ရေးတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ရေးစည်းရုံးမှုလည်း ပါဝင်လာနိုင်ကြောင်း အမေရိကန်လေတပ်ဗိုလ်ချုပ်ကြီး ဖီးလစ်ဘရက်လပ်က အေပီသတင်းဌာနသို့ ပြောကြားလိုက်သည်။

မိမိတို့၏ အရှေ့ဖျားမဟာမိတ်နိုင်ငံများအား လုံခြုံမှုပေးနိုင်ရန် ကြည်း၊ ရေ၊ လေ ပါဝင်သော စစ်ရေးအစီအမံများ စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း အဆိုပါ အမေရိကန်ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးက အေပီက တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။ ၎င်းက အဆိုပါကိစ္စကို လာမည့်သီတင်းပတ်အတွင်း လုပ်ဆောင်သွားမည်ဟု ဆိုသည်။

အမေရိကန်တပ်များကို ရုရှားနှင့် အနီးဆုံးအဖွဲ့ဝင်နိုင်ငံများသို့ စေလွှတ်ပေးရန် အစီအစဉ်ရှိပါသလားဟူသော မေးခွန်းအပေါ် မိမိအနေဖြင့် မည်သည့်နိုင်ငံမှ အကူအညီတောင်းခံလာသည်ကို မေ့ပစ်လိမ့်မည်မဟုတ်ဟု ဘရက်လပ်က ပြောကြားလိုက်သည်။ တပ်ဖွဲ့ဝင် ၄၀၀၀၀ ကို ယူကရိန်းအရှေ့ပိုင်းနယ်စပ်တစ်လျှောက် ဖြန့်ကြက်ထားကြောင်းလည်း ၎င်းက ပြောသည်။ **(ပရက်စ်တီဗွီ)**

အိန္ဒိယ၏ ပထမဆုံးလေယာဉ်တင်သင်္ဘောကို အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့်ရောင်းချ

နယူးဒေလီ မေ ၁၀

အိန္ဒိယနိုင်ငံ၏ INS Vikrant အမည်ရှိ ပထမဆုံးလေယာဉ်တင်သင်္ဘောကို လေလံတင်ပွဲတစ်ခုတွင် အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် ရောင်းချခဲ့ကြောင်း သတင်းရပ်ကွက် ဖော်ပြချက်အရ သိရသည်။

၎င်းသင်္ဘောကို ၁၉၅၇ ခုနှစ်က ဗြိတိန်နိုင်ငံမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ INS Vikrant သည် ၁၉၇၁ ခုနှစ်က အိန္ဒိယ-ပါကစ္စတန်စစ်ပွဲအတွင်း ပါကစ္စတန်အရှေ့ပိုင်း(ယခုဘင်္ဂလားဒေ့ရှ်)တွင် ရေကြောင်းကာကွယ်ရေး အဓိကအခန်းကဏ္ဍ၌ ပါဝင်ခဲ့သည်။

အိန္ဒိယရေတပ်သင်္ဘောကို I.B Commorcial pvt ကုမ္ပဏီသို့ ရောင်းချခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ၁၉၆၁ ခုနှစ် အိန္ဒိယရေတပ်၏ ပထမဆုံးလေယာဉ်တင်သင်္ဘောဖြစ်သည်။ INS Vikrant သည် တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပြီး ၁၉၉၇ ခုနှစ် ဇန်နဝါရီလမှစတင်၍ မွမ်ဘိုင်းမြို့ Cuffo Parade သင်္ဘောပြတိုက်တွင် ပြသထားခဲ့သည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာ့ရှ်ထရာပြည်နယ်အစိုးရက ၎င်းသင်္ဘောပြတိုက်ကို ထိန်းသိမ်းရန် အခက်အခဲများကို တင်ပြခဲ့ရာ မွမ်ဘိုင်းတရားရုံးချုပ်က ငြင်းဆိုခဲ့သော်လည်း နောက်ဆုံးတွင်သင်္ဘောသည် အရောင်းတည့်သွားခဲ့သည်ဟု ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

ကဒါဖီအစိုးရတာဝန်ရှိသူများ နိုင်ဂျာကပြန်ပို့

ထရီပိုလီ မေ ၁၀

နိုင်ဂျာအစိုးရက လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏ အစိုးရလက်ထက်က ထိပ်တန်းတာဝန်ရှိသူ ၁၀ ဦးကို ဗုဒ္ဓဟူးနေ့တွင် နေရပ်တိုင်းပြည်သို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း နိုင်ဂျာရှိ လစ်ဗျားသံရုံးသတင်းရပ်ကွက်က ပြောသည်။

အဆိုပါထိပ်တန်းတာဝန်ရှိသူများတွင် အလီကာနာရှက်အယ်လ်ဖာဂျာနီနှင့် အလီအဘူဘာကာကဲ့သို့သော ရေတပ်နှင့်လေတပ် တပ်မှူးများလည်း ပါဝင်သည်ဟု ဆိုသည်။ ကဒါဖီအစိုးရကို ၂၀၁၁ ခုနှစ် အောက်တိုဘာလက ဖြုတ်ချခဲ့ပြီးနောက် ဒါဇင်နှင့်ချီသော အစိုးရတာဝန်ရှိသူများ နိုင်ဂျာနိုင်ငံက ခိုလှုံခွင့်ပေးခဲ့သည်။ **(ဆင်ဟွာ)**

စီပိုးကုသရေးညွှန်ကြားချက်ထုတ်ပြန်

ဂျီနီဗာ မေ ၁၀

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ၎င်း၏ကမ္ဘာလုံးဆိုင်ရာ ပထမဆုံး အသည်းရောင်ရောဂါစီပိုးကုသရေးညွှန်ကြားချက်များ ထုတ်ပြန်လိုက်သည်။ ကမ္ဘာပေါ်တွင် အဆိုပါ ရောဂါခံစားရသူပေါင်း သန်း ၁၃၀ မှ ၁၅၀ အထိ ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားပြီး နှစ်စဉ်လူပေါင်း ၃၅၀၀၀၀ မှ ၅၀၀၀၀၀ အထိ သေဆုံးလျက်ရှိသည်ဟု ဆိုသည်။ ယင်းရောဂါဖြစ်ပွားမှု နည်းအောင် ဓာတ်မှန်ရိုက်ခြင်းနှင့် ကုသရေးတို့အတွက် လမ်းညွှန်ချက်များ ဒုဗလျူအိတ်ချ်အိုက ထောက်ပံ့ပေးမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဗဟိုအာဖရိကနိုင်ငံအတွင်းစစ်သွေးကြွများတိုက်ခိုက်

ဗဟိုအာဖရိက မေ ၁၀

ဗဟိုအာဖရိကနိုင်ငံအတွင်း အယူဝါဒမတူညီသော စစ်သွေးကြွများအကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦး ဒဏ်ရာရရှိခဲ့ပြီး ၃၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သေဆုံးသူအများစုမှာ ဒိုကိုတာမြို့ ပြည်သူများဖြစ်ပြီး စစ်သွေးကြွများ အချင်းချင်းပစ်ခတ်သော ကျည်ဆန်များ လာရောက်ထိမှန်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အရာရှိများက ပြောသည်။ ထို့ပြင် ဒီဇင်ဘာလအစောပိုင်းကလည်း မွတ်စလင်အစိုးရကိုဦးတည်၍ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ မွတ်စလင်စစ်သွေးကြွများသည် ၂၀၁၃ ခုနှစ် မတ်လက သမ္မတ Francois Bozize ကို ဖြုတ်ချ၍ အာဏာသိမ်းယူခဲ့ခြင်းဖြစ်သည်။

၎င်းတိုက်ခိုက်မှုများကြောင့် ထောင်ပေါင်းများစွာသော လူများသေဆုံးခဲ့ရပြီး နောက်ထပ် ထောင်ပေါင်းများစွာသော လူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း၊ ၁ ဒသမ ၃ သန်း(နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံ)ခန့်သည် အကူအညီများလိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

နိကာယ်စာမေးပွဲကျင်းပမည်

နေပြည်တော် ဧပြီ ၁၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၄ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၇၆ ခုနှစ် နယုန်လဆန်း ၁၂ ရက်နေ့မှ နယုန်လပြည့်ကျော် ၁ ရက်နေ့အထိ၊ ဇွန်လ ၉ ရက်နေ့မှ ဇွန်လ ၁၃ ရက်နေ့အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

ဖြေဆိုခွင့်ပြု

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

ည ၁၀ နာရီတွင် ရန်ကုန်မှစတင်ထွက်ခွာပြီး ကျိုက်ထိုသို့ စနေနေ့နံနက် ၃ နာရီ ၅ မိနစ်ရောက်မည့်အချိန်စာရင်းနှင့် ပြောင်းလဲပြေးဆွဲမည်ဖြစ်ပြီး ကျိုက်ထိုမှ တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီ ပြန်လည်ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီ ၃၅ မိနစ်ရောက်ရှိခြင်းအား မူလအချိန်အတိုင်း ပြောင်းလဲခြင်းမရှိ ပြေးဆွဲသွားမည်ဖြစ်သည်။ ခရီးစဉ်ပြောင်းလဲပြေးဆွဲခြင်းအား ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်မှစ၍ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

စောလင်းလက်

လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၁၀

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် CPPCC မှ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ H.E.Mr. Pan Yunhe ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးဇုန်လှယ်ထန်း၊ ဦးစိုးအောင်၊ ဦးဝင်းနောင်၊ ဦးရှုမောင်၊ ဒုတိယဗိုလ်မှူးကြီး စိုးလင်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ ရေကြီးရေလျှံမှုမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေး ကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ ရေကြီးရေလျှံမှုမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၁၄) ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်စက်မှုစီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ဧပြီ ၉ ရက်က ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် နိုင်ငံတော်က ပံ့ပိုးမှုများနှင့် မိုးမကျမီ မေလကုန်ပြီးစီးနိုင်ရေးအတွက် စက်ယန္တရားကြီးများ၊ ကာယဉာဏလုပ်သားကြီးများက လုပ်ငန်းများအမြန်ပြီးစီးအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက အစည်းအဝေးနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် “အခုအစည်းအဝေးကတော့ လုပ်ကိုင်ရတဲ့အခက်အခဲတွေကို ပြည်သူ့ကိုယ်စားလှယ်တွေက တစ်ဆင့် ကျွန်တော်တို့ ဘာတွေဆက်လုပ်ပေးရမယ်၊ ဘာတွေပြုပြင်ပေးရမယ်၊ ဆောင်ရန်၊ ရှောင်ရန်တွေကို သိရှိလိုတဲ့အတွက် ညှိနှိုင်းပြီးတော့ ဆက်လက်လုပ်ဆောင်ရမယ့်အချက်အလက်တွေကို ခေါ်ယူဆွေးနွေးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ နှစ်ပတ်တစ်ကြိမ် ဆောင်ရွက်နေတဲ့အစည်းအဝေးနဲ့လည်း အကျုံးဝင်ပါတယ်။ သူတို့ရဲ့တင်ပြချက်တွေက တကယ်အခြေခံကျပါတယ်။ အမှန်တွေလည်း ဖြစ်ပါတယ်။ တကယ်လည်း ပြည်သူတွေကြားမှာ လိုအပ်နေတဲ့ အချက်အလက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါတွေအားလုံးကို လိုက်နာပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း သူတို့ရဲ့အကြံပေးချက်အတိုင်း လိုက်နာဆောင်ရွက်သွားမှာပါ။ ဒီအစည်းအဝေးရဲ့ရလဒ် out come များသည် အများကြီး ကျွန်တော်တို့အတွက် အထောက်အကူပေးပါတယ်။ ဘာဆက်လုပ်ရမယ်ဆိုတဲ့ မြင်သာတဲ့ အချက်အလက်တွေ အများကြီးပါလာပါတယ်။ ကျွန်တော်တို့အတွက် ပြည်သူတွေဆီမှရတဲ့ အချက်အလက်တွေဟာ တကယ့်လမ်းညွှန်ချက်တွေဖြစ်ပါတယ်။ အဲဒီအချက်အလက်တွေကို လိုက်နာဆောင်ရွက်သွားမယ်ဆိုရင် အောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်” ဟု ပြောပြခဲ့သည်။

ယခုလို ဆောင်ရွက်သည့်နေရာတွင် ဌာနကြီးငါးခုမှ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုလျက် အဆင့်ဆင့်သော ကြီးကြပ်မှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ သီးခြားရန်ပုံငွေဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည့်အတွက် လေလွင့်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နယ်မြေခံရပ်ကွက်၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ၏ အကြံဉာဏ်များဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ လမ်းနှင့်တံတား၊ အင်ဂျင်နီယာဌာနမှ ဌာနမှူးဦးတင်မောင်ကြည်အား မေးမြန်းရာ “ ဒီနေ့မှာတော့ ပိုမိုအောင်မြင်တဲ့ ဆောင်ရွက်မှုမျိုး ပိုမိုရရှိမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းဆောင်ရွက်ဖို့ လျာထားတဲ့စီမံချက်ကာလ မေလနောက်ဆုံးပတ်အတောအတွင်းမှာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအနေနဲ့ လုပ်ငန်းတစ်ရပ်လုံးရဲ့ ၅၀ ရာခိုင်နှုန်းကျော်ကျော်၊ ၅၂ ရာခိုင်နှုန်းလောက် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ နိုင်ငံတော်က ပံ့ပိုးပြီးတော့ ရန်ကုန်အရှေ့ပိုင်းခရိုင် အရှေ့ပိုင်းမြို့နယ်များမှာ အဓိကထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်မှာတော့ အရင်နှစ်တွေထက် ပိုမိုကောင်းမွန်တဲ့အခြေအနေတစ်ရပ်ကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်” လို့ ပြောကြားခဲ့သည်။

ငမိုးရိပ်ချောင်း အဓိကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်လေးမြို့နယ် ရေကြီးရေလျှံမှုလျော့နည်းရေးအတွက် ကျွန်တော်တို့ဦးစီးဌာနကနေပြီးတော့ ငမိုးရိပ်ချောင်းတစ်လျှောက်မှာ တားကူးလုပ်ငန်းဆောင်ရွက်ဖို့ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကကတော့ ရေကြီးရေလျှံမှုဖြစ်ရတဲ့ အကြောင်းအရင်းများထဲမှာပါဝင်တဲ့ မြစ်ချောင်းတွေရဲ့မြစ်ချောင်းပြင်နဲ့ ချောင်းကြမ်းပြင် မြင့်တက်လာတာရယ်၊ နောက်တစ်ခုကတော့ မြစ်ချောင်းများကျဉ်းမြောင်းလာ၊ တိမ်ကောလာတာမို့ ဒါတွေကို လျော့နည်းစေဖို့အတွက် တားကူးလုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါတွေကို ဆောင်ရွက်ပေးခြင်းအားဖြင့် ရေကြီးရေလျှံမှုလည်းလျော့နည်းသွားပြီး သက်သာလာမှာဖြစ်ပါတယ်” ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦးက ရှင်းလင်းပြောပြသည်။

အလားတူ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက “ အဓိက ချောင်းကြီးနှစ်ချောင်းဖြစ်တဲ့ ဆင်ခြေရာချောင်းနဲ့ ကျားကြီးချောင်းတစ်လျှောက် ရှင်းလင်းရေးကို ဆောင်ရွက်ပါတယ်။ အဲဒီအခါမှာ ချောင်းရဲ့အစဟာ ဒဂုံဆိပ်ကမ်းရဲ့ရပ်ကွက်တွေထဲမှ စီးလာတာဖြစ်တဲ့အတွက် အခု ချောင်းရိုးရှင်းလင်းလိုက်တဲ့အတွက် ဒီတစ်ခေါက်မိုးမှာ ရေတွေဟာ အလွယ်တကူစီးဆင်းသွားမယ်။ ရှင်းလင်းသွားမယ်။ မြစ်ရေတက်လာတဲ့အချိန်မှာ ရေတွေဝင်တာသက်သာမယ့်အတွက်ကြောင့် ဒီနှစ်ရေကြီးရေလျှံချိန်မှာ အတော်လေးသက်သာမယ်ထင်ပါတယ်” ဟု ဆွေးနွေးပြောပြသည်။

ထို့ပြင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူက “စီမံကိန်းပြီးစီးရန်အတွက် ပြည်သူများကလည်း နားလည်သဘောပေါက်ပြီး ပါဝင်ပေးမယ်ဆိုရင်တော့ စီမံကိန်းမှာ ရာနှုန်းပြည့်အောင်မြင်ပြီး ယခုနှစ် မိုးရာသီမှာ ရေကြီးရေလျှံမှုမှ ကင်းဝေးစေမှာဖြစ်ပါတယ်၊ ဒဂုံမြို့သစ်လေးမြို့နယ်မှာ ရေကြီးရေလျှံ အဖြစ်ဆုံးမှာ ဒဂုံ (အရှေ့ပိုင်း) မြို့နယ်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၂၊ ၂၀၁၃ လောက်တုန်းကဆိုရင် ရေတွေဟာ အဆမတန်တက်ပါတယ်။ အခုလို ရေကြီးရေလျှံမှုထိန်းသိမ်းရေး ကော်မတီကနေ လာရောက်လုပ်ဆောင်ပေးတဲ့အတွက်၊ ကူညီပေးတဲ့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အဲဒီလို ကူညီပေးတာဟာ ထိထိရောက်ရောက် အောင်မြင်လိမ့်မယ်လို့လည်း ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တကယ်ရေကြီးတာက ကျွန်တော်တို့မြို့နယ်ဖြစ်တာမို့ဖြစ်ပါတယ်။ ရေကြီးရေလျှံထိန်းသိမ်းရေးကော်မတီက ချမှတ်ပေးတဲ့ car pass ၈၀၀ ကျော်ရတဲ့အတွက် လာမည့်နှစ်တွေမှာ ပိုပြီးတော့ ရေကြီးရေလျှံနဲ့ပတ်သက်လို့ ပိုပြီးအဆင်ပြေမယ်လို့လည်း ယုံကြည်ပါတယ်” ဟု ပြောပြသည်။

“နိုင်ငံတော်သမ္မတကြီးက သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရန်ပုံငွေကနေ ရန်ပုံငွေချပေးလိုက်တဲ့အတွက် ဒီလေးမြို့နယ်အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ ဒီဒုက္ခခံစားရတာ နှစ်နှစ်ဆယ်ရှိပြီလေ။ ဒီရေကြီးရေလျှံမှုနဲ့ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဦးဆောင်ပြီး အခုလိုအဖွဲ့ဖွဲ့စည်းပေးတာ။ ကျွန်တော်တို့တွေ ပြည်သူပြည်သားတွေအတွက် များစွာအကျိုးရှိပါတယ်။ ကောင်းလည်း ကောင်းပါတယ်။ ဝမ်းလည်းသာပါတယ်။ အားနည်းချက်၊ အားသာချက်အပိုင်းလေးတွေကတော့ ရှိတာပေါ့။ အဲဒီအပိုင်းလေးတွေကိုလည်း ပြုပြင်ပေးမယ်လို့လည်း ပြောပါတယ်။ ဒါကတော့ နှစ်နှစ်ဆယ်လောက်ခံစားနေရတဲ့ ရေစီးရေလာကို နိုင်ငံတော်ကနေဦးစီးပြီးတော့ စည်ပင်သာယာတစ်ဖွဲ့တည်းနဲ့ကတော့ မနိုင်ဘူးလေ။ အဲဒါကို တိုင်းဒေသကြီး Budget နဲ့ မလုံလောက်လို့ ပြည်ထောင်စု Budget ကနေ ချပေးပြီးတော့ ဆောင်ရွက်တာဆိုတော့ ပိုပြီးတော့လည်း ဝမ်းသာပါတယ်။ ပိုပြီးတော့လည်း ကျေနပ်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ ရေမကြီးတော့ နေရတာ၊ သွားရတာ၊ ကျောင်းတက်ရတာ၊ ရုံးတက်ရတာတွေ အဆင်ပြေတာပေါ့။ ဒီဒုက္ခတွေ မခံစားရတော့ ပြည်သူတွေ ပျော်ရွှင်တာပေါ့”ဟု ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ဦးကျော်အေးက ပြောပြခဲ့သည်။

(သတင်းစဉ်)

ကျောဖုံးမှ

လေ့ကျင့်ပြင်ဆင်ချိန် ရက်ပိုင်းသာရှိသေးသော်လည်း မြန်မာယူ-၁၉ အသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အာရှထိပ်သီး ဂျပန်အသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းမှာ အတောင့်တင်းဆုံး လူစာရင်းဖြင့်ပွဲထွက်လာခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ၂၁ မိနစ်တွင်မောင်မောင်စိုးက သွင်းယူပေးခဲ့သည်။ ဂျပန်ယူ-၁၉ အသင်းမှာ ထင်သလောက်ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ဘဲ မြန်မာနောက်တန်းကိုကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပေ။

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မဟာသင်္ကြန်ပွဲ ရုံးပိတ်ရက်ကာလ ခုနစ်ရက်တရားစခန်းဖွင့်လှစ်

နေပြည်တော် ဧပြီ ၁၀

၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရုံးပိတ်ရက်ကာလအတွင်း နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံကျေးရွာများမှ ပြည်သူများ ဝိပဿနာတရားတော်များကို စိတ်အားချမ်းသာစွာ ကျင့်ကြံအားထုတ်နိုင်ရန်အတွက် သတ္တမအကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သတ္တသတ္တာဟ တရားစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တရားစခန်းဝင် အမျိုးသား၊ အမျိုးသမီးယောဂီများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

သတ္တသတ္တာဟ ခုနစ်ရက်တရားစခန်းအား ယနေ့မှစတင်၍ ရန်ကုန်မြို့ရှိ ကလေးဝတောရကျောင်းတိုက်၊ ပျဉ်းမနားမြို့ရှိ လယ်တီစံကျောင်းတိုက်နှင့် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်တို့မှ တရားပြဆရာတော်များက လယ်တီ ဝိပဿနာတရားတော်များ ဟောကြားပြသတော်မူကြမည်ဖြစ်ပြီး တရားစခန်းသို့ နေပြည်တော်ရှိ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ဒေသခံကျေးရွာများမှ ယောဂီ ၂၀၀ ဝင်ရောက်တရားအားထုတ်ကြသည်။

ကျင့်ကြံအားထုတ်

သတ္တသတ္တာဟ တရားစခန်းတွင် ပထမအကြိမ် လယ်တီဝိပဿနာတရားစခန်းကို ၂၀၁၂ ခုနှစ် ဧပြီလ သင်္ကြန်ကာလတွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး သတ္တမအကြိမ်တရားစခန်းအား ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိလည်းကောင်း၊ အဋ္ဌမအကြိမ်တရားစခန်းအား ဧပြီ ၁၇ ရက်မှ ၂၃ ရက်ထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ တရားစခန်းတစ်ကြိမ်ဖွင့်လှစ်ပါက ယောဂီ ၂၀၀ အတွက် လိုအပ်သော နေထိုင်စားသောက်ရေးများကို ဇမ္ဗူသီရိဖောင်ဒေးရှင်းနှင့် သာသနဟိတရေအသင်းတို့က ဦးဆောင်ပြီး စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယောဂီများ တရားအားထုတ်ရာ သာသနာ့ဗိမာန်တော်၊ ဆွမ်းစားဆောင်များအပြင် လေအေးပေးစက်ပါ နားနေဆောင်များ စီစဉ်ပေးထားပြီး တည်ထားကိုးကွယ်ပြီးဖြစ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးအား ကြည်ညိုဖူးမြော်ကာ စိတ်အေးချမ်းသာစွာဖြင့် ဝိပဿနာတရားတော်များကို ကျင့်ကြံအားထုတ်နိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပျော်ပျော်ပါးပါးလုပ်အားပေးကြမည်

ရေနံ့သာမောင်ကျော်ညွှန့်

မြန်မာ့လူမှုအဖွဲ့အစည်းတွင် **ငယ်စဉ်အခါ ပညာရှာ**ဟူ၍ ဆိုထုံးပြုထားသည်။ ဘိုးဘွားစဉ်ဆက်လက်ထက်မှသည် ယနေ့ထိတိုင်အောင် သုံးစွဲနေသော မြန်မာ့ဆိုရိုးစကားဖြစ်ပါသည်။ ငယ်စဉ်ကာလ ပညာသင်ယူရမည့်အရွယ်တွင် ပညာရှာရမည်ဖြစ်ကြောင်းကို သတိပေးလှုံ့ဆော်လျက်ရှိသော မြန်မာ့ဆိုရိုးစကားလည်းဖြစ်ပါသည်။ စာမတတ်၊ ပညာမတတ်ပါက ဆိုးကျိုးဆိုးပြစ်များကို ခံစားရမည်ဖြစ်ပြီး စာတတ်ပညာတတ်ပါက ကောင်းကျိုးချမ်းသာကို ခံစားရမည်ဖြစ်ကြောင်း လမ်းညွှန်သွန်သင်ဆိုဆုံးမသော မြန်မာ့ဆိုရိုးစကားများ အမြောက်အမြားရှိခဲ့ပါသည်။

ငယ်စဉ်ကာလစာသင်ယူရမည့်အချိန်တွင် အပတ်တကုတ်ကြိုးစားအားထုတ်သင်ယူရမည်ဖြစ်ကြောင်း အားပေးလှုံ့ဆော်တိုက်တွန်းသည့် မြန်မာ့ဆိုရိုးစကားမြောက်မြားစွာကို ရဟန်းရှင်လူအပေါင်းတို့က ဆိုထုံးပြုခဲ့ကြလေသည်။ ထိုမြန်မာ့ဆိုရိုးစကားဆိုထုံးများသည် ယနေ့ထိတိုင်အောင် ခေတ်မီနေဆဲ၊ အသုံးတည့်နေဆဲ ဆိုရိုးစကားများဖြစ်ပါသည်။ ယနေ့မျက်မှောက်ကာလတွင် **(ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ မိဘပြည်သူများ ဝိုင်းကူပေး)** ဟူသော လှုံ့ဆော်မှုထက် အစောဆုံးသော မြန်မာ့ဆိုရိုးစကားများကို မြန်မာ့လူမှုအဖွဲ့အစည်းအတွင်းရှိ မြန်မာစာပေသမိုင်းတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှ မြန်မာလူမျိုးတို့သည် **ငယ်စဉ်အခါ ပညာရှာ**ဟူသော မြန်မာ့ဆိုရိုးစကားနှင့်အတူ ကြီးပြင်းရှင်သန်လာခဲ့ရခြင်းဖြစ်ပါသည်။ ထိုသို့သော မြန်မာ့ဆိုရိုးစကားနှင့် ကြီးပြင်းရှင်သန်လာခဲ့ရသည့်မြန်မာလူမျိုးတို့သည် **စာနှင့်ပညာ**ကို လွန်စွာတန်ဖိုးထားမြတ်နိုးကြသူများဖြစ်ကြောင်း သိသာထင်ရှားလှသည်။ သို့ဖြင့် မြန်မာတို့၏ ကိုယ့်မင်းကိုယ့်ချင်းကာလ ကိုယ့်ရှင်ကိုယ့်ဘုရင်နှင့် ခန့်ညားထည်ဝါစွာ နေထိုင်ခဲ့ရစဉ်ကာလများ၌ လူတိုင်းနီးပါးစာတတ်ခဲ့ကြလေသည်။

ထိုသို့စာတတ်မြောက်မှုမြင့်မားသော လူမျိုးဖြစ်ကြောင်းကို အင်္ဂလိပ်ကော်မရှင်နာတစ်ဦးဖြစ်သည့် Mr.J.S.Furnivall ရေးသားသော OCTENNAIAL REPORT ON EDUCATION IN BURMA အစီရင်ခံစာတွင် လေ့လာတွေ့ရှိရပါသည်။ ထိုအစီရင်ခံစာတွင် A hundred years ago (1831) the first English Commissioner reported that almost everyone could read and write and, even if this report may have been touched with exaggeration, it is certain that the proportion of people who could read and write was then far higher than in England.ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထိုအစီရင်ခံစာကို အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်သည့် အင်္ဂလိပ်အရာရှိကြီးကလည်း ကောက်နုတ်သုံးသပ်ထားသည်ကို လေ့လာသိရှိရပါသည်။

အဆိုပါ အစီရင်ခံစာ၏ဆိုလိုရင်းကို အနက်ဖွင့်လိုက်ပါက **'ထိုစဉ်က မြန်မာတို့ လူတိုင်းလိုလို စာဖတ်စာရေးတတ်မြောက်ကြသည်။ သေချာသည့်အချက်တစ်ရပ်မှာ မြန်မာတို့၏ စာဖတ်စာရေးတတ်မြောက်မှုအနေအထားသည် အင်္ဂလန်နိုင်ငံသူနိုင်ငံသားတို့ထက်ပင် မြင့်မားသာလွန်နေပေသည်ဟူသောအချက်ဖြစ်ခြေသည်'** ဟူ၍ ဆိုနိုင်မည်ဖြစ်ပါသည်။ အဆိုပါသုံးသပ်ချက်နှင့်အညီ ဗြိတိသျှနယ်ချဲ့လက်အောက်မကျရောက်မီ မြန်မာမင်းများ အုပ်စိုးစဉ်ကာလ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၈၅ ရာခိုင်နှုန်းရှိကြောင်း လူထုပညာရေးမော်ကွန်းတွင် လေ့လာသိရှိခဲ့ရပါသည်။ ဗြိတိသျှနယ်ချဲ့လက်အောက်သို့နှစ်ပေါင်း ၁၀၀ နီးပါးခန့် ကျရောက်ခဲ့ရသော ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်သည့် ၁၉၄၈ ခုနှစ်၌ မြန်မာတို့၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၃၅ ရာခိုင်နှုန်းခန့်သာရှိနေသည်ကိုလည်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရပြန်ပါသည်။

မြန်မာလူမျိုးတို့သည်စာပေကိုလေးစားမြတ်နိုးတန်ဖိုးထားပြီး စာတတ်မြောက်မှုကိုလိုလားသူများဖြစ်ကြသောကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာတတ်မြောက်မှုလုပ်ငန်းကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်သူ ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်ဦးမော့တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ တစ်ဦးတစ်ယောက်၏ အားနည်းချက်ကိုဝိုင်းဝန်းဖြည့်ဆည်းပေးလိုသော စေတနာထက်သန်ကြသည့် မြန်မာလူမျိုးတို့သည် စာမတတ်သူကို စာတတ်သူတို့က ဝိုင်းဝန်းကူညီအားပေးပြီးသင်ကြားကြသည်။ စာမတတ်သူလူတစ်စုအတွက် လူထုအင်အားလှုပ်ရှားမှုအသွင်ဖြင့် တစ်ခဲနက်ဆောင်ရွက်ကြသည်။ စာမတတ်သေးသူများအား စာတတ်အောင် သင်ကြားပေးလိုသော ပညာဒါနလုပ်အားစေတနာရှင်များ အလျှိုလျှိုပေါ်ပေါက်လာသည်။ တဖြည်းဖြည်းနှင့် **စာမတတ်သူပပျောက်ရေး စာတတ်သူတိုင်းဝိုင်းကူပေး**ဟု ကြွေးကြော်သံများသည် နိုင်ငံတစ်ဝန်းလုံးသို့ ဖုံးလွှမ်းသွားသည်။ လူထုလုပ်အားဖြင့် လှုပ်ရှားဆောင်ရွက်မှုထုထည်သည်လည်း ကြီးမားတောင့်တင်းသည်ထက် ကြီးမားတောင့်တင်းလာသည်။ ထို့ကြောင့် စာမတတ်သူများ လျော့ပါးသွားပြီး စာတတ်သူများ တိုးပွားလာခဲ့ရပေသည်။

စာတတ်မြောက်ရေးလုပ်ငန်းကို တစ်ခဲနက်ကြိုးပမ်းဆောင်ရွက်နေကြသော ကျွန်ုပ်တို့မြန်မာနိုင်ငံ၏စာတတ်မြောက်ရေးလုပ်ငန်းကို ကမ္ဘာပေါ်ကပါ ချီးကျူးဂုဏ်ပြုလာကြသည်။ ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော **မိုဟာမက်ရီဇာပါလာဗီ**ဆုနှင့် ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော **နိုမာ**ဆုတို့ကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်းသည် ပျောက်ပြယ်မသွားနိုင်သည့် မြန်မာတို့၏စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှုသမိုင်းမှတ်တိုင်သက်သေများပင်ဖြစ်ပါသည်။

စာတတ်မြောက်ရေးလုပ်ငန်းကို ဆက်လက်အရှိန်မြှင့်ပြီး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၂၀၁၃ ခုနှစ်တွင် ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ တိုးတက်မြင့်မားလာရခြင်း၏ အကြောင်းအရင်းကို လေ့လာဆန်းစစ်ကြည့်ပါက ကျောင်းပညာရေးနှင့်ကျောင်းပြင်ပပညာရေးကို ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သောကြောင့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

လူတိုင်းစာတတ်မြောက်ရေးဟူသည့်မဟာဗျူဟာကို တားဆီးကာကွယ်ခြင်း နည်းဗျူဟာနှင့် ကုစားကုသခြင်းနည်းဗျူဟာနှစ်ရပ်ပေါင်းစပ်ပြီး ဆောင်ရွက်နိုင်သောကြောင့်ဟုလည်း ဆိုရမည်ဖြစ်ပါသည်။ တားဆီးကာကွယ်ခြင်းနည်းဗျူဟာကို ကျောင်းပညာရေးလမ်းကြောင်းဖြင့် အကောင်အထည်ဖော်ပေးနိုင်ခဲ့ပြီး ကုစားကုသခြင်းနည်းဗျူဟာကို ကျောင်းပြင်ပပညာရေးလမ်းကြောင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

■ မြန်မာလူမျိုးတို့သည် စာပေကို လေးစားမြတ်နိုးတန်ဖိုးထားပြီး စာတတ်မြောက်မှုကို လိုလားသူများဖြစ်ကြသောကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာတတ်မြောက်မှု လုပ်ငန်းကို အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါသည် . . .

ယနေ့ကာလ ကျောင်းနေအရွယ်ကလေးများသည် အနာဂတ်ကာလတွင် လူကြီးများဖြစ်လာကြပေမည်။ ထိုကလေးတို့ကို အခြေခံပညာပြီးမြောက်အောင် သင်ကြားပေးနိုင်ခြင်းဖြင့် ကျောင်းနေအရွယ်တွင် စာမတတ်သူလျော့ပါးလာမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာပြီးမြောက်အောင်သင်ယူနိုင်ရန်အတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းကို ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော ဝိုင်းဝန်းကူညီအားပေးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သောကြောင့် ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာကို ပြီးမြောက်အောင်သင်ယူခွင့် အခွင့်အလမ်းရရှိလာခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေကြရရှာသည့် ကျောင်းနေအရွယ်ကလေးများကို ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများအားလုံးနီးပါး အခြေခံပညာကို သင်ယူခွင့်ရရှိနိုင်ခဲ့သောကြောင့် ကျောင်းနေအရွယ်စာမတတ်သူဦးရေသည် တစ်နှစ်ထက်တစ်နှစ် လျော့ပါးလာခဲ့ရခြင်းဖြစ်သည်။ ကျောင်းနေအရွယ်စာမတတ်သူများကို တစ်ယောက်မကျန်အောင် ကောက်သင်းကောက်ပြီး ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ခဲ့သောကြောင့် ကျောင်းနေအရွယ်စာမတတ်သူများ လျော့ပါးလာပြီး စာတတ်သူဦးရေတိုးတက်မြင့်မားလာခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် လူတိုင်းစာတတ်မြောက်ရေးဦးတည်ချက်ဖြင့် ကျောင်းပညာရေးကို တိုးမြှင့်ဆောင်ရွက်ပေးနေပြီဖြစ်သည့်နည်းတူ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းကိုလည်း အရှိန်အဟုန်ဖြင့်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်က နွေရာသီအခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်းကိုးမြို့နယ်သို့ လုပ်အားပေးတက္ကသိုလ်ကျောင်းသားကျောင်းသူများသွားရောက်ကာ ဒေသခံလုပ်အားပေးများနှင့်အတူပူးပေါင်းပြီး သင်ကြားပေးနိုင်ခဲ့ပါသည်။ ယခု ၂၀၁၄ ခုနှစ် နွေရာသီ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့တို့က အဆိုပြုတင်ပြလာသော မြို့နယ်ပေါင်း ၂၉ မြို့နယ်မှရပ်ကွက်၊ ကျေးရွာပေါင်း ၁၁၆၃ ရွာရှိ အခြေခံစာတတ်မြောက်ရေးသင်ယူမည့်သူ ၄၆၄၇၉ ဦးတို့အား စာသင်ဝိုင်း ၄၄၄၇ ဝိုင်းဖွဲ့ကာ တက္ကသိုလ်၃၀မှ ဆရာ ဆရာမ ၄၀၃ ဦးတို့ကြီးကြပ်လျက် လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦးနှင့် ဒေသခံလုပ်အားပေးများပူးပေါင်းပြီး ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်ပညာရေးဝန်ကြီးဌာနတို့သည် သင်ယူသူများနှင့် ဒေသခံများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ စာသင်သားတစ်ဦးချင်းစီအတွက် လိုအပ်မည့် စာရေးကိရိယာများနှင့်စာသင်သားကိုင်စာအုပ်စာတမ်းများကို အခမဲ့ဖြန့်ဝေပေးထားသည့်အပြင် လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူဆရာ ဆရာမများ၏ သွားရေးလာရေး၊ စားသောက်ရေးကိစ္စများအတွက် လုံလောက်အောင်ဖြည့်ဆည်းပံ့ပိုးပေးထားခဲ့ပါသည်။ ကျောင်းနေအရွယ်လွန် အခြေခံစာမတတ်မြောက်သေးသူများကို အခြေခံစာတတ်မြောက်အောင်သင်ကြားပေးပြီးနောက် တတ်မြောက်ပြီးအခြေခံစာများကို မေ့လျော့မသွားစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်နေပါသည်။

လူတိုင်းစာတတ်မြောက်ပြီး ဆက်လက်ဖတ်ရှုလေ့လာရှာဖွေမှတ်သားခြင်းဖြင့် အစဉ်လေ့လာသင်ယူသောလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်နွေရာသီအခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် သင်ယူလိုသူတို့၏ ဆန္ဒအစစ်အမှန်ဖြစ်သောစာတတ်မြောက်လိုမှုကို ပညာရေးဝန်ကြီးဌာနနှင့်အတူ စေတနာအပြည့်အဝဖြင့် လုပ်အားပေးလိုကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဝိုင်းဝန်းကူညီအားပေးကြသည့် ဒေသခံလုပ်အားပေးများ၊ ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများ၏ ပညာဒါနလုပ်အားအလှူသည်ကား မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါဘိသတည်း။ ။

ပြည်တွင်းသတင်း

မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် မေ ၁၀

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့်အတူ မေ ၉ ရက် နံနက် ၁၀ နာရီတွင် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနရုံး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ၊ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန အကြီးအကဲ Mr.Wang Jiarui နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ၊ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနအကြီးအကဲ Mr.Wang Jiarui နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် China National Petroleum Corporation သို့ ရောက်ရှိရာ CNPC ဥက္ကဋ္ဌ Mr.Liao Yongyuan က CNPC ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် CNPC ကုမ္ပဏီအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် CNPC ကုမ္ပဏီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဖူးမြော်ကြည်ညို

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် Ling Guang Si Temple၊ ဗုဒ္ဓမြတ်စွယ်တော်တိုက်သို့ ရောက်ရှိပြီး ဗုဒ္ဓမြတ်စွယ်တော်တိုက် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်တိုက်ဆရာတော်နှင့် ဘုန်းတော်ကြီးများက ဆုတောင်းမေတ္တာပို့သကြသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးရုပ်မြင်သံကြားထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ပညာရေးရုပ်မြင်သံကြားထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၀

ပညာရေးရုပ်မြင်သံကြား ထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပညာရေးရုပ်မြင်သံကြား ထုတ်လွှင့်ရေးအတွက် ပဏာမ အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော် ဟိုတယ်ဇုန်နှင့်ပတ်ဝန်းကျင်သင်္ကြန်မဏ္ဍပ်များ ရေကစားရန် အသင့်ဖြစ်နေ

နေပြည်တော် မေ ၁၀

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် နေပြည်တော်တွင် မဏ္ဍပ်ကြီးများကို ဟိုတယ်ဇုန်တွင် အခိုင်အမာ တည်ဆောက်ပြီးစီးလျက်ရှိသည်။

ဖျော်ဖြေပေးမည်

ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မဏ္ဍပ်အလိုက် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များဖြင့်လည်း ဧည့်ခံဖျော်ဖြေသွားမှာဖြစ်ပြီး နေပြည်တော် Sky Net သင်္ကြန်မဏ္ဍပ်တွင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် စိုးပြည့်သဇင်နှင့်အတူ L ဆိုင်းဇီ၊ချစ်သုဝေ၊ မိုးယုစံ၊ မေဆွိ၊ နေအောင်၊ ရဲအောင်၊ မေသန်းနု၊ မင်းမော်ကွန်း၊ ဇင်ဝိုင်းတို့နှင့်အတူ အနုပညာရှင် ၂၀ ခန့် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မဟာသင်္ကြန်ကာလအတွင်း ကွမ်းတောင် – ပုဏ္ဏားကျွန်း – ယိုးတရုတ် – ကျောက်တော် ရထားပြေးဆွဲမှုခေတ္တရပ်နားမည်

စစ်တွေ မေ ၁၀

ရခိုင်ပြည်နယ်တွင် ဖောက်လုပ်လျက်ရှိသည့် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း စီမံကိန်း၏ လမ်းပိုင်းတစ်ခုဖြစ်သည့် ကွမ်းတောင်- ပုဏ္ဏားကျွန်း- ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းတွင် ပြေးဆွဲပေးလျက်ရှိသည့် RBE ရထားများ သင်္ကြန်ကာလအတွင်း ခေတ္တရပ်နားမည်ဖြစ်ကြောင်း သိရသည်။

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်-ကျောက်တော်သို့ အစုန်၊ အဆန် ပြေးဆွဲပေးလျက်ရှိသည့် RBE ရထားများအနေဖြင့် မေ ၁၄ ရက်မှ ၁၆ ရက်အထိ ရပ်နားထားမည်ဖြစ်ကာ မေ ၁၇ ရက်မှစ၍ ခရီးစဉ်များကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လက်ရှိ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်းတွင် ရထားနှစ်စင်းဖြင့် တစ်နေ့ လေးကြိမ် ပြေးဆွဲပေးလျက်ရှိပြီး ခရီးရှည်မိုင် ၂၂ ဒသမ ၇၂ မိုင်ရှိသော ကွမ်းတောင်- ယိုးတရုတ်လမ်းပိုင်းကို ၂၀၁၀ ပြည့်နှစ် မေ ၁၅ ရက်က လည်းကောင်း၊ ခရီးရှည်မိုင် ၁၉ ဒသမ ၈၂ မိုင်ရှိသော ယိုးတရုတ်-ကျောက်တော်လမ်းပိုင်းကို ၂၀၁၁ခုနှစ် မေ ၁၀ ရက်ကလည်းကောင်း ဖွင့်လှစ်၍ RBE ရထားများပြေးဆွဲပေးလျက်ရှိပြီး ဒေသခံပြည်သူများ ခရီးစရိတ်သက်သာစွာဖြင့် ခရီးသွားလာမှုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြိုလှုပ်ရှားမှု ပုံရိပ်များ

မေ ၁၀ ရက်က သင်္ကြန်ရေကစားမဏ္ဍပ်များတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကျင်းပမည့် ယိမ်းအကဇာတ်ပါမဏ္ဍပ်ကြီးနှင့် ရခိုင်ရိုးရာရေလောင်းမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များကို စစ်တွေမြို့လမ်းမကြီးလမ်းရှိ ဦးဥတ္တမပန်းခြံရှေ့၌ တည်ဆောက်လျက်ရှိစဉ်။ (ပြည်နယ် ပြန်/ဆက်)

မြို့တော်ဝန်ဇာတ်ပါမဏ္ဍပ်နှင့် နေပြည်တော်ဟိုတယ်ဇုန်၌ မဏ္ဍပ်များတွင် ဖျော်ဖြေတင်ဆက်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပျိုပြုများ မေ ၁၀ ရက်က ကြိုတင်ပြင်ဆင်လေ့ကျင့်နေစဉ်။ သူဇာလှိုင်(စက်မှု)

မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ယိမ်းအကများကို လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗထူးခန်းမ၌ နေ့စဉ်အကတိုက် လေ့ကျင့်ပြင်ဆင်နေစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် ပါဝင်ယှဉ်ပြိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာန မူကြိုကျောင်းအမှတ်(၄) မှ ရင်သွေးငယ်များအား မေ ၇ ရက်က နည်းပြဆရာမ ဒေါ်သိန်းသိန်းကြည်နှင့် အဖွဲ့က ဝတ်စုံဖြင့် လေ့ကျင့်ပေးနေစဉ်။ အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပြည်တွင်းသတင်း

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုပိုမိုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် မေ ၁၀

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘင်္ဂလားဒေ့ရှ်တပ်မတော် Armed Forces Division မှ Principal Staff Officer Lieutenant General Abu Belal Muhammad Shafiul Huq,ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် တပ်မတော် Armed Forces Division မှ Principal Staff Officer နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး၊ စစ်သံဆက်ဆံရေး နှစ်ရပ်လုံးရှိပြီး မြေပြင်၊ ရေပြင်၊ ဝေဟင်နယ်နိမိတ် သုံးခုစလုံး ထိဆက်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ခြင်းကြောင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုပိုမိုမြှင့်တင်ရေး၊ တပ်မတော် (ကြည်း၊ရေ၊ လေ) ချစ်ကြည်ရေး ခရီးစဉ်များအပြန်အလှန်သွားလာရေး၊ လေ့ကျင့်ရေးအပါအဝင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်စုံများတွင် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ခိုအောင်းနေသည့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသော လက်နက်ကိုင်အဖွဲ့များအား ရှင်းလင်းသွားရန်နှင့် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ် တပ်မတော် Armed Forces Division မှ Principal Staff Officer Lieutenant General Abu Belal Muhammad Shafiul Huq,ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

✳ *ကျောဖုံးမှ*

အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လက်ခံကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ အစည်းအဝေးများ၏ အားနည်းချက်၊ အားသာချက်များကို ရယူ၍ အသုံးချပြီး (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အကောင်းမွန်ဆုံးနှင့်ချောချောမွေ့မွေ့ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အာဆီယံထိပ်သီးအစည်းအဝေးများသည် အာဆီယံ၏ ရည်မှန်းချက်များ လက်တွေ့ကျကျအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဓိကကျသည့်ကိစ္စများ၊ အသင်းဝင်နိုင်ငံများ၏ အကျိုးစီးပွားအတွက် အရေးကြီးသည့်ကိစ္စများနှင့်ပတ်သက်ပြီး မူဝါဒပိုင်းဆိုင်ရာလမ်းညွှန်ဆုံးဖြတ်ပေးရမည့် အစည်းအဝေးကြီးဖြစ်သည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အနှစ်သာရရှိသည့် အစည်းအဝေးတစ်ရပ်ဖြစ်သည့်အပြင် အိမ်ရှင်နိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အလွန်အရေးပါသည့်အစည်းအဝေးတစ်ရပ်လည်းဖြစ်ပါကြောင်း။

ထို့ပြင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသည် မြန်မာနိုင်ငံ၏ အာဆီယံသက်တမ်း (၁၇) နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် ပိုပြီးအရေးကြီးပါကြောင်း၊ အစည်းအဝေးတွင် လိုအပ်ချက်၊ ဟာကွက်များမရှိဘဲ အာဆီယံဒေသတွင်းနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုရန်နှင့် အာဆီယံလှုပ်ရှားမှုအားလုံးကို တည်ဆဲသံတမန်ရေးရာ ထုံးတမ်းစဉ်လာ၊ အလေ့အထများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ အိမ်ရှင်ကောင်းပီသစွာ ဧည့်ဝတ်ကျေပွန်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပြင်ဆင်ဆောင်ရွက်သည့်အခါတွင် ဘာသာရပ်ပိုင်းဆိုင်ရာကိစ္စများအပြင် အစည်းအဝေးကျင်းပနိုင်ရေး စီမံခန့်ခွဲမှုပိုင်းတွင်ပါ ပိုင်ပိုင်နိုင်နိုင်စီစဉ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ဘာသာရပ်ပိုင်းနှင့်ပတ်သက်ပြီး အစည်းအဝေးတွင် ဆွေးနွေးမည့် အကြောင်းအရာများ၊ ထုတ်ပြန်ရန်ရှိသည့်ကြေညာချက်များ၊ လုပ်ငန်းအစီအစဉ်များကို ပြင်ဆင်ရေးဆွဲနေသည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးစေလိုပါကြောင်း၊ ထို့ပြင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် အာဆီယံ၏မဏ္ဍိုင်သုံးရပ်မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ညှိနှိုင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ပိုင်းနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထား၍ရသမျှ ပြင်ဆင်ထားပြီး ဧပြီလအတွင်း အပြီးသတ်နိုင်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် အရေးပေါ်ကိစ္စများသို့မဟုတ် အာဆီယံကိုထိခိုက်စေသည့် အကျပ်အတည်းအခြေအနေများ ပေါ်ပေါက်လာပါက ကြားဝင်ဆောင်ရွက်ပေးနိုင်ရေးနှင့် အချိန်မီထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးကိုလည်း ကြိုတင်ထည့်သွင်းစဉ်းစားပြီး အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

ယခင်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးမှုများ၊ အကောင်အထည်ဖော်ရန်ကျန်ရှိနေမှုများကို အပြီးသတ်ညှိနှိုင်းဆွေးနွေးမှုပြုလုပ်လိုပါကြောင်း၊ အချိန်ကာလအလိုက် အသေးအဖွဲ အနားသတ် ပြင်ဆင်ရန်လိုသည်မှလွဲ၍ ကျန်သည့်သတ်မှတ်လုပ်ငန်းတာဝန်များနှင့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို တစ်စုတစ်စည်းတည်းတင်ပြရန်လိုအပ်ပါကြောင်း၊ သို့မှသာ ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှု မည်မျှခိုင်မာအခြေကျနေပြီး မည်သည့်အခြေအနေအထိ ပြီးနေပြီဆိုသည်ကို သုံးသပ်နိုင်မည်ဖြစ်ပြီး လိုအပ်ချက်များကိုလည်း အမြန်ဆုံးအဖြေရှာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတဦးဆောင်သည့် အစည်းအဝေးတစ်ရပ်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အာဆီယံထိပ်သီးအစည်းအဝေးများလက်ခံကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကိုလည်း တရားဝင်အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မကြာမီ အပြီးသတ်ဇာတ်တိုက်လေ့ကျင့်မှုများ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေးပြင်ဆင်ထားရှိမှုများအပေါ် ကွင်းဆင်းလေ့လာရန်ရှိပါကြောင်း၊ ကွင်းဆင်းလေ့လာသည့်အခါ(၂၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များကို အမှန်တကယ်ပေးအပ်မည့် ဝန်ဆောင်မှု၊ အသုံးအဆောင်၊ အပြင်အဆင်များနှင့်ဆောင်ရွက်မည့် အစီအစဉ်များအားလုံးကို အပြီးသတ်ဖြစ်ရန်လိုအပ်ပါကြောင်း။

ယခုဆိုလျှင် လုပ်ငန်းအကြိုပြင်ဆင်မှုကာလကျော်လွန်ခဲ့ပြီး ပြင်ဆင်ထားရှိမှုများအားလုံးကို အစီအစဉ်တကျစုစည်းပြီး ဇာတ်တိုက်လေ့ကျင့်မှုများကို ဧပြီလကုန်နှင့် မေလပထမပတ်အတွင်း အပြီးသတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များအနေဖြင့် မိမိတို့၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုများဖြင့် အာဆီယံထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာလက်ခံကျင်းပနိုင်ပြီး မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ၂၀၁၄ ခုနှစ် မေလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်း ရှင်းဗဟိုဌာနတွင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ လက်ခံကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ စီစဉ်ထားရှိမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီးပွားရေးမဏ္ဍိုင်အောက်တွင် ဆွေးနွေးမည့်ကိစ္စရပ်များ၊ အာဆီယံစီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးဆိုင်ရာကိစ္စရပ်များ၊ ကျင်းပပြီးစီးခဲ့သည့်အစည်းအဝေးများမှ တင်ပြချက်၊ ဆွေးနွေးချက်၊ စီးပွားရေးမဏ္ဍိုင်မှ ဦးစားပေးဆောင်ရွက်မည့် သဘောတူချက်ဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန်းဆွေက အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဝန်ကြီးများအဆင့်အစည်းအဝေးများ ကျင်းပပြီးစီးခဲ့မှုနှင့် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အစည်းအဝေးများ ဆက်လက်ကျင်းပရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်မည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက မိမိတို့နိုင်ငံအနေဖြင့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်သည့်အတွက် ကျင်းပပြီးစီးခဲ့သော ဘင်းမ်စတက်အစည်းအဝေးနှင့် အာဆီယံအစည်းအဝေးများမှရရှိသည့် အတွေ့အကြုံများကို အခြေခံ၍ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာများကို သက်ဆိုင်ရာကော်မတီများအလိုက် ပြည့်စုံအောင်ဆောင်ရွက်ထားရှိရန် အထူးအရေးကြီးပါကြောင်း၊ ထို့ပြင် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များအနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

နမ့်ခမ်းမြို့၌ လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်

နမ့်ခမ်း မေ ၁၀

ခိုလုံလီရှောတိုင်းရင်းသားတို့ စုဝေးနေထိုင်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် ပန်းဆေးဒေသတွင် မတ် ၃၁ ရက်က အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်နှင့်အတူ ပန်းဆေးဒေသအတွင်း ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်စေရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် ဘိန်းအစားထိုးမှ နှစ်ရှည်ပင်သစ်ကြားသီးစိုက်ခင်းနှင့်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးထားသော လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးရုံတို့ကို ကြည့်ရှုအားပေးပြီး နံနက် ၁၁ နာရီတွင် နမ့်ခမ်းမြို့ လွှတ်တော်ကိုယ်စားလှယ်ရုံးဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။ **(ဝဲပုံ)**

သိန်းဇော်(ရွှေလီဦး)

မော်လမြိုင်မဟာသင်္ကြန်ပွဲတော် ရိုးရာမပျက်ကျင်းပမည်

မော်လမြိုင် မေ ၁၀

၁၃၇၅ ခုနှစ် မော်လမြိုင်မြို့မဟာသင်္ကြန်ပွဲတော်ရိုးရာမပျက်စည်ကားစွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိသည်။ မော်လမြိုင်သင်္ကြန်အတွက် ရေကစားမဏ္ဍပ်များမှာ ကမ်းနားလမ်းတွင်အများဆုံးတွေ့ရသည်။

မော်လမြိုင်မြို့ဗဟိုရေကစားမဏ္ဍပ်ကိုကမ်းနားလမ်းရှိ ကာစတန်ရုံးဝင်းအနောက်ဘက်၊အရှေ့ဘက်မျက်နှာလှည့်၍ အလှပြနှင့် ရေကစားမဏ္ဍပ် ဖျော်ဖြေရေး၊ ဧည့်ခံနားနေဆောင်များဖြင့် ကမ်းနားလမ်းတွင်ရေကစားမဏ္ဍပ် ၁၀ ခုရှိသည်။ မော်လမြိုင်နှင့်မုဒုံကြားရိုးရိုးရေကစားမဏ္ဍပ်ရခိုင်ကုန်ရှေ့ အလှပြနှင့် ရေကစားမဏ္ဍပ်ဖျော်ဖြေရေးမဏ္ဍပ်စုစုပေါင်း လေးခုရှိသည်။

မော်လမြိုင်မဟာသင်္ကြန်ကာလတွင် အမျိုးသမီးများအနေဖြင့် ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် အဝတ်အစားမျိုးကိုသာ ဝတ်ဆင်စေလိုကြောင်း၊ ယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့်သရုပ်ပျက်ဝတ်ဆင်မှုများကို တားမြစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါရေကစားမဏ္ဍပ်ကြီးများတည်ဆောက်မှုရာခိုင်နှုန်း ၉၀ ပြီးစီးနေပြီဖြစ်သည်။ မော်လမြိုင်မြို့ခံလူငယ်များကလည်း သင်္ကြန်သီချင်းအသစ်များဖြင့် လှည့်လည်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(၁၀၈)

ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ထားဝယ်အကျဉ်းထောင်စစ်ဆေး

ထားဝယ် ဧပြီ ၁၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်ဝင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်သို့ ရောက်ရှိပြီး အကျဉ်းထောင်အတွင်းရှိ ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ (၆၈) နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် (၅/၂၀၁၃) အရ နှစ်ရှည်ထောင်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူများ၊ ပြစ်ဒဏ်ကျ အကျဉ်းသား / အကျဉ်းသူများ၊ အမှုစစ်ဆေးဆဲ အချုပ်သားများအား တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်းရှိ အကျဉ်သား/ အကျဉ်းသူများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှုရှိ/မရှိ၊ သန့်ရှင်းမှုရှိ/မရှိ၊ အာဟာရ သင့်တင့်မျှတမှု ရှိ/မရှိ၊ ကျန်းမာရေးပြည့်စုံမှုရှိ/မရှိ၊ ဆေးကုသရန် အခွင့်အရေးရှိ/ မရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေးရှိ/ မရှိ၊ အမျိုးသမီးအကျဉ်းသူများအား အကာအရံလုံခြုံစွာထားရှိခြင်းရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး(**ယာပုံ**) လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက အကျဉ်းထောင်အတွင်း စစ်ဆေးမှုမှတ်တမ်းများကို လည်းကောင်း၊ ဝန်ထမ်းများ သိရှိစေရန်လုံခြုံရေးစီမံချက်များကို လည်းကောင်း၊ အကျဉ်းထောင်အတွင်း အထူးရှာဖွေရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ အကျဉ်းသားအကျဉ်းသူများဆောင်ရွက်ထားရှိမှုအခြေအနေများအား လည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုတရားသူကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ရန်ကုန် ဧပြီ ၁၀

အပြည်ပြည်ဆိုင်ရာ ဗဟိုကုန်သွယ်မှုပြပွဲတက်ရောက်ရန် ငါးလုပ်ငန်းအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

Expolink Global Network Ltd ၏ ဖိတ်ကြားချက်အရ ဧပြီ ၈ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဗဟိုကုန်သွယ်မှုပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ မြန်မာနိုင်ငံငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌဒေါက်တာသက်မျုးတို့ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးတို့သည် ဧပြီ ၈ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူအားလုံးအား အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်သူများအဖြစ် ကျေးဇူးတင်ဂုဏ်ပြု

နေပြည်တော် ဧပြီ ၁၀

ပြည်လုံးကျွတ် သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်း၏(၉)ရက်မြောက်နေ့ဖြစ်သော ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက်၌ စာရင်းစစ်များက ဒေသခံပြည်သူများအား သန်းခေါင်စာရင်းမေးခွန်းများ မေးမြန်းကောက်ယူနေမှုကို ကြည့်ရှုအားပေးကာ ဘုရားဖူးလာပြည်သူများနှင့် ရပ်ကွက်နေပြည်သူအချို့အား သန်းခေါင်စာရင်း ကောက်ယူပြီးစီးမှုကို မေးမြန်းသည်။

ထို့နောက် အနောက်ရပ်ကွက် ကွပ်ကဲရေးရုံး၌ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ စာရင်းစစ် စာရင်းကောက်များအား တွေ့ဆုံကာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူအားလုံးအား အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်သူများအဖြစ် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ယခုမြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းသည် မကြာမီ ပြီးစီးတော့မည်ဖြစ်၍ စာရင်းဇယားများ မထပ်မကျန်စေရေးနှင့် အမှားအယွင်းမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တန်းမြို့ သီတာမြိုင်ရပ်ကွက်ရှိ ဂဏန်းများကမ္ဘာ့စက်မှုလက်မှုကုမ္ပဏီလီမိတက်သို့ သွားရောက်၍ စက်ရုံလုပ်သားများအား စာရင်းစစ် စာရင်းကောက်များက သန်းခေါင်စာရင်း မေးခွန်းများ မေးမြန်းကောက်ယူနေမှုကို ကြည့်ရှုအားပေးပြီးနောက် စက်ရုံဧည့်ခန်းမ၌ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့များနှင့် စာရင်းစစ် စာရင်းကောက်များကို တွေ့ဆုံကာ နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ကြိုးစားပမ်းစား ဆောင်ရွက်မှုများအပေါ် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် လုပ်ငန်းအခက်အခဲများရှိပါက တင်ပြကြရန် ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် သာကေတမြို့နယ် အမှတ်(၆) (အရှေ့) ရပ်ကွက်ရှိ သန်းခေါင်စာရင်း ကွပ်ကဲရေးရုံးသို့ သွားရောက်၍ စာရင်းစစ်၊ စာရင်းကောက် ဆရာမများက တစ်နေ့တာကောက်ယူနေမှုသန်းခေါင်စာရင်း မေးခွန်းများ မှတ်တမ်းပြုစုနေမှုကို ကြည့်ရှုအားပေးပြီး ကော်မတီဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ စာရင်းစစ် စာရင်းကောက်များအား သန်းခေါင်စာရင်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေရာဒေသအနှံ့အပြား၌ အားလုံးက တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရွှေနယားကုမ္ပဏီမှ ဦးအောင်ကိုဇော်က သန်းခေါင်စာရင်းလုပ်ငန်းဆောင်ရွက်နေကြသူများအတွက် အချိုရည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် စာရင်းစစ် စာရင်းကောက်များက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံအဖွဲ့၏ ဒေသဆိုင်ရာ ပေါင်းစည်းမှုနှင့်အတူ မိတ်ဖက်နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စုက အခိုင်အမာရပ်တည်သွားမည်

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော Assistant Secretary for East Asian & Pacific Affairs Mr.Daniel Russel သည် ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်သံရုံး၌ ယနေ့ ညနေ ၄ နာရီက မီဒီယာများနှင့် တွေ့ဆုံသည်။

Mr.Daniel Russelက မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မိမိသည် မြန်မာနိုင်ငံသို့ တတိယအကြိမ်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်အဖြစ် ယခင်အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် သမ္မတ ဘားရက်အိုဘားမားနှင့် လည်းကောင်း အတူလိုက်ပါကာ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကြောင်း။

မြန်မာနိုင်ငံသို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့၏ မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ မိမိသည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းအား တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်၌ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ပါကြောင်း၊ မိမိနှင့်အတူ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်ကလည်း ပါဝင်ဆွေးနွေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဖက်နိုင်ငံများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးကိစ္စကို အလေးအနက် ဆွေးနွေးခဲ့ကြပါကြောင်း။

မိမိသည် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ကုလသမဂ္ဂအေဂျင်စီများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံကာ အမြင်ချင်းဖလှယ်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်ပြည်သူများ၏ လူမှုရေးလိုအပ်ချက်များအတွက် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ မြန်မာအစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်းကာ မဟာဗျူဟာရေးဆွဲချမှတ်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

မိမိသည် ရန်ကုန်မြို့၌ရှိနေစဉ်အတွင်း နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးပါကြောင်း။

ယနေ့ နံနက်တွင် နေပြည်တော်သို့ သွားရောက်ခဲ့ပြီး အစိုးရအထက်တန်း တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ မိမိသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်လည်း တွေ့ဆုံခွင့်ရရှိခဲ့သဖြင့် အထူးဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏မိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်နေပါကြောင်း၊ အမေရိကန်နှင့်မြန်မာဆက်ဆံရေး ခိုင်မာတိုးတက်နေခြင်းအပေါ် တန်ဖိုးထားပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ်သို့ ဦးတည်သော ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ချမှတ်ဖော်ဆောင်နေခြင်းအတွက် အမေရိကန်နိုင်ငံက တတ်စွမ်းသမျှ အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ လွန်ခဲ့သည့် သုံးနှစ်မှစ၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့က ပြုပြင်ပြောင်းလဲရေးအစီအစဉ်အမျိုးမျိုးကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးခြေလှမ်းများကို အခိုင်အမာထောက်ခံအားပေးသည့်သာမက မိတ်ဖက်နိုင်ငံအဖြစ်လည်း ရပ်တည်ကာ အကူအညီများပေးသွားမည်ဖြစ်ကြောင်း။

အမေရိကန်ပြည်ထောင်စုသည် ဒီမိုကရေစီစနစ်ခိုင်မာတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားတိုးတက်လာစေရေးအတွက် ဆက်လက်အားပေးသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသို့ မိမိရောက်လာခြင်းမှာ မြန်မာ့မိတ်ဆွေများနှင့် တိုင်ပင်ဆွေးနွေးလို၍တစ်ကြောင်း၊ ၎င်းတို့၏အသံများကို နားထောင်လို၍တစ်ကြောင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးပြောဆိုခဲ့ကြပါကြောင်း။

ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရေးကိစ္စကို အလေးပေးဆွေးနွေးခဲ့ကြပါကြောင်း၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် မြန်မာအစိုးရအဖွဲ့တို့ ပူးပေါင်းပြီး လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများကို ပြည်သူများအတွက် ဖြည့်ဆည်းပေးနိုင်ရန် ဆွေးနွေးခဲ့ကြပါကြောင်း။

ရခိုင်ပြည်နယ်တွင် ပြည်သူတို့၏ လိုအပ်ချက်အရပ်ရပ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့က ထိထိရောက်ရောက် ကြိုးစားပမ်းစားအကောင်အထည်ဖော်နေသည်ကို တွေ့မြင်ရပါကြောင်း။

လူမှုရေးပဋိပက္ခများနှင့် တင်းမာမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် စုပေါင်းတားဆီးကာကွယ်ကြရန်လိုအပ်ပါကြောင်း၊ ပြဿနာ၏ ဇာစ်မြစ်ကိုသိရှိမှသာ အဖြေရှာနိုင်မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ရေတိုဖြေရှင်းချက်ရရှိရေးထက် ရေရှည်ဖြေရှင်းချက်ရရှိရန် အထူးပင်အရေး ကြီးပါကြောင်း၊ ဒေသဆိုင်ရာ ပဋိပက္ခ ပြဿနာ၏ရှုပ်ထွေးပုံကို အမေရိကန်အစိုးရက သိရှိနားလည်ပြီး စိန်ခေါ်မှုအများအပြား ရှိနေဆဲဖြစ်သည်ကိုလည်း နားလည်မိပါကြောင်း။

ဒေသဖွံ့ဖြိုးမှုရှိလာစေပြီး လုံခြုံရေးကောင်းမွန်ကာ တည်ငြိမ်အေးချမ်းသော ရပ်ရွာအဖြစ် တည်ရှိလာစေရေးအတွက် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် အရေးကြီးဆုံးအခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ လူမျိုးဘာသာ ကွဲပြားခြားနားလင့်ကစား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အဖြေရှာကြရမည် ဖြစ်ပါကြောင်း။

မိမိသည် နေပြည်တော်၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ ဆင်ဆာစနစ်ဖျက်သိမ်းခဲ့ပြီး စာနယ်ဇင်းလွတ်လပ်ခွင့်ပေးသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ချမှတ်ဖော်ဆောင်နေခြင်းမှာ မီဒီယာခေတ်သစ်သို့ ကူးပြောင်းဝင်ရောက်ခြင်းဖြစ်ပါကြောင်း။

မိမိတို့သည် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း၊ အမေရိကန်ပြည်ထောင်စုက ပြန်ကြားရေးဝန်ကြီးဌာနအား လူ့စွမ်းအားမြှင့်တင်ရေးအစီအစဉ်အရ အကူအညီများပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မီဒီယာဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာနယ်ဇင်း လွတ်လပ်ခွင့်ရှိရေးသည် အရေးကြီးပြီး သတင်းသမားများ လွတ်လပ်စွာနှင့်လုံခြုံစွာသတင်းရယူနိုင်ရေး အရေးကြီးပုံကိုလည်း ဆွေးနွေးခဲ့ပါကြောင်း။

မိမိသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်လည်း ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိရာ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍမှာ ဒေသဆိုင်ရာနိုင်ငံများအားလုံးအတွက်အရေးကြီးလှပါကြောင်း၊ စုစည်းညီညွတ်သော အာဆီယံအဖွဲ့ကြီးအဖြစ် အခိုင်အမာရပ်တည်နိုင်ရန် ခြေလှမ်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသ၏ အင်အား ခိုင်မာတောင့်တင်းမှုသည် အာရှနှင့် ပစိဖိတ်ဒေသနှင့်ချိတ်ဆက်ထားသော အမေရိကန်ပြည်ထောင်စုအတွက် အနာဂတ်ဘဝပင်ဖြစ်ပါကြောင်း။

အမေရိကန်သမ္မတ အိုဘားမားသည် အာဆီယံအဖွဲ့နှင့်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့၏ ဒေသဆိုင်ရာ ပေါင်းစည်းမှုနှင့်အတူ မိတ်ဖက်နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စုက အခိုင်အမာရပ်တည်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၏မေးမြန်းချက်များကို Mr.Daniel Russel ကပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ကျိုက်မရောမြို့နယ်အတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် မော်လမြိုင်တက္ကသိုလ်အရှေ့တိုင်းပညာဌာနမှ ကထိကဒေါ်လှလှရီ ဦးစီးပြီး တက္ကသိုလ်ဆရာ ဆရာမခုနစ်ဦး၊ ကျိုက်မရောမြို့အခြေခံပညာကျောင်းများမှ ဆရာမ ၃၃ ဦးတို့က ကျိုက်မရောမြို့နယ်အတွင်းရှိ ရန်မျိုးအောင်ရပ်ကွက်နှင့် ကျေးရွာ ၂၉ ရွာတို့တွင် ဧပြီ ၁ ရက်မှစ၍ နေ့စဉ်ညနေ ၆ နာရီမှ ည ၉ နာရီအထိ စာသင်ကြားပေးနေမှုကို တွေ့ရစဉ်။ (ပြည်နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ်၌ ကုလသမဂ္ဂနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ လုပ်ငန်းတာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ညှိနှိုင်းစည်းဝေး

စစ်တွေ ဧပြီ ၁၀

ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ လုပ်ငန်းတာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၀ ရက်နံနက်က ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းနှင့်အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာသော လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့် လုံခြုံရေးဆောင်ရွက်ပေးရေး၊ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး ကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများမှလည်း လိုအပ်ချက်များနှင့် မရှင်းလင်းသည်များကို ဆွေးနွေးမေးမြန်းခဲ့ရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စစ်တွေမြို့ပေါ်မှ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ပြည်နယ်အတွင်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဒေသခံတိုင်းရင်းသားများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသည့် မြို့မိမြို့ဖများကလည်း လိုအပ်ချက်များ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်း နွေရာသီသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၀

ကုက္ကိုင်းရေကူးအသင်း၏၂၀၁၄ ခုနှစ် ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲနှင့်အောင်လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၉ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါရေကူးကန်၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် ကုက္ကိုင်းရေကူးအသင်း ဒုတိယဥက္ကဋ္ဌ(၁)ဦးတောက်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးချိုမောင်က အမှာစကားပြောကြားသည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၁) ဦးတောက်ထွန်း၊ **(ယာပုံ)** အတွင်းရေးမှူး ဦးချိုမောင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များ၊ သင်တန်းဆရာများနှင့် ရေကူးပြိုင်ပွဲတွင် ဆုရရှိသူများအားဆုများ ချီးမြှင့်ကြသည်။

ဖိုးသော်ဇင်

နိုင်ငံအဝန်း

သစ်တောစွမ်းဖြင့်

စိမ်းလန်းစေရမည်

ထပ်မံထောက်လှမ်းရရှိသော အချက်ပေးသံများကြောင့် ပျောက်ဆုံးလေယာဉ် ရှာဖွေရေးအရှိန်မြင့်တက်လာ

ဘာသာပြန်-ကျော်သဲအိမ်

ပတ်သ် ဧပြီ ၁၀

တော်ဝင်ဩစတြေးလျလေတပ်မှ AP-3C Orion အမျိုးအစား လေယာဉ်တစ်စင်းသည် ဩစတြေးလျကာကွယ်ရေးသင်္ဘော "Ocean Shield" အနီးတစ်ဝိုက်၌ အသံလှိုင်းအချက်ပြမှုကဲ့သို့သော အချက်ပြမှုတစ်ခုကို ဧပြီ ၁၀ ရက်က ထောက်လှမ်းရရှိခဲ့ကြောင်း ရှာဖွေရေးအဖွဲ့များအား ညှိနှိုင်းကွပ်ကဲပေးရသူ ဩစတြေးလျအေဂျင်စီအကြီးအကဲ အက်ဂတ်ဟောက်စတန်က အတည်ပြုပြောကြားသည်။

အက်ဂတ်ဟောက်စတန်က ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပင်လယ်ပြင်အတွင်း ရှာဖွေမှုများပြုလုပ်စဉ် စနေနေ့နှင့်အင်္ဂါနေ့များက အသံလှိုင်း၊ အချက်ပြမှုလေးကြိမ် ထောက်လှမ်းရရှိခဲ့သည့် ဩစတြေးလျကာကွယ်ရေးသင်္ဘော "Ocean Shield" ၏ အနီးတစ်ဝိုက်၌ အဆိုပါအချက်ပြမှုကို AP-3C Orion အမျိုးအစားလေယာဉ်က ထောက်လှမ်းရရှိခဲ့ကြောင်း မတ် ၈ ရက်က ပျောက်ဆုံးသွားသော မလေးရှားလေယာဉ်နှင့် ပတ်သက်သော သတင်းစာ ရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။

ယင်းကဲ့သို့ မျှော်လင့်ချက်ထားရှိနိုင်သော အချက်ပြမှုထောက်လှမ်းရရှိခြင်းအပါအဝင် အသံလှိုင်းအချက်ပြမှု ထောက်လှမ်းရရှိခြင်း ငါးကြိမ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ရာ တာဝန်ရှိသူများ ယုံကြည်မှုတိုးပွားလာသည့်အပြင် ရှာဖွေနယ်နိမိတ်ကိုလည်း ၇၅၀၀၀ စတုရန်းကီလိုမီတာ မှ ၅၇၉၂၃ စတုရန်းကီလိုမီတာသို့ လျှော့ချရန် လုပ်ဆောင်နေကြပြီဖြစ်သည်။ ယခုရှာဖွေမှုများ ပြုလုပ်သည့် ရှာဖွေနယ်နိမိတ်မှာ ပတ်သ်မြို့ အနောက်မြောက်ဘက် ၂၂၈၀ ကီလိုမီတာခန့်တွင် ဖြစ်သည်။

အက်ဂတ်ဟောက်စတန်က ရှာဖွေနယ်နိမိတ် ကျဉ်းမြောင်းသွားသည်နှင့်အမျှ ရှာဖွေရေးသမားများအနေဖြင့် ယခုရက်ပိုင်းများအတွင်း တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိနိုင်ကြောင်း၊ အချက်ပြမှုများကို ဖမ်းယူထောက်လှမ်းရရှိခဲ့မှု အကြိမ်များလေ ရှာဖွေနယ်နိမိတ်ကျဉ်းလာလေဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပျောက်ဆုံးလေယာဉ်ပျက်ကျသည့်နေရာကို အတည်ပြုပြောကြားနိုင်သည့်တစ်စုံတစ်ခုကို မကြာမီ တွေ့ရှိတော့မည်ဟု မျှော်လင့်ရကြောင်း ဖွင့်ဟပြောကြားသည်။

ဧပြီ ၉ ရက်က ဩစတြေးလျသင်္ဘော "Ocean Shield" ထောက်လှမ်းရရှိခဲ့သည့် အချက်ပြမှုနှစ်ခုမှာ အားရကျေနပ်လောက်သော သဲလွန်စများဖြစ်ရာ ဧပြီ ၁၀ ရက်က ရှာဖွေရေး၌ လေယာဉ် ၁၄ စင်းနှင့် သင်္ဘော ၁၃ စင်းဖြင့် ရှာဖွေရေးအရှိန် မြင့်လာခဲ့ကြသည်။ ထို့ကြောင့်လည်း ပယ်လယ်ရေမျက်နှာပြင်ပေါ် ရှာဖွေရေးမှအပ ရေအောက်ရှာဖွေရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ဧပြီ ၁၀ ရက် ရေအောက်ရှာဖွေရေးတွင် သတ်မှတ်ရှာဖွေဧရိယာ၏ မြောက်ဘက်တွင် ဩစတြေးလျ သင်္ဘော "Ocean Shield" ဦးဆောင်သည့် သင်္ဘောများနှင့် သတ်မှတ်ရှာဖွေဧရိယာ၏ တောင်ဘက်တွင် တရုတ်သင်္ဘော Haixun 01 ဦးဆောင်သည့် သင်္ဘောများဖြင့် အင်တိုက်အားတိုက် ရှာဖွေမှုပြုလုပ်ခဲ့ကြသည်။

Black Box အသံထုတ်လွှင့်ကိရိယာ၏ ဘက်ထရီများ တဖြည်းဖြည်း အားကုန်လာမည်ဖြစ်ရာ ရှာဖွေရေးသမားများအနေဖြင့် ပျောက်ဆုံးလေယာဉ် ရှာဖွေရေးကို အသည်းအသန် ကြိုးပမ်းနေရသည်။ ဩစတြေးလျပို့ဆောင်ရေးလုံခြုံမှုအဖွဲ့၏ အကြီးအကဲဖြစ်သူ မာတင်ဒိုလင်က မိမိတို့ရှာဖွေရေးအဖွဲ့များအနေဖြင့် ခိုင်မာသော ရလဒ်တစ်ခုရရန် အလှမ်းဝေးနေဆဲဖြစ်ကြောင်း၊ သို့သော် ယခင်ကနှင့် နှိုင်းယှဉ်လျှင် အပြုသဘော ပို၍ဆောင်လာသည်ကို တွေ့ရကြောင်း မှတ်ချက်ပြုခဲ့သည်။

(ရိုက်တာ/ဆင်ဟွာ)

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန်လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့် လေ့ကျင့်ခန်းစာအုပ် အရည်အသွေး၊ အရေအတွက်နှင့်နေရာဒေသ

(က) **လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**

(၁) စာအုပ်အရွယ်အစား ၆.၂၅×၈.၂၅ လက်မ

(၂) လိုင်းအရေအတွက် ၂၂ လိုင်း(အနည်းဆုံး)

(၃) အဖုံးစက္ကူ ၁၈၀ gsm Duplex board(colour)

(၄) အတွင်းစက္ကူ ၆၀ gsm indo 1 K woodfree

(၅) စာမျက်နှာ ၈၀ pages

(ခ) **တင်ဒါပေးသွင်းရမည့်အရေအတွက်**

(၁) မြစ်ကြီးနားခရိုင် ၂၉၅၅၂.၄၆ ဒါဇင်

(၂) ဗန်းမော်ခရိုင် ၂၂၀၅၈.၅၂ ဒါဇင်

(၃) မိုးညှင်းခရိုင် ၃၁၈၅၆.၁၃ ဒါဇင်

(၄) ပူတာအိုခရိုင် ၇၂၂၆.၁၉ ဒါဇင်

စုစုပေါင်း ၉၀၆၉၃.၃ ဒါဇင်

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ၁၆:၀၀နာရီ

(ဃ) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်** - ၅-၅-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ

၃။ တင်ဒါပုံစံများကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၁၁-၄-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၉၅၂၀

(ခ) အတွင်းရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၉၅၄၁

(ဂ) ဒုတိယညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၉၅၄၄

(ဃ) လူမှုဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄

(င) ကချင်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနား ဖုန်း-၀၇၄-၂၂၄၁၆

ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ လူနေရွှေပေါက်ကံ(စက်မှု)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/၁၊ မြေကွက်အမှတ် ၂၀၃၊ မြေအကျယ်အဝန်း $\frac{၄၄}{၅၅}$ ပေ × $\frac{၆၂}{၆၄}$ ပေ၊ ၀ ဒသမ ၀၇၂၈ဧက၊ ၃၁၁၈ စတုရန်းပေရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းကြည် ၁၂/ဥကတ(နိုင်)၀၄၂၂၆၁၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်)၀၈၅၄၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်၊ စရန်ငွေပေးချေရန်ကမ်းလှမ်းထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ရွှေဇင်အိ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၃၀၆၄)
တိုက် ၃၉၀/၄၊ စက်မှု ၁ လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ တိုက်အမှတ် ၂၆၊ ဒုတိယထပ် (ခြေရင်းခန်း)ဟုခေါ်တွင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်သည့်အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ခင်နှင်းဝေ ၁၂/ကမတ(နိုင်)၀၁၆၀၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ်-၁၀/၁၂၊ ပထမထပ်(အေ-၅) ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဒီ၊ မြေကွက်အမှတ် ၄၆၈အမ်၊ ၇/၇-အေ/၉၊ မြေကွက်တည်နေရာအမှတ် ၉၆/၉၈၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ် (ဦးကျော်စိန်-ဒေါ်အုန်းစိန်) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေ၊ နှစ်ခြင်းမြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးကျော်စိန်-(မိခင်)ဒေါ်အုန်းစိန်၊ (သမီး)ဒေါ်စိန်စိန်မြင့် တို့အသီးသီး ကွယ်လွန်သဖြင့် ဦးလှမြင့် ၁၂/သဃက(နိုင်)၀၁၀၉၇၃၊ ဦးအောင်မြင့် ၁၂/ဗဟန(နိုင်)၀၂၈၆၁၉တို့က သားအရင်း/တရားဝင်(ခင်ပွန်း)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၂၄၁၊ ပေ(၄၀×၆၀)ရှိ မြေကွက်နှင့်ပတ်သက်သည့် စလစ်ပျောက်ဆုံးသွားပါသဖြင့် မူလပိုင်ရှင်မှ ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ခွဲတပ်ကြပ်ကြီးထိန်ဝင်း
ဖုန်း-၂၅၅၇၇၃၅၀၁

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လာဘ်ပေးလာဘ်ယူမှုများသည် အခွင့်ထူးခံစီးပွားရေးလုပ်ငန်းရှင်များနှင့် မမှန်မကန်ဖော်ပြသောမီဒီယာများကို ကြီးထွားလာစေနိုင်

လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်
သတင်းထုတ်ပြန်ကြေညာချက်

၁။ လာဘ်ပေးလာဘ်ယူမှုများကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုက်ဖျက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို နိုင်ငံတော်သမ္မတက ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၃)အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်နှင့် အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်စေရန်တို့ ဖြစ်ပါသည်။

၂။ အခွင့်အာဏာအလွဲသုံးစားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ တာဝန်ထမ်းဆောင်ရန် တမင်ပျက်ကွက်မှုတို့မှာ အဂတိလိုက်စားမှုများဖြစ်ပြီး လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးပေးရန် (သို့မဟုတ်)ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် ရည်ရွယ်ချက်ဖြင့် တံစိုးလက်ဆောင်ကို မိမိအတွက်ဖြစ်စေ၊ အခြားသူအတွက်ဖြစ်စေ ပေးခြင်း၊ လက်ခံရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့် ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းမှာ လာဘ်ပေးလာဘ်ယူမှုများပင် ဖြစ်ပါသည်။

၃။ လာဘ်ပေးလာဘ်ယူမှုများသည် အခွင့်ထူးခံစီးပွားရေးလုပ်ငန်းရှင်များနှင့် မမှန်မကန်ဖော်ပြသော မီဒီယာများကို ကြီးထွားလာစေနိုင်သည့်အပြင် ရွေးကောက်ပွဲများ၏ တရားမျှတမှုကိုလည်း ထိခိုက်စေနိုင်ပါသည်။

၄။ အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားနှင့် လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းရန် ဒုတိယသမ္မတတစ်ဦးက ဦးစီးသော လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီမှလည်းကောင်း၊ နိုင်ငံတော်သမ္မတထံသို့တိုင်ကြားသည့်ကိစ္စများကို နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးစီး၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ၎င်းထံတင်ပြလာသော တိုင်ကြားစာများကို စိစစ်၍လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၅။ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၆/၂၀၁၄ ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းသို့ ဖွဲ့စည်းပေးပြီးနောက် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ရုံးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက် အားကစားတည်းခိုရေးစခန်း အုပ်စု(၁)တွင် ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်နေ့မှ စတင်ဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၆။ လာဘ်ပေးလာဘ်ယူမှုများကို ကော်မရှင်အနေဖြင့် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် ပြည်သူများက တိုင်ကြားရာတွင် ခိုင်လုံသောအထောက်အထား၊ အရေးကြီးသော သက်သေခံချက်များပါရှိရန် လိုအပ်ပါသည်။

၇။ ခိုင်လုံသော အကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ တမင်တိုင်တန်းခြင်း ပြုလုပ်ပါက ဤဥပဒေအရ အရေးယူခံရမည်ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ စီမံအုပ်ချုပ်မှုဆိုင်ရာ အစိုးရဌာနများနှင့်သော်လည်းကောင်း၊ ပုဂ္ဂလိကစီးပွားလုပ်ငန်းဌာနများနှင့်သော်လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့်သော်လည်းကောင်း၊ အခြားသောအသင်း၊ အဖွဲ့အစည်း အရပ်ရပ်တို့နှင့်သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ကြရာတွင် အဆိုပါ အဂတိလိုက်စားမှုနှင့်လာဘ်ပေးလာဘ်ယူမှုများ ရှိနေခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိနေပါက အထောက်အထားအချက်အလက် ပြည့်စုံတိကျမှန်ကန်စွာဖြင့် ကော်မရှင်ဥက္ကဋ္ဌထံသို့လိပ်မူပြီး တိုင်ကြားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံတို့ကို ဖော်ပြလျက် အောက်ပါလိပ်စာအတိုင်း တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်
အုပ်စု(၁)
အားကစားတည်းခိုရေးစခန်း
ဝဏ္ဏသိဒ္ဓိရပ်ကွက်
နေပြည်တော်။

သင်္ကြန်ကာလအတွင်း ခရီးသည်တင် ဟိုင်းလပ်ယာဉ် ၁၇ လိုင်းမှ ယာဉ်အစီးရေ ၁၈၁ စီးဖြင့် ပြေးဆွဲပေးသွားမည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်မြို့တော်အတွင်း မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း ပြေးဆွဲရန် ဆန္ဒပြုထားကြသည့် ယာဉ်လိုင်းများရှိနေရာ ဧပြီ ၃၀ ရက်အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း တစ်လထပ်မံတိုးမြှင့်ပြေးဆွဲခွင့်ပြုထားသော ခရီးသည်တင် ဟိုင်းလပ်ယာဉ် အချို့မှလည်း ဝင်ရောက် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မထသ(ဗဟို) မှ သိရသည်။

အဆင်ပြေ

အဆိုပါ အတာသင်္ကြန်ကာလအတွင်း ပြေးဆွဲရန် ဆန္ဒပြုထားကြသော မထသ(ဗဟို) စီမံမှုအောက်ရှိ မြို့တွင်း၊ အဝေးပြေးယာဉ်လိုင်းများမှ ယာဉ်လိုင်းအရေအတွက် ၁၁၃ လိုင်းတွင် ယာဉ်အစီးရေ ၁၆၂၈ စီးဖြင့် မြို့တွင်း ပြေးဆွဲပေးမည်ဖြစ်ပြီး ခရီးသည်တင် ဟိုင်းလပ်ယာဉ် ၁၇ လိုင်းမှ ယာဉ်အစီးရေ ၁၈၁ စီးကလည်း ဝင်ရောက်ပြေးဆွဲပေးသွားမည်ဖြစ်ရာ ခရီးသည်များ အဆင်ပြေစေရေးအတွက် စုစုပေါင်း ယာဉ်လိုင်း အရေအတွက် ၁၃၀ မှ ယာဉ်အစီးရေ ၁၈၀၉ စီးဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စီမံဆောင်ရွက်ထား

သင်္ကြန်ကာလ ပြေးဆွဲသွားမည့် ခရီးသည်တင်ယာဉ်များနှင့် စပ်လျဉ်း၍ မထသ(ဗဟို)မှ အတွင်းရေးမှူး ဦးဘမြင့်က "သင်္ကြန်အတွင်း ပြေးဆွဲကြတဲ့ မည်သည့် ခရီးသည်တင်ယာဉ်မဆို လိုက်နာကြရမယ့် စည်းကမ်းသတ်မှတ်ချက်တွေရှိပါတယ်။ ဂိတ်ပိတ်၊ ဂိတ်ဖွင့် သတ်မှတ်ချက်၊ ယာဉ်လိုင်းများ လိုက်နာကြရမယ့် စည်းကမ်း(၆) ချက်၊ ပြေးဆွဲမယ့် ခရီးစဉ်အလိုက် (၆) ချက်နှင့် ယာဉ်လိုင်းအဖွဲ့အစည်းအလိုက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့လည်း ဖွဲ့ခိုင်းထားပါတယ်။ နောက်ပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေ လိုက်နာကြရမယ့် စည်းကမ်းတွေထဲမှာ အမိုးပေါ်တင်မောင်းခြင်း၊ ဘေးတွယ်စီးခြင်း၊ ယာဉ်စီးခပိုမိုတောင်းခံခြင်း အစရှိသဖြင့် (၁၃) ချက် သတ်မှတ်ထားရှိပါတယ်။ ကျွန်တော်တို့ မထသ(ဗဟို)မှ သင်္ကြန်ကာလအတွင်း တာဝန်မှူးကြီးတွေ ချထားမယ်၊ ခရီးသည်တွေကလည်း ဖြစ်စဉ်ထူးခြားတာနဲ့ မထသ(ဗဟို)ရဲ့ ဖုန်းနံပါတ်ကို တိုင်ကြားနိုင်ကြပါတယ်။ ဒီလိုတိုင်ကြားမှုတွေကိုလည်း ကျွန်တော်တို့က လက်ခံပါ့မယ်၊ ထူးခြားဖြစ်စဉ်များအတွက် လက်ခံဖြေရှင်းဖို့အဖွဲ့သီးခြားဖွဲ့ထားပါတယ်။ ဒီအရာတွေအားလုံးကို သင်္ကြန်ကာလမှာ မထသ(ဗဟို)က စီမံဆောင်ရွက်ထားရှိပါတယ်" ဟု ပြောကြားခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ
(စိုးဝင်း-SP)

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်(ခ/၁၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၆၀/ခ)၊ ရွှေဖူးမျှော်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့ နယ် (ဦးမောင်အေး၊ ဦးခင်မောင်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၄၇/ ၂၀၁၁ အနိုင်ဒီကရီ၊ တရားမဇာရီမှု အမှတ် ၁၅/ ၂၀၁၂နှင့် ဘီလစ်အရာရှိ ခန့်အပ်ကြောင်း အကြောင်းကြားစာနှင့် ဂရန်မူရင်းတင်ပြ၍ တရားရုံး (ဦးခင်မောင်)ကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်) ၀၂၉၅၃၁နှင့် ကျန်အမည်ပေါက် ဦးမောင်အေး P/RGN-၀၀၃၂၅၆တို့က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများ တင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှားပြင်ဆင်ဖတ်ရှုပေးပါရန်

၂၇-၃-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၁၄ တွင် ပါရှိသော ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာတွင် မြေတိုင်းရပ်ကွက်အမှတ် ၁/၁၄ အား (၁၄/၁)ဟု ပြန်လည်ပြင်ဆင်ဖတ်ရှုပေးပါရန်။

ဦးကျော်မင်းထွန်း
၁/မကတ(နိုင်)၀၀၀၇၂၀
ဖုန်း-၀၉-၅၅၀၀၄၄၅

သစ်ပင်စိုက်လျှင်
တို့ဝန်းကျင်
စိမ်းစိုလှပ
ကြည်နူးရ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄အီး[၃]၊ မြေကွက်အမှတ် ၅၆၈/၁၀+၁ဘီ၃၅၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၂)ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဒေါ်သန်းသန်းငွေ ၁၂/ကတတ(နိုင်)၀၀၃၀၆၆၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၃၇/၂၀၁၂)ရရှိထားသူ ဒေါ်လင်းလင်း ၁/မကတ(နိုင်)၀၀၀၆၆၀ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြူဖုန်ရင် ၁၃/လရန(နိုင်)၀၅၄၉၆၇ ၏ကိုယ်စား ညီမဖြစ်သူဒေါ်ကြူချွင်မြင့် ၁၃/လရန(နိုင်)၀၆၄၉၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L)အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၄၅၆၅၊ Toyota Caldina AZT 241 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တိုးတိုးရှိန် ၁၀/မလမ(နိုင်)၀၁၀၇၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/6416၊ Toyota Probox,S/W ယာဉ်လက်ဝယ်ရှိသူ အာရုကျွမ်းကျင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေး

နေပြည်တော် ဧပြီ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များမြှင့်တင်ရေးစင်တာ Centre for the Promotion of Imports from Developing Countries (CBI) မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ နည်းပညာပိုင်းဆိုင်ရာ အေဂျင်စီဖြစ်သည့် နိုင်ငံတကာကုန်သွယ်မှုစင်တာ The International Trade Centre (ITC) မှ တာဝန်ရှိသူများအား ဧပြီ ၈ ရက် နံနက် ၉ နာရီက ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များမြှင့်တင်ရေး စင်တာမှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် Mr. Naut Kusters က မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးကိစ္စရပ်များ၊ စီးပွားလုပ်ငန်းအထောက်အကူပြုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော ခရီးသွားလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ကုလသမဂ္ဂနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ နည်းပညာပိုင်းဆိုင်ရာ အေဂျင်စီဖြစ်သည့် နိုင်ငံတကာကုန်သွယ်မှုစင်တာမှ Ms. Marie Claude က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များ မြှင့်တင်ရေးစင်တာနှင့် နိုင်ငံတကာကုန်သွယ်မှုစင်တာတို့၏ သဘောတူညီချက်အရ Netherlands Trust Fund III မှ ငွေကြေးဆိုင်ရာ ပံ့ပိုးကူညီပေးသွားမည့်အကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံခရီးသွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆက်လက်ဖော်ဆောင်မည့် အမျိုးသားပို့ကုန် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းနယ်ပယ်ကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် စီမံဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းစီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံ့တာဝန်ကျေပွန်အောင် ကျသင့်အခွန်မှန်မှန်ဆောင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၄-၂၀၁၄

ရွှေဈေးနှုန်း (အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၉၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၃၃၁၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၇၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၀၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၅၀၀-၉၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၈၅၀၀-၂၀၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၀၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၅-၉၇၄
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၅-၁၃၄၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅၇-၃၀.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၄-၁၅.၉
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၈-၃၀၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၀၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၈၂၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၃၅၀၀-၂၇၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၆၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၇၅-၅၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၆၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၆၂၀
ရေတ်ရှည်(ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀-၂၄၅၀
ရေတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၈၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဧွငတင်ပြသည်။

လျှပ်စစ်ဓာတ်အားခွဲရုံနှင့် လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

ပင်လောင်း ဧပြီ ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု ဆောင်းပြောင်းဒေသတွင် ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းခွဲရုံနှင့် ၁၁ ကေဗွီဓာတ်အားလိုင်းခွဲငယ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်က ဆောင်းပြောင်းဒေသအတွင်းရှိ ကျေးရွာများ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောင်းပြောင်းဒေသ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်တီးက အမှာစကားပြောကြားပြီး ပင်လောင်းမြို့နယ် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလွင်မျိုးထွန်းက လျှပ်စစ်မှ ဖြစ်တတ်သည့် အန္တရာယ်များ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းပိုင်းဆိုင်ရာ အချက်အလက်များကို ပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်ရှောင်ရန်များပါရှိသည့် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်တီး၊ အဖွဲ့ဝင်ဦးခွန်မောင်ချမ်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလွင်မျိုးထွန်းတို့က လုံးပြင်ကျေးရွာအုပ်စု မြောက်စလုံးကျေးရွာနှင့် လုံးပြင်ကျေးရွာ၊ လိန်းညားကျေးရွာအုပ်စု လိန်းတာကျေးရွာများအတွင်းရှိ ထရန်စဖော်မာများကို ဖဲကြိုးဖြတ်ပြီး လျှပ်စစ်မီးဖွင့်လှစ်ပေးခဲ့ရာ ယခုလို လျှပ်စစ်မီးရရှိသည့်အတွက် ကျေးရွာနေပြည်သူများက ဝမ်းသာပီတိဖြစ်နေကြကြောင်း သိရသည်။ **ခွန်အာကာစိုး**

တစ်ဦးတည်း ဖြစ်ပါကြောင်း	ဦးထွန်းမြင့်-ဒေါ်သန်းသန်းမြင့်တို့၏သမီး မယမင်းသက်ပိုင်ထွန်း ၁၁/ကဖန(နိုင်)၀၆၄၈၃၇ နှင့် မရွှေဝန်းရုံထိုက်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မယမင်းသက်ပိုင်ထွန်း(ခ)မရွှေဝန်းရုံထိုက်**

ဦးမောင်မောင်နိုင် ၇/ပခန(နိုင်)၁၄၀၆၉၀၊ ဒေါ်ခင်စန်းဝေ (ခ) ဒေါ်သန်းသန်းအေးနှင့် အများသိစေရန် အသိပေးကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်ရပ်ကွက်ကြီး ၅၊ သစ်တောရိပ်သာ လမ်းနှင့် သမိန်ဗရမ်းလမ်းထောင့်ရှိ မြေကွက်အမှတ် ၂၂၃၊ မြေကွက်အကျယ်အဝန်းပေ(၅၀×၁၅၀) ရှိ မြေကွက်တစ်ကွက်အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၈-၂-၂၀၁၄ ရက်စွဲပါ စာအမှတ် ၇/၁-၁၃/ဥ-၁)အရ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခိုင် ခိုင်ဝင်း အမည်ပေါက်ရရှိပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျွန်းသာယာမြို့သစ်၊ မင်းလမ်း၊ အမှတ် ၂၀၆ နေ ဦးမောင်မောင်နိုင် ၇/ပခန(နိုင်)၁၄၀၆၉၀ နှင့် ဒေါ်ခင်စန်းဝေ (ခ)ဒေါ်သန်း သန်းအေး TGU-324832 တို့က ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဝင်းထံမှ ဝယ်ယူမည်ဟုယုံကြည်အောင် ပြောဆိုပြီး ငွေချေရန်အတွက် ၃-၃-၂၀၁၄ ရက်က ပဲခူးမြို့ CB ဘဏ်သို့ ခေါ်ယူပြီးနောက် ရောင်းဖိုးငွေပေးချေပါမည်ဟု ဘဏ်တွင် ငွေထုတ်ရန်ပြုနေကြောင်း ပြောဆိုပြီး ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဝင်းပိုင် မြေချစလစ်မူရင်းနှင့် ချထားသည့်မြေကွက်အား ငွေသွင်းရန် စာမူရင်းတို့ကို တောင်းယူပြီး အရောင်းအဝယ်စာချုပ်တစ်စောင်နှင့် ကိုယ်စားလှယ်လွှဲစာ တစ်စောင်ပေါ်တွင် ဒေါ်ခိုင်ခိုင်ဝင်းအား လက်မှတ်ရေးထိုးခိုင်းပြီးနောက် ထုတ်ယူရမည့်ငွေ များပြားသည့် အတွက်ဘဏ်မှ နောက်တစ်နေ့တွင် ထုတ်ယူရမည်ဟု အကြောင်းပြပြောဆိုပြီး ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဝင်းပိုင်ဆိုင်သည့် အထက်ဖော်ပြပါ စာရွက်စာတမ်းများကို ငွေကြေးတစ်စုံတစ်ရာ ပေးချေခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားသည့်အတွက် ဦးမောင်မောင်နိုင်နှင့် ဒေါ်ခင်စန်းဝေ(ခ)ဒေါ်သန်းသန်းအေးတို့သည် ယခုသတင်းစာ ကြော်ငြာပါသည့်ရက်တွင် ကျွန်ုပ်တို့ထံ လာရောက်အပ်နှံပေးပါရန်နှင့် အပ်နှံခြင်းမပြုပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးကြေညာသည့်အပြင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဝင်း ပိုင်ဆိုင်သော အထက်ဖော်ပြပါ မြေကွက်ကို ကျွန်ုပ်တို့ မိတ်ဆွေမသိဘဲ ဌာနဆိုင်ရာအသီးသီးတွင် အမည်ပြောင်း ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာနအသီးသီးတွင် မြေချပါမစ်ထုတ်ယူခြင်း၊ အဆိုပါ စာရွက်စာတမ်းများကို အသုံးပြုပြီး ထပ်ဆင့်ပေါင်နှံခြင်းမပြုရန် ဦးမောင်မောင်နိုင်နှင့် ဒေါ်ခင်စန်းဝေ(ခ)ဒေါ်သန်းသန်းအေး အပါအဝင် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သီတာလွင် (LL.B) **အထက်တန်းရှေ့နေ (စဉ်-၃၁၇၀၃)**

ဦးဗိုလ်ဗိုလ်မောင် (LL.B) **အထက်တန်းရှေ့နေ (စဉ်-၄၀၁၄၉)**

အမှတ် ၁၀၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း-၀၉-၄၂၅၀၁၈၆၈၄၊ ၀၉-၃၁၂၈၈၉၄၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တင်ဒါခေါ်ယူရေးအဖွဲ့ ချင်းပြည်နယ်

လမ်း၊ တံတား၊ ရေပေးဝေရေး၊ စွမ်းအင်လုပ်ငန်းများ၊ သာသနာရေးအဆောက်အအုံများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများ၊ စွမ်းအင်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ၀၇၀-၂၂၃၇၆ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ၀၇၀-၂၂၃၆၈ (ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး)
(ဂ) ၀၇၀-၂၀၅၈၅ (ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး)
၀၉-၂၄၅၀၃၈၅
(ဃ) ၀၉-၄၉၈၀၈၇၇၉၊ ၀၉-၂၄၅၁၀၄၂(ပြည်နယ်မှူးရုံး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တင်ဒါခေါ်ယူရေးအဖွဲ့ ချင်းပြည်နယ်

ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဖွဲ့အစည်းဝင်များ၏ နေအိမ်များ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ နေအိမ်များအား ဆောက်လုပ်မည်ဖြစ်ရာ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ၀၇၀-၂၂၃၇၆ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ၀၇၀-၂၂၃၆၈ (ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး)
၀၉-၄၉၈၀၈၇၇၉
(ဂ) ၀၉-၄၉၈၀၈၇၇၉၊ ၀၉-၂၄၅၁၀၄၂(ပြည်နယ်မှူးရုံး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တင်ဒါခေါ်ယူရေးအဖွဲ့ ချင်းပြည်နယ်

ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ်မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၄-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆-၅-၂၀၁၄ရက် ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၃၇၆ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ၀၇၀-၂၂၃၆၈ (ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး)
(ဂ) ၀၇၀-၂၁၁၈၃၊ (ပြည်နယ်မီးသတ်ဦးစီးဌာန)
၀၉-၄၉၂၉၄၅၀၂
(ဃ) ၀၉-၄၉၈၀၈၇၇၉၊ ၀၉-၂၄၅၁၀၄၂(ပြည်နယ်မှူးရုံး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တင်ဒါခေါ်ယူရေးအဖွဲ့ ချင်းပြည်နယ်

ရေအားလျှပ်စစ်လုပ်ငန်းများ၊ ရေသွယ်မြောင်းနှင့် ဆည်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ရေအားလျှပ်စစ်လုပ်ငန်းများ၊ ရေသွယ်မြောင်းလုပ်ငန်းများ၊ ဆည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၄-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆-၅-၂၀၁၄ရက် ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၃၇၆(တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ၀၇၀-၂၂၃၆၈(ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး)
(ဂ) ၀၇၀-၂၁၁၉၉ (ပြည်နယ်ဆည်မြောင်းဦးစီးဌာန)
(ဃ) ၀၉-၄၉၈၀၈၇၇၉၊ ၀၉-၂၄၅၁၀၄၂(ပြည်နယ်မှူးရုံး)

တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေး မျက်ခြည်မပြတ် ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် မေ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၉ ရက် နံနက် ၇ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် ဧက ၉၀၀ စိုက်ကွင်းအတွင်း နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချရန် စိုက်ပျိုးထားရှိသော စပ်မျိုးခရမ်းသီးအရှည်မျိုးနှင့် အဝိုင်းမျိုးစိုက်ခင်း၊ ခရမ်းချဉ်သီးစိုက်ခင်း၊ ကညွတ်စိုက်ခင်းနှင့် ငရုတ်ချိုသီးနှံစိုက်ခင်းများသို့ ရောက်ရှိပြီး တောင်သူလယ်သမားများအတွက် ဈေးကွက်ခိုင်မာစေရေးနှင့် ဝင်ငွေတွက်ခြေကိုက်သော ဈေးနှုန်းတို့ဖြင့် ချိတ်ဆက်တင်ပို့နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် တစ်ဆက်တစ်စပ်တည်း ကညွတ်သီးနှံ ဧက ၁၅၀ စိုက်ပျိုးရန် ခေတ်မီရေဖျန်းစနစ်ဖြင့် ပျိုးထောင်ထားသော ကညွတ်ပျိုးခင်းကို ကြည့်ရှုပြီး နှစ်လသားအရွယ်တွင် မြေချစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားပြီး နယူးရောကုမ္ပဏီ၏ Net House စနစ်ဖြင့် စိုက်ပျိုးထားရှိသော ကညွတ်သီးနှံနှင့် အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ ရောက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေ ဟိုတယ်ဇုန်၏ လိုအပ်ချက်အရ သီးနှံအမယ်များကို ရွေးချယ်စိုက်ပျိုးရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စက်စက်ယိုဆည် ရေသောက်စနစ် တောင်သူပညာပေး ဧက ၉၀၀ စိုက်ခင်းအတွင်း၌ သုတေသန ပြုလုပ်ပြီးဖြစ်သော ပုံစံသွင်းခွက်အမျိုးမျိုးကို အသင့်တီထွင် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ စိုက်ကွင်းအတွင်းရှိ ဖရဲသီးများကို သက်တမ်းအလိုက် စနစ်တကျ ပုံသွင်းစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ကန်စွန်းနှင့် ပိန္နဲသီးညှပ်စိုက်ပျိုးထားသော စိုက်ကွင်းအတွင်းရှိ ၂၁ ရက်သားသက်တမ်းရှိ ကန်စွန်းပင်များ ဖြစ်ထွန်းအောင်မြင်နေမှု၊ ပေါင်းတင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီး၌ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) ၏ ပေါင်းဆန်နှင့် ဆန်ဖြူကြိတ်ခွဲစက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တစ်နေ့ တန် ၁၀၀ ကျ ခေတ်မီဆန်ဖြူကြိတ်စက် (White Rice Mill) နှင့် တစ်နေ့လျှင် တန် ၁၀၀ ကျ ပေါင်းဆန်စက် (Boiled Rice Mill) ဆန်စက်များ တည်ဆောက်တပ်ဆင်ရန် ဂျပန်နိုင်ငံ ဆာတာကေး (Satake) ကုမ္ပဏီမှ ရောက်ရှိလာသော စပါးအခွံချွတ်စက်၊ ဆန်ဖြူကြိတ်ဖွပ်စက်၊ ဆန်အရောင်တင်စက်၊ စပါးလုံးခွဲထုတ်စက်၊ ဆန်ပိုင်းဆန်ခါစက်၊ စပါးခွံခြွေလှေ့စက်များ တပ်ဆင်နေမှုနှင့် ဆန်စက်ပင်မအဆောက်အအုံ တည်ဆောက်ရေးအတွက် အခိုင်အမာ သံမဏိ၊ သံပေါင်များ၊ သံထည်အစိတ်အပိုင်းများ စုပုံထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ဆည်ရေသောက်စနစ် မြောင်းလက်တံအမှတ်(၄) မြောင်းခွဲ(၁)၌ အသေးစား ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ်ဖြန့်ဖြူးပေးရန်အတွက် အခြေခံ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု လုပ်ငန်းခွင်သို့လည်းကောင်း၊ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ပုလဲသွယ်နွေစပါး ဧက ၄၄၀ စိုက်ကွင်းနှင့် လယ်ကန်သင်းပေါင်များအနီးတွင် အတန်းလိုက် စိုက်ပျိုးထားရှိသော ပိန်းဥခင်းများကို ကြည့်ရှု၍ ပုလဲသွယ်စပါးများ၏ ကွင်းလုံးကျွတ် အထွက်ပမာဏနှင့် တစ်ဧကအထွက်နှုန်းများကို တိကျသေချာစွာ မှတ်တမ်းတင်ရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်-ပျဉ်းမနား လမ်းဟောင်းအနီး မျိုးသန့် မျိုးပွားစိုက်ပျိုးထားသော ဟိုင်နန်မူရင်းမျိုး၊ ဆီထွက်မြေပဲစိုက်ခင်း၏ နုတ်သိမ်းပြီးစီးမှုနှင့် မြေပဲများအား မျိုးစေ့အဖြစ် အသုံးပြုရန် စနစ်တကျ ခြွေလှေ့ စုပုံနေကြသော တောင်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် အချိုရည်များ ပေးအပ်သည်။

ထို့နောက် ကညွတ်နှင့် နေကြာသီးနှံ သီးညှပ်စိုက်ခင်းကို လည်းကောင်း၊ ဂျပန်မူရင်းမျိုး ပိန်းဥနှင့် ကန်စွန်းဥ စိုက်ခင်းများကို လည်းကောင်း စစ်ဆေးကြည့်ရှုပြီး ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံ ဈေးကွက်များသို့ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဇမ္ဗူသီရိမြို့နယ် ဂုန်မင်းအင်းကျေးရွာအနီး တစ်ဆက်တစ်စပ်တည်း ဧက ၃၅၀ ကို စက်မှုလယ်ယာစနစ် ပြုပြင်ဖော်ထုတ်နေသော လုပ်ငန်းခွင်သို့ရောက်ရှိပြီး လာမည့် မိုးစပါးရာသီတွင် အချိန်မီ နိုးကြားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနအနေဖြင့် ဂုန်မင်းအင်းကျေးရွာရှိ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးအတွက် လက်တွေ့ကျသော ပံ့ပိုးကူညီမှုများကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မေ ၁၀ ရက်က ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး (Y.G.H) အရေးပေါ်ဌာနသို့ ရုပ်ရှင်အနုပညာရှင်များနှင့် ခန့်စည်သူတို့၏ မေတ္တာသင်္ဂဟအဖွဲ့က ငွေကျပ်သိန်းပေါင်း ၆၀ သွားရောက်လှူဒါန်းခဲ့ကြစဉ်။
(၂၀၁၃ မှ ၂၀၁၄ ခုနှစ် ယခုလှူဒါန်းသည်အထိ မေတ္တာသင်္ဂဟအဖွဲ့က အလှူငွေကျပ် ၁၁၀၂ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။)
ကျော်မြင့်သန်း(လမ်းမတော်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသော ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများ မပြုလုပ်ရန်။

(င) လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းထန်၍ ရေပက်ခံသူတွင် အသားအရေများ၊ မျက်လုံးနှင့်နားများအား ထိခိုက်အန္တရာယ်များ ဖြစ်စေနိုင်သဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန်။

(စ) သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားရန်နှင့် ညနေ ၆ နာရီနောက်ပိုင်း ရေပက်ကစားခြင်း မပြုရန်။

(ဆ) သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန်။

(ဇ) တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၆၆၈၈၊ Toyota Lexus UZJ, S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယေ့ဆေး ၁၃/တယန(နိုင်) ၀၂၁၅၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

(၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေဗိုလ်ချုပ်တင်အောင်ချစ် (ကျောင်းအုပ်ကြီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်)-မေမေဒေါ်ဥမ္မာလွင်တို့၏ ၁၂-၄-၂၀၁၄ ရက်တွင်ကျရောက်မည်ဖြစ်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံအကျိုး၊ သာသနာ့အကျိုး သယ်ပိုးနိုင်ကြ၍ ထာဝရ မိသားစုနှင့်အတူတကွ ချမ်းမြေ့ပျော်ရွှင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

နှစ်ဖက်မိဘများနှင့်
သမီးကြီး-လဲ့မွန်သင်း
သား-ဗိုလ်ဘုန်းသန့်ချစ်
သမီးငယ်-မြသက်ချစ်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၈၅၅၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဆင်ခိုးကျေးရွာမှ မောင်သိန်းမင်းထက် ၁၂/သခန(နိုင်)၁၃၇၃၅၄ (B.Sc Zool) နှင့် မနှင်းနုရီ ၁၂/သခန(နိုင်)၁၂၅၂၉၀ (B.Sc Zool)တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း(ခ)ဦးလှသန်း ၁၂/သခန(နိုင်) ၀၆၈၀၁၃ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ရီဝင်း(ခ)ဒေါ်ထားစိန် ၁၂/သခန(နိုင်) ၀၂၉၆၆၅ဖြစ်ပါကြောင်း။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်ရှိ ပြည်နယ်ရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ၁ ရုံး၊ ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ် ၄ လုံး၊ နှစ်ခန်းတွဲဝန်ထမ်းနေအိမ် ၉ လုံး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး နေအိမ် ၅ လုံး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် ၁ လုံး၊ ဧည့်ရိပ်သာ ၁၄ လုံး တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၅-၂၀၁၄ ရက် ၁၆:၀၀နာရီ
(ဂ) **တင်ဒါလျှောက်လွှာပုံစံရယူတင်သွင်းရမည့်နေရာ** - ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့

၂။ တင်ဒါစည်းမျဉ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဦးထွေးမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၄၃-၂၂၈၉၀၊ ၀၉-၄၉၃၀၁၃၃၉
(ခ) ဦးထူးထက်၊ ဦးစီးအရာရှိ ဖုန်း-၀၄၃-၂၂၈၉၄၊ ၀၉-၄၂၂၅၁၉၃၃၈

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
စစ်တွေမြို့

သားရတနာမွေးဖွားခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဝိတိုရိယဆေးရုံဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်-ဒေါ်ရွှေယင်းမာတို့၏ ဒုတိယမြောက်ရင်သွေး သားဦးရတနာလေးအား ၁၀-၄-၂၀၁၄ ရက်တွင် ဝိတိုရိယဆေးရုံ၌ အောင်မြင်စွာ မွေးဖွားနိုင်ခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

ဝိတိုရိယဆေးရုံ
အုပ်ချုပ်မှုအဖွဲ့နှင့် ဝန်ထမ်းများ

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

အဆုံးအဖြတ်ပေးမယ့် လီဗာပူးနဲ့ မန်စီးတီးတို့တွေ့ပြီ

မိုးမြင့်လင်းလက်

အကြိတ်အနယ်ပွဲစဉ်တွေဖြစ်နေတဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၄) ကို ဧပြီ ၁၂ ရက်နှင့် ၁၃ ရက်တို့မှာ ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေမှာတော့ အရေးကြီးတဲ့ပွဲစဉ်ဖြစ်တဲ့ လီဗာပူးနဲ့ မန်စီးတီးပွဲက ရင်ခုန်စရာ အကောင်းဆုံးဖြစ်ပြီး ဒီနှစ် ပရီမီယာလိဂ်ဖလားရယူရေးအတွက် ရုပ်လုံးပေါ်လာမယ့် ပွဲစဉ်လည်း ဖြစ်နေပြန်တာမို့ ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာခံစားမှုတွေ ပေးစွမ်းဦးမှာပဲ ဖြစ်ပါတယ်။

လီဗာပူးနှင့် မန်စီးတီး

ဒီနှစ်မှာ အကောင်းဆုံးပုံစံ ပြန်ရရှိနေတဲ့ လီဗာပူးဟာ အိမ်ကွင်းမှာ မန်စီးတီးကို အလေးအနက်ထားပြင်ဆင်ကစားပါလိမ့်မယ်။ တိုက်စစ်ပိုင်းမှာ လီဗာပူးက ခြေပိုစွာပြီး မန်စီးတီး ခံစစ်ကြောင်းကို မွှေနှောက်ခြိမ်းခြောက်ဖို့ ကြိုးစားပါလိမ့်မယ်။ မန်စီးတီးရဲ့အသင်းလိုက်စုဖွဲ့မှုက ကောင်းမွန်ပြီး နေရာစုံမှာ အားနည်းချက်မရှိအောင် ပြင်ဆင်လာမှာမို့ အိမ်ရှင်လည်း ပွဲမချောင်ပါဘူး။ ဒီနှစ်သင်းဆုံတွေ့မှု နောက်ဆုံး သုံးပွဲမှာ မန်စီးတီးက တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြစ်ထားပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်ပေါင်း ၁၅၁ ပွဲတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ ရလဒ်တွေကို ကြည့်ရင် လီဗာပူးက ၇၂ ပွဲနိုင်ပြီး မန်စီးတီးက ပွဲ ၄၀ နိုင်ထားတဲ့အပြင် သရေပွဲက ၃၉ ပွဲ ဖြစ်ထားပါတယ်။ ဖလားရယူရေး စိတ်ဓာတ်ဆူဝေနေတဲ့ လီဗာပူးဟာ ဒီပွဲမှာ ရလဒ်ကောင်းရယူနိုင်ရေး ကြိုးစားပါလိမ့်မယ်။

ဆွမ်ဆီးနှင့် ချယ်လ်ဆီး

အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ကောင်းကောင်းခြိမ်းခြောက်နိုင်တဲ့ ဆွမ်ဆီးကို ချယ်လ်ဆီးတို့ လျှော့တွက်လို့ မရပါဘူး၊ အာဆင်နယ်ကို အဝေးကွင်းမှာတောင် နှစ်ဂိုးစီသရေပွဲရအောင် ကစားထားတဲ့ ဆွမ်ဆီးဟာ ချယ်လ်ဆီးအတွက် အဟန့်အတားတစ်ရပ်လို ဖြစ်နေပါတယ်။ ဒါပေမယ့် ဆွမ်ဆီးနဲ့ နောက်ဆုံးသုံးပွဲဆုံတွေ့ခဲ့တဲ့ ရလဒ်ကို ကြည့်ရင်တော့ ချယ်လ်ဆီးတို့ အသာစီးရခဲ့တာ များတာမို့ ဒီပွဲအတွက်တော့ ချယ်လ်ဆီးတို့ အမှားအယွင်းမဖြစ်အောင် ကစားပါလိမ့်မယ်။

ဆန်းဒါးလန်းနှင့် အဲဗာတန်

ဥရောပဝင်ခွင့်အတွက် ကြိုးစားနေတဲ့ အဲဗာတန်နဲ့ တန်းဆင်းဇုန်ရုန်းကန်မယ့် ဆန်းဒါးလန်းတို့အတွက် ပြင်းထန်တဲ့ ရင်ဆိုင်မှုပါပဲ။ အဲဗာတန်ဟာ အမှတ်လိုအပ်နေပြီး အမှတ်ပြည့်ရယူဖို့ အမာခံကစားသမားတွေနဲ့ စုစည်းပြီး ဆန်းဒါးလန်းကိုကျော်ဖြတ်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဒီနှစ်သင်းဆုံတိုင်း တစ်လှည့်စီ အနိုင်ယူနေတာမို့ အခုပွဲမှာဆန်းဒါးလန်းတို့ရုန်းကန်အားက အရာထင်နိုင်မယ်လို့ ယူဆပါတယ်။

ဝက်စ်ဘရွန်းနှင့် စပါး

စပါးရဲ့ ကြိုးစားအားထုတ်မှုတွေ ကောင်းပေမယ့် ရလဒ်ပိုင်းမှာတော့ အားရစရာ မကောင်းပါဘူး၊ စပါးရဲ့ ကစားသမားတွေဟာ စိတ်ဓာတ်ပိုင်း ယိမ်းယိုင်နေတာမို့ အိမ်ကွင်းမှာ ဝက်စ်ဘရွန်းတို့အခွင့်အရေး အပြည့်အဝ ယူသွားနိုင်ပါတယ်။ ။

ဘာစီလိုနာ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီ

အက်သလက်တီကို အသင်းက စပိန်ပြိုင်ဘက် ဘာစီလိုနာအသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲမှ ရပ်တန့်ပေးလိုက်ပြီဖြစ်သည်။ အက်သလက်တီကို အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကိုကီက သွင်းယူပေးခဲ့သည်။ အက်သလက်တီကိုအသင်းသည် နှစ်ကျော့ပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ကာ ဆီမီးတက်လာနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းမှ နာမည်ကြီးတိုက်စစ်မှူးများ ဖြစ်သော မက်ဆီနှင့် နေမာတို့ ပါဝင်ကစားခဲ့သော်လည်း အက်သလက်တီကို နောက်တန်းကို ထိုးဖောက်ရန် ခက်ခဲခဲ့သည်။ အက်သလက်တီကို ဂိုးသမား လက်စွမ်းပြ ကာကွယ်ပေးနေခြင်းကြောင့်လည်း ဘာစီလိုနာတို့ ဂိုးမရဘဲ ပွဲပြီးခဲ့ရသည်။ ကွင်းလယ်ကစားသမားကိုကီက အနီးကပ် ဂိုးသွင်းယူ ပေးပြီး အကြိုဗိုလ်လုပွဲ တက်လာနိုင်ခဲ့သည်။ အက်သလက်တီကို အသင်းသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ၁၉၇၄ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲ တက်လာခဲ့ခြင်းဖြစ်သည်။ အက်သလက်တီကိုအသင်းသည် စပိန်လာလီဂါတွင်လည်း ကစားရန် ခြောက်ပွဲကျန်ပြီး ဘာစီလိုနာထက် တစ်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

နိုင်ငံတကာလိဂ် ဘောလုံးပွဲစဉ်များ

သီဟ

ပြင်သစ်လီဂူးပွဲစဉ် (၃၃)			၁၂-၄-၂၀၁၄
မောင့်ပယ်လီယာ	-	မာဆေး	နံနက် ၁း၀၀
ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၀)			**၁၂-၄-၂၀၁၄**
ရှော်လ်ကေး	-	ဖရန့်ဖတ်	နံနက် ၁း၀၀
စပိန်လာလီဂါ ပွဲစဉ် (၃၃)			**၁၂-၄-၂၀၁၄**
အိုဆာဆူနာ	-	ဗယ်လာဒိုးလစ်	နံနက် ၁း၃၀

အိုဆာဆူနာ Vs ဗယ်လာဒိုးလစ်

လာလီဂါပွဲစဉ်(၃၂)အပြီး အိုဆာဆူနာက ရမှတ် ၃၃ မှတ်ဖြင့် အဆင့်(၁၆)တွင် ရပ်တည်နေပြီး နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ နှစ်ပွဲနိုင်၊နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ကျထားပါတယ်။ ဧည့်သည်ဗယ်လာဒိုးလစ်က ရမှတ် ၃၁ မှတ်ဖြင့် တန်းဆင်းဇုန်အဆင့်(၁၇)တွင် ကျရောက်နေပြီး နောက်ဆုံးအဝေးကွင်းငါးပွဲမှာ သုံးပွဲရှုံး၊ နှစ်ပွဲသရေ ရထားပါတယ်။သူတို့နှစ်သင်းတွေ့ဆုံမှုတိုင်း သူနိုင်ကိုယ်နိုင် ခြေညီတဲ့အသင်းတွေပါ။ ဒီပွဲမှာလည်း သရေလောက်မျှော်မှန်းလို့ ရပေမယ့် အိမ်ရှင်အားသာချက်လေးနဲ့ ကပ်နိုင်ဖို့ မျှော်လင့်လို့ရတာမို့ အိုဆာဆူနာပဲ အကြိုက်တွေ့မိပါတယ်။

မန်ယူတို့ချန်ပီယံလိဂ်မျှော်လင့်ချက်အဆုံးသတ်

မန်ယူ၏ ချန်ပီယံလိဂ်ဖလားမျှော်လင့်ချက်မှာ အဆုံးသတ်သွားပြီဖြစ်သည်။ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် လက်ရှိ ချန်ပီယံ ဘိုင်ယန်မြူးနစ်နှင့်မန်ယူတို့ ဧပြီ ၁၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ပထမပိုင်းတွင် ဂိုးမပေးရရေး မန်ယူတို့ ပိတ်ဆို့ကစားခဲ့သော်လည်း ဒုတိယပိုင်းတွင် တိုက်စစ်ဖွင့်ကစားခဲ့ရာ မန်ယူက အီဗရာ၏ဂိုးဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို မန်ဇူကစ်က ချက်ချင်းပြန်လည်ချေပခဲ့သည်။ ဘိုင်ယန်မြူးနစ်က ခြေစွမ်းအသာဖြင့် အိမ်ကွင်းပရိသတ်ရှေ့မှောက်တွင် မန်ယူကို ထိန်းချုပ်ကစားသွားခဲ့သည်။ ဘိုင်ယန်မြူးနစ်အတွက် ဒေးဗစ်မူလာနှင့်အာဂျန်ရော်ဘင်တို့ကလည်း တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ ယင်းတို့သည် ပထမအကျော့ မန်ယူအိမ်ကွင်း၌ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့်အတွက် ဘိုင်ယန်မြူးနစ်က နှစ်ကျော့ပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်မှာ လက်ရှိခြေစွမ်းအရ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သင့်သောအသင်း ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဌာနဆိုင်ရာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

ယခုအခါ ၁၉၉၀ ပြည့်နှစ်တည်ဆဲမြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကို ခေတ်စနစ်နှင့်လိုက်လျောညီထွေမှုရှိစေရန်၊ ပြင်ဆင်ရန်အတွက် ဥပဒေမူကြမ်းရေးဆွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံတော် ဘဏ်ဥပဒေ၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ၊ နိုင်ငံခြားသုံး ငွေစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဗဟိုဘဏ်မှ ကူးသန်းရောင်းဝယ်ရေးဘဏ်များ (Commercial Banks) ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်များ (Investment or Development Banks) နှင့် ငွေရေးကြေးရေးကုမ္ပဏီများ (Finance Companies)လိုင်စင်များအား စိစစ်ထုတ်ပေးလျက်ရှိပါသည်။

ယခုအခါ ပြည်တွင်းပုဂ္ဂလိကဘဏ်များအနေဖြင့် ပြည်တွင်းသုံးကျပ်ငွေဖြင့် အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲဆောင်ရွက်ခြင်း၊ ပြည်တွင်းငွေပေးမိန့် လက်မှတ်များရောင်းချခြင်း၊ လက်ခံခြင်း၊ ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းနှင့် အာမခံပေးခြင်း၊ နိုင်ငံခြားသုံးငွေများ လဲလှယ်ရောင်းဝယ်ခြင်းအပြင် အခြားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် အငှားဝယ် (Hire Purchase)လုပ်ငန်း အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းဖြင့် လျှပ်စစ်မီတာဘီလ် ကောက်ခံသည့်လုပ်ငန်း Automated Teller Machine (ATM)Card အသုံးပြုပြီး ငွေထုတ်ယူသည့်လုပ်ငန်း Point of Sale(POS) အသုံးပြုပြီး ငွေပေးချေသည့်လုပ်ငန်းတို့အား ဆောင်ရွက်လျက်ရှိကြပါသည်။

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ငွေပေးချေမှုအဆင်ပြေစေရန်အတွက် နိုင်ငံတကာတွင်အသုံးပြုသည့် Master Card, Visa Card, China Union Pay Card (CUP),Japan Credit Bureau Card(JCB)တို့အား အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှ တပ်ဆင်ထားသော (ATM)စက်များ၌ ပြည်တွင်းသုံးကျပ်ငွေထုတ်ပေးခြင်း၊ မြန်မာနိုင်ငံသားများ ပြည်ပသို့သွားရောက်သည့်အခါ နိုင်ငံခြား၌ ငွေပေးချေမှုအဆင်ပြေစေရန်အတွက် ပုဂ္ဂလိကဘဏ်များမှထုတ်ဝေသည့် Master Card, Visa Card များဖြင့် နိုင်ငံခြားရှိ (ATM) စက်များ၌ ငွေထုတ်ယူရန်ဆောင်ရွက်ပေးခြင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသား၊ အလုပ်သမားများနှင့်အခြားမြန်မာနိုင်ငံသားများ၊ နိုင်ငံခြားသားများမှ မြန်မာနိုင်ငံသို့ ငွေလွှဲပို့ရန် နိုင်ငံတကာငွေလွှဲကုမ္ပဏီများမှတစ်ဆင့် ပြည်တွင်းသို့ ငွေလွှဲပေးပို့သည့်လုပ်ငန်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကဘဏ်များမှ ဘဏ်ခွဲများဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲ ၅၅ ခု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲ ၂၀၅ ခု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲ ၃၆၇ ခု ဖွင့်လှစ်ရန် စီမံချက်ရေးဆွဲခဲ့ပါသည်။ အဆိုပါ စီမံချက်မရေးဆွဲမီ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသော ၃၁-၃-၂၀၁၁ ရက်နေ့တွင် ဘဏ်ခွဲစုစုပေါင်းအရေအတွက်မှာ ၂၉၂ ခုရှိပြီး ၃၁-၁-၂၀၁၄ ရက်နေ့တွင် ဘဏ်ခွဲစုစုပေါင်း ၆၅၈ ခုဖွင့်လှစ်နိုင်ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၂၅ ဒသမ ၃၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ဘဏ်ခွဲသစ်များ တိုးတက်ဖွင့်လှစ်ရေးကို စနစ်တကျဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြည့်စုံလုံလောက်စွာရရှိရေးအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF၊ ကမ္ဘာ့ဘဏ် World Bank တို့နှင့်လည်းကောင်း၊ ကြီးကြပ်စစ်ဆေးမှုစနစ် ခိုင်မာကောင်းမွန်စေရေးအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF၊ ဂျာမနီနိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ၊ မလေးရှားနိုင်ငံဗဟိုဘဏ်၊ ထိုင်းနိုင်ငံ ဗဟိုဘဏ်တို့နှင့်လည်းကောင်း၊ ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှု ခေတ်မီစေရေးအတွက် ဂျပန်နိုင်ငံ Daiwa Institute Research နှင့် ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ JICA တို့နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ငွေရေးကြေးရေးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်စေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ နည်းပညာဖလှယ်ရေးအစီအစဉ် Knowledge Share Program ဆောင်ရွက်လျက်ရှိပါသည်။

ဘဏ်လုပ်ငန်းတည်ငြိမ်စေရေးအတွက်အများပြည်သူမှ အပ်နှံထားသော အပ်ငွေများဆုံးရှုံးမှုမရှိစေရန်အာမခံလုပ်ငန်း Deposit Insurance အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ချေးငွေများထုတ်ချေးရာတွင်လည်း အမြန်ဆုံးစိစစ်ထုတ်ချေးပေးနိုင်ရန်နှင့် ဆုံးရှုံးမှုမရှိစေရန်အတွက် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဗဟိုဌာန Credit Information Burau တည်ထောင်ရန် မြန်မာနိုင်ငံဘဏ်များအသင်းမှ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသနေပြည်သူများနှင့် ငွေရေးကြေးရေးဝန်ဆောင်မှု မရရှိနိုင်သေးသော ပြည်သူများ (Unbanked People) ထံသို့ ငွေရေးကြေးရေးဝန်ဆောင်မှုများ လျင်မြန်စွာနှင့်စရိတ်စက သက်သာစွာရောက်ရှိရေးအတွက် ဘဏ်များအား မိုဘိုင်းဘဏ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုခဲ့ပြီးဖြစ်ပါကြောင်းပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအပေါ် အကြံပြုလိုသည်များရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ Delivery သို့ ပေးပို့အကြောင်းကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ

ရေတာရှည်မြို့နယ် စာတတ်မြောက်ရေး လှုပ်ရှားမှုဖွင့်ပွဲ ကျင်းပ

ရေတာရှည် ဧပြီ ၁၀

စာမတတ်သူပပျောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ရေတာရှည်မြို့နယ်တွင် ဧပြီ ၆ ရက် နံနက်ပိုင်း သာဂရ- ကိုးပင်ရိုးမဖြတ်ကျော်လမ်း (၆)မိုင် သစ်တောကျေးရွာ၌ စာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကျင်းပသည်။ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦး၊ မိတ္ထီလာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ မောင်သင်း၊ တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးအောင်သူ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာနှင့်ရေတာရှည်မြို့နယ်မှ တာဝန်ရှိသူများ၊ မိတ္ထီလာတက္ကသိုလ်နှင့်တောင်ငူတက္ကသိုလ်တို့မှ ကြီးကြပ်သူဆရာ ဆရာမ ၂၇ ဦး၊ တက္ကသိုလ် ကျောင်းသားကျောင်းသူ ၂၆၇ ဦးနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ စာတတ်မြောက်ရေးအတွက် စာသင်ဝိုင်းတစ်ဝိုင်းလျှင် ၁၀ ဦးနှုန်းဖြင့် ရေတာရှည်နယ်မြေတွင် စာသင်ဝိုင်း ၈၀၊ ဆွာနယ်မြေတွင် စာသင်ဝိုင်း ၃၆ ဝိုင်း၊ သာဂရနယ်မြေတွင် စာသင်ဝိုင်း ၂၈ ဝိုင်း၊ သိုင်းနယ်မြေတွင် စာသင်ဝိုင်း ၇၅ ဝိုင်း၊ မြို့လှနယ်မြေတွင် စာသင်ဝိုင်း ၂၂ ဝိုင်း၊ ရေနီနယ်မြေတွင် ၂၆ ဝိုင်း စုစုပေါင်း စာသင်ဝိုင်း ၂၆၇ ဝိုင်း၊ စာသင်သား ၂၆၅၆ ဦးတို့အား ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်္ကြန်တွင်း ငါးရက်မှအပ တစ်ရက်လျှင် စာသင်ချိန် သုံးနာရီနှုန်းဖြင့် ရက်ပေါင်း ၄၀ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

အလွယ်သုံးနေရောင်ခြည်စွမ်းအင်(ဆိုလာစက်များ) ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလွယ်သုံးနေရောင်ခြည်စွမ်းအင် ဆိုလာစက်အစုံ ၅၀ ရခိုင်ပြည်နယ် အမ်းမြို့နယ် သလူမော်ကျေးရွာသို့ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၃ ရက် နံနက်ပိုင်းက သလူမော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံ့ချိဦးသိန်းဆွေက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် အလွယ်သုံးနေရောင်ခြည်စွမ်းအင်ဆိုလာစက် အသုံးပြုပုံစနစ်အခြေအနေအား သရုပ်ပြရှင်းလင်းပြသပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့ထားသည့် အလွယ်သုံးနေရောင်ခြည် စွမ်းအင် ဆိုလာစက်အစုံ ၅၀ ကို သီရိပျံ့ချိဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများထံသို့ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသောအမျိုးသမီးရေးရာအဖွဲ့ T-Shirt အင်္ကျီနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ T-Shirt အင်္ကျီများအား ပေးအပ်ရာ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့က လက်ခံပြီး ကျေးရွာ ရပ်မိရပ်ဖတစ်ဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြသည်။

အဆိုပါ အလွယ်သုံးနေရောင်ခြည်စွမ်းအင်(ဆိုလာစက်) အစုံ ၅၀ မှာ Glorious Myanmar Kenewable Energy Co.,Ltd. မှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ဝေးလံခေါင်းပါးသော ကျေးရွာဒေသများ မီးလင်းရေးအတွက် ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁A၂၊ မြေကွက်အမှတ် South Western Portion of I-5၊ မြေကွက်တည်နေရာအမှတ် ၆၈၂/၆၈၄၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ A.E Dooply အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် A.E. Dooply [အဇမ်အီစွတ်(ဖ်)ဒူပလီ(ခ)မောင်မောင်လတ် UCC ၁၉/၅၂၊ CC-၀၀၅၆၆၅]သည် ၂၅-၇-၁၉၈၆ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်အမီနာဘီဘီ(ခ)ဒေါ်ခင်မြင့် UCC ၁၉၇/၇၂၊ ၁၂/ပဘတ(နိုင်)၀၁၂၉၈၈သည် ၁၁-၃-၁၉၉၀ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ပြီး ၎င်းတို့၏သားဖြစ်သူ အီးအေဒူပလီ(ခ)ဦးလှမောင် UCC-၁၄/၅၂၊ CC-၀၅၁၀၀၁သည် ၇-၃-၁၉၉၂ရက်တွင်လည်းကောင်း၊ အီးအေဒူပလီ(ခ)ဦးလှမောင်၏ဇနီး ဒေါ်အရာဘီဘီ(ခ)ဒေါ်စိန်စိန် CC-၀၃၆၅၂သည် ၃-၆-၁၉၇၈ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသဖြင့် မြေအမည်ပေါက်၏မြေးနှင့် အီးအေဒူပလီ(ခ)ဦးလှမောင်၏ သားသမီးများဖြစ်ကြသည့် ဦးအေးမောင်(ခ)အလီအီစွတ်ဒူပလီ ၁၂/ပဘတ(နိုင်)၀၂၄၁၁၄၊ ဒေါ်ခင်မိမိ(ခ)ခတီဇာဘီဘီ ၁၂/ပဘတ(နိုင်)၀၁၉၇၂၁၊ ဒေါ်ခင်ခင်ရွှေ(ခ)ဖာတမာဘီဘီ ၁၂/မရက(နိုင်)၁၁၀၁၂၃တို့သည် မြေအမည်ပေါက်၏ သမီးဖြစ်သူ ဒေါ်မိမိခင်(ခ)မော်မင်ဘီဘီ ၁၂/ပဘတ(နိုင်)၀၁၃၂၈၅နှင့်အတူ ကတိသစ္စာပြုလွှာများ၊ သေစာရင်းများ၊ မြေအမည်ပေါက်နှင့်ဇနီးတို့၏ နိုင်ငံသားလက်မှတ်များနှင့် မြေပေါ်ရှိအဆောက်အအုံတွင် ဌာနဆိုင်ရာအခန်းမရှိကြောင်းကို လသာမြို့နယ်၊ အမှတ် ၆၈၄၊ မဟာဗန္ဓုလလမ်း၊ မြေညီထပ်တိုက်ခန်းအား ၂၇-၉-၂၀၁၁ရက်စွဲပါ ဦးမောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာနမှ ဦးလှိုင်ဝင်း၏ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သန်းသန်းအေး ၁၂/လသန(နိုင်)၀၀၇၇၈သို့ လွှဲပြောင်းပေးအပ်သည့် တိုက်ခန်းအပြီးအပိုင်လွှဲပြောင်းပေးကမ်းခြင်းစာချုပ်မိတ္တူနှင့် အိမ်လခပြေစာကိုလည်းကောင်း၊ မြေပေါ်ရှိ သုံးထပ်တိုက် သုံးခန်းတွဲ အခန်းကိုးခန်းနှင့်ပတ်သက်၍ အိမ်လခပြေစာဖြတ်ပိုင်း မိတ္တူတို့ကိုလည်းကောင်း ပူးတွဲလျက် မြေပေါ်ရှိအဆောက်အအုံတွင် ဌာနဆိုင်ရာအခန်းမရှိကြောင်း၊ ပြဿနာမရှိတာဝန်ယူကြောင်း ဝန်ခံကတိပြုစာဖြင့် ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးခြင်းနှင့် အမည်ပေါက်စာချုပ်ဖြစ်သည့် အမွေခွဲစာချုပ် ၇၂/၁၉၅၀ ပစ္စည်းစာရင်းပါ Western One Third of First Class Lot No.5 အား မြေစာရင်းရှိ မြေကွက်အမှတ် South Western Portion of I-5 အတိုင်း ပြင်ဆင်ရန် အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

တိုက်အမှတ် ၆၂၊ မြေညီထပ်(ခြေရင်း)အခန်း၊ သီရိလမ်း၊သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ဧရိယာ(၁၂½×၅၀)ပေ ကျယ်ဝန်းသော ကိုယ်ပိုင် ရေ၊ မီး ပါဝင်သည့် တိုက်ခန်းကိုဝယ်ယူရန် လက်ရှိပိုင်ရှင် ဒေါ်စွဲလန်းဆိုင် ၁/ပတအ(နိုင်)၀၃၀၃၆၈သို့ ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဥပဒေနည်းလမ်းတကျ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ (စဉ်-၃၁၀၅၄)
B.S.C, D.A, H.G.P, R.L, D.B.L,D.M.L, D.I.L
ဒေါ်ချောချောအေး (စဉ်-၂၇၄၆၇)
ဒေါ်ဝါဝါစံ (စဉ်-၂၇၈၆၀)
အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၃၆၀၅၉၅၀၃

ဦးသိန်းညွန့် (စဉ်-၃၅၆၁)
B.A, H.G.P, R.L, D.B.L, D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၄၂၁၀၁၅၂၅၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/ကံဘဲ့၊ မြေကွက်အမှတ် ၁၅/ခ၉၊ မြေကွက်တည်နေရာအမှတ် ၉/စီ၊ မြသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်လှရင် ၁၂/ရကန(နိုင်)၀၄၄၈၀၀ အမည်ပေါက် B မြေ၊ လ/န ၃(ခ)မြေအား အမည်ပေါက် ဒေါ်လှရင်နှင့်ခင်ပွန်း ဦးလှသိန်းကွယ်လွန်သဖြင့် (၁) ဒေါ်တင်တင်ဝင်း ၁၂/ရကန(နိုင်)၀၄၄၇၆၆၊ (၂) ဦးရဲမင်း ၁၂/ရကန(နိုင်)၀၄၆၆၇၇၊ (၃) ဒေါ်ခင်ခင်ဝင်း ၁၂/ရကန(နိုင်)၀၄၄၇၉၈တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ခင်ခင်ဝင်းမှ ကိုယ်တိုင်နှင့် ဒေါ်တင်တင်ဝင်းနှင့် ဦးရဲမင်းတို့ကိုယ်စား GP ၇၅၃၂/၁၄-၂-၁၄ ရသူမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊မြေကွက်အမှတ် ၁၁၇၉၊ မြေကွက်တည်နေရာအမှတ် ၁၁၇၉၊ ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြအမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား အမည်ပေါက် ဦးမြနှင့်ဇနီး ဒေါ်အေးရီကွယ်လွန်သဖြင့် ဦးမြင့်သောင်း ၁၂/ဥကတ(နိုင်)၀၆၅၉၈၁က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၁၃၇၂၊ ဧရိယာ ၀ဒသမ ၁၈၃၈က ဦးငွေမြင့်အမည်ဖြင့်ပိုင်ဆိုင်သော ဂရန်မြေအား ထွေထွေကိုယ်စားလှယ်ရရှိထားသူ ဦးကျော်မင်းငွေ ၉/မရမ(နိုင်)၀၇၉၁၈၉ (ဘ) ဦးလှငွေးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၃၈၅/ခ၊ မြေကွက်တည်နေရာအမှတ် ၃၈၅/ခ၊ ခတ္တာလမ်း၊ ရွှေပြည်သာမြို့နယ် (ဦးအေးကျော်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေးကျော်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေး ၁၂/မရက(နိုင်)၀၇၃၆၀၆ က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃/ကံဘဲ့)၊ မြေကွက်အမှတ်(၇/ဃ-၁) မြေကွက်တည်နေရာအမှတ် ၄၁၊ သူရဿတီလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ငွေရှင်)အမည်ပေါက် နှစ် ၃၀ ဂရန် (သက်ကုန်)မြေအား ဦးမြင့်ဝေမှ မရမ်းကုန်းမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၃၃/၂၀၁၂ (၃၁-၁၀-၂၀၁၂) ဇာရီမှုအမှတ် (၂၉/၁၂) (၁၄-၁၂-၂၀၁၂) အရောင်းအဝယ်စာချုပ် ၈၅၆/၂၀၁၄ (၂၆-၂-၂၀၁၄)တို့ဖြင့် ပိုင်ဆိုင်ထားပြီး ၎င်း၏ GP(၁၁၇၇၄/၁၂) (၃-၇-၂၀၁၂)ရရှိသူ ဦးမင်းအောင် ၁၄/ဖပန(နိုင်)၀၀၈၈၂၃မှ တရားရုံးဒီကရီ၊ အရောင်းအဝယ်စာချုပ် GP ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၇၊ (ကျောက်တန်းကွင်း) မြေကွက်အမှတ် ၂၀၀၊ မြေကွက်တည်နေရာအမှတ် ၂၀၀၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ဘားလားရွှေနံ့သာ၊ သစ်ခွရွာအတွင်းရှိမြေအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချထားပေးသော သစ်ခွစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာရရှိထားသူ ဦးသိန်းထွေး(ခ)ဦးဖိုးကျားထံမှ ၂၃-၇-၂၀၁၁ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးသာထက်လင်း ၇/ပမန(နိုင်)၀၉၁၇၃၀က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ထောက်ခံချက်၊ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မယ်ဒက်ကယ်ဘုရားဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရေတာရှည် မေ ၁၀

ရေတာရှည်မြို့နယ် သမိုင်းဝင်မယ်ဒက်ကယ်ဘုရားဗုဒ္ဓပူဇနိယပွဲတော်ကို တန်ခူးလဆန်း ၆ ရက်မှစတင်၍ ကျင်းပနေပြီဖြစ်သည်။ မယ်ဒက်ကယ်ဘုရားကြီးမှာ ရေတာရှည်မြို့မှ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာတွင် တည်ရှိပြီး ညောင်ပင်သာကျေးရွာအနီးမှသွားလာနိုင်မည်ဖြစ်သည်။ မယ်ဒက်ကယ်ဘုရားပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဈေးသည်များ၊ ဒေသတွင်းမှ ထွက်ကုန်ပစ္စည်းများ၊ လက်ဝှေ့ပြိုင်ပွဲများ၊ ဇာတ်ပွဲများ ပါဝင်သည်။ ဘုရားပွဲတော်ကြီးမှာ ရှေးအစဉ်လာမပျက် နွားလှည်းများဖြင့် အများဆုံးပျော်ပျော်ပါးပါး သွားရောက်လေ့ရှိပြီး ရပ်ဝေးရောက်နေသူများကလည်း ဘုရားပွဲတော်အမီ ပြန်လာကြကာ နံနက်စောစောအရုဏ်တက်ချိန်၌ နွားချူသံတညံညံဖြင့် သွားရောက်ကြသည်။ ၁၀ ရက်ကြာကျင်းပသည့်ဘုရားပွဲတော်ကြီးတွင် တန်ခူးလဆန်း ၁၃ ရက်မှ ၁၅ ရက်အထိ တိုး၍ပင်မရအောင်အစည်ကားဆုံးဖြစ်ပြီး ရပ်ဝေးရပ်နီးမှ လာရောက်သူများကြောင့် ဈေးရောင်းသူများ တွက်ခြေကိုက်သည့် ဘုရားပွဲတော်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

နွေရာသီဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၄ခုနှစ် နွေရာသီ ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲကို မေ ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်း အမျိုးသား၊ အမျိုးသမီးနှင့် အသက် ၁၈ နှစ်အောက်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး အသက် ၁၈နှစ်အောက် ပြိုင်ပွဲအတွက် အားကစားသမားသည် ၁၉၉၆ခုနှစ် မွေးဖွားသူဖြစ်၍ အထောက်အထားအဖြစ် မှတ်ပုံတင်မူရင်း တင်ပြနိုင်သူဖြစ်ရမည်။ နယ်မှလာသော ပြိုင်ပွဲဝင်အသင်းများအတွက် တစ်သင်းလျှင် ငွေကျပ်တစ်သိန်းနှုန်း ပံ့ပိုး၍ တည်းခိုနေထိုင်စားသောက်စရိတ်တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ အသင်းဝင်ကြေးအဖြစ် အလွတ်တန်း ပြိုင်ပွဲငွေကျပ်တစ်သောင်း၊ အသက် ၁၈ နှစ်အောက်ပြိုင်ပွဲငွေကျပ်ငါးသောင်းနှုန်း သတ်မှတ်မည်ဖြစ်ပြီး အသင်းဝင်ခွင့်ကို မေ ၁၄ ရက် နောက်ဆုံးထား၍ ဖုန်း-၀၁-၅၅၆၉၅၂ ကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံသို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို မေ ၁၆ ရက် နံနက် ၁၀ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီပီပြောင်းစိုက်တောင်သူများ အထွက်နှုန်းကောင်းသဖြင့် မိသားစုဝင်ငွေတိုး

မုံရွာ မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများသည် ပဲမျိုးစုံ၊ နှမ်း၊ ခရမ်းချဉ်၊ ရာသီ သီးနှံမျိုးစုံ၊ ပြောင်းဖူး၊ မြေပဲ၊ ငှက်ပျောစိုက်ပျိုးရေးတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်လျက်ရှိရာ ယခုနှစ် ပြောင်းစိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းသဖြင့် တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

ပြောင်းစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး "ကျွန်တော်တို့ဒီအနီးအနားတစ်ဝိုက်က တောင်သူတွေ စီပီပြောင်း ၈၈၈ မျိုးနှင့် ၃၀၁ မျိုးတို့ကို ကြက်စာအတွက် စိုက်ကြတယ်။ ဒီပြောင်းမျိုးတွေကို သီတင်းကျွတ်လပြည့်ကျော်ဆိုရင် စစိုက်ကြတယ်။ ၈၈၈ မျိုးတစ်ထုပ်ကိုငွေကျပ် ၂၅၀၀၀ လောက်ပေးရတယ်။ အပင်သက်တမ်းက ၉၅ ရက်လောက်ကြာတယ်။ မနှစ်ကတော့ တစ်ဧကကို ၁၀၀ ပတ်ဝန်းကျင်လောက်ထွက်တယ်။ ဒီနှစ်ကတော့ ရာသီဥတုကလည်းကောင်းတော့ တစ်ဧကကိုတင်း၁၀၀ကျော်ထွက်တယ်။ အခုအစပိုင်းပဲရှိသေးတယ် လက်ရှိပေါက်ဈေးက ပြောင်းဆန်တစ်တင်းကို ငွေကျပ် ၆၈၀၀ ဈေးပေါက်တယ်။ သင်္ကြန်ပြီးရင်တော့ ဈေးတက်တတ်ပါတယ်။ ပြောင်းရိုးတွေကိုတော့ မနှစ်ကနွားစာအဖြစ် ရောင်းရတယ်။ ဒီနှစ်ကျတော့ စိုက်တဲ့သူများလာတာရယ်၊ နွားစာပေါတာရယ်ကြောင့် တခြားနေရာကနွားစာလိုအပ်တဲ့သူတွေရှိရင် ကျွန်တော်တို့က အလကားပေးတယ်။ ဒါပေမယ့် အလကားပေးတာတောင်ယူမယ့်သူမရှိလို့ အခင်းတွေထဲမှာ မြေဩဇာရအောင်မီးရှို့နေရတယ်။ ပြောင်းဖူးဖက်ဆိုရင်လည်း မနှစ်ကတစ်ပိဿာကို ငွေကျပ် ၅၀၀ လောက်ရတယ်။ ဒီနှစ်တော့ ဝယ်မယ့်သူကိုမရှိတော့ဘူး။ ပြောင်းဖူးစေ့ခြွေရင်လည်း စက်ငှားခအဖြစ် တင်း၁၀၀ထွက်ရင် ပြောင်းဆန် တစ်တင်းပေးရတယ်။ ပြောင်းပင်ရိတ်ခနဲ့ ပြောင်းဖူးအခွံခွာခက လူငှားရင်လည်း တစ်ရက်ကို စရိတ်ငြိမ်း ငွေကျပ် ၃၀၀၀ ပေးရတယ်။ တစ်ဧကကို မျိုး၊ ရေသွင်းခ၊

ရူးဆွတ်ပြီး ပြောင်းဖူးများကို ရွေးချယ်နေစဉ်။

ယခုနှစ်တွင် စိုက်ပျိုးဧက ၁၀၀ ကျော် တိုးချဲ့စိုက်ပျိုးခဲ့ . . .

စက်ငှားခ၊ လူငှားခ၊ မြေဆီအိတ်ကုန်ကျငွေ၊ ထွန်ယက်ခ စုစုပေါင်း ငွေကျပ်နှစ်သိန်းလောက် ကုန်ကျတယ်။ အခုလောလောဆယ် တစ်ဧကကို ငွေကျပ် ငါးသိန်းနီးပါး အမြတ်ရတယ်လေ၊ တွက်ခြေကိုက်ပါတယ်" စသည်ဖြင့် ဘုဘ ကျေးရွာမှ ပြောင်းစိုက်တောင်သူတစ်ဦးကပြောသည်။

"မနှစ်တုန်းကတော့ ပြောင်းဖူးပင်က နွားစာအဖြစ် ရောင်းရတယ်။ ပြောင်းဖူးအရွက်လည်း ပိဿာချိန်နဲ့ရောင်းရတယ်။ အဲဒီငွေတွေက လုပ်ငှားခ၊ စက်ငှားခတွေ ကျေတယ်၊ အခုနှစ်ကျတော့ စိုက်တဲ့သူတွေများလာတာရယ်၊ ရာသီဥတုကောင်းတော့ နွားစာပေါတာရယ်ကြောင့် ကိုယ့်နွားစာအတွက် ချန်ပြီး ကျန်တာတွေကို မီးရှို့ပစ်ရတယ်။ ပြောင်းပင်နဲ့ပြောင်းဖူးဖက်တွေ မရောင်းရတော့ ဒီနှစ်ကုန်ကျစရိတ်နည်းနည်းတက်လာတယ်။ အထွက်နှုန်းအနေနဲ့ကတော့ မနှစ်ကနဲ့ဒီနှစ်သိပ်ပြီးတော့ မကွာဘူး။ ဒီနှစ်အထွက်နှုန်း နည်းနည်းပိုကောင်းပြီး ဈေးနှုန်းသင့်လို့ တော်သေးတယ်၊ ပြောင်းဖူးစိုက်တာ ငွေလုံးငွေရင်းလည်းရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဈေးနှုန်းကောင်း

အဆိုပါ ကျေးရွာတွင် စီပီပြောင်း ၈၈၈ မျိုးနှင့် ၃၀၁မျိုးတို့ကို မနှစ်က ဧက ၅၀ ခန့်စိုက်ပျိုးရာ အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းသဖြင့် ယခုနှစ်တွင် စိုက်ပျိုးဧက ၁၀၀ ကျော် တိုးချဲ့စိုက်ပျိုးခဲ့ရာ ယခင်နှစ်ထက် အထွက်နှုန်းကောင်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မော်လမြိုင်ခရိုင်တရားရုံး

၂၀၁၂ခုနှစ်၊ တရားမကြီးအမှုအမှတ်-၅၈ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

မန်နေဂျာ — နှင့် — ဦးအောင်သန်း
အင်းဝဘဏ်လီမိတက် — ဒေါ်နော်ခူးဖော
မော်လမြိုင်မြို့။
တရားနိုင် — **တရားရှုံးများ**

ဦးအောင်သန်း၊ ဒေါ်နော်ခူးဖော မွန်ပြည်နယ်၊ မော်လမြိုင်၊ မြိုင်သာယာရပ်ကွက်၊ သမိန်ဗရမ်းလမ်း အမှတ် ၃၆၅တွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၅၈တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ အင်းဝဘဏ်လီမိတက်၊ မော်လမြိုင်မြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၂၈ရက် (၁၃၇၆ခုနှစ် တန်ခူးလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မေ ၇ရက်တွင် ဤရုံးတံဆိပ်ကပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်အေးမြိုင်)
ဒုတိယခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် ၃၇၂ ၁/၂၊ မြေကွက်တည်နေရာအမှတ် ၃၇၂ ၁/၂၊ နွယ်သာကီ ၈လမ်း၊ (က)ရပ်ကွက်၊ ဒေါ်သက်မွန်အန်/အိုကေအေ-၀၆၅၄၅၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သက်မွန်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၇၈၉၊ ပေ(၄၀×၆၀) မြေကွက် (ပါမစ်မြေအမျိုးအစား) မြေအမည်ပေါက် (ဒေါ်ရင်ရင်မြ)ဟု ခေါ်တွင်သော မြေကွက်အား မူလပိုင်ရှင်ထံမှ အရပ်ကတိဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူမှ ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း မြေချပါမစ်မူရင်း၊ စာချုပ်စာတမ်းမူရင်းတို့ဖြင့် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း ဝယ်ယူရန်သဘောတူညီသည့်အလျောက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ကြေညာချက်ပါသည့်ရက်မှခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မသူဇာ ၁၀/ဘလန(နိုင်)၀၇၃၄၆၈
အမှတ်(၃၄၅/က)၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ မြောက်ဒဂုံ၊
ဖုန်း-၀၉-၄၉၅၇၈၂၁၇၊ ၀၉-၄၄၈၀၂၃၃၆၂၊ ၀၉-၂၅၀၃၉၆၈၆၄

ကန့်ကွက်နိုင်ပါကြောင်း

သဃၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စံပြ၊ မြေကွက်အမှတ် ၃၆၉၊ မြေကွက်တည်နေရာအမှတ် ၃၆၉၊ ၁လမ်း၊ စံပြရပ်ကွက်၊ သဃၤန်းကျွန်း ဦးသက်ခင် ၁၂/သဃက(နိုင်)၀၅၂၂၈၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသက်ခင်(ဖခင်)နှင့် ဒေါ်ရင်စိန်(မိခင်)၊ ဦးအောင်မြင့်ဆွေ(လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် (၁) ဒေါ်ရင်ရင်မြင့် ၁၂/တမန(နိုင်)၀၉၃၀၀၂၊ (၂) ဒေါ်အေးအေးမြင့် ၁၂/သဃက(နိုင်)၀၅၂၂၈၉၊(၃) ဒေါ်အေးအေးမွန် ၁၂/သဃက(နိုင်)၀၅၂၂၈၈တို့က သားသမီး မောင်နှမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၉၄၂၊ မြေကွက်တည်နေရာအမှတ် ၉၄၂၊ ၁ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးကျော်အေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးကျော်အေးမှာ ၁၆-၂-၉၈ နှင့် မိခင် ဒေါ်သန်းမှာ ၁၂-၅-၂၀၀၁ တို့တွင် ကွယ်လွန်သဖြင့် ဦးမြင့်ဝေ ၁၂/မရက(နိုင်)၀၄၈၇၇၉က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅၆)လမ်းတို (အလျား ၁၅ပေ×အနံပေ ၅၀)အကျယ်အဝန်းရှိ တိုက်အမှတ်(၈၀/အေ)၊ မြေညီထပ်ဟုခေါ်တွင်သော တိုက်ခန်းအား တရားဝင် လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ထွန်း ၁၂/ပဇတ(ဧည့်)၀၀၀၀၅၂ ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်တင်မေ ၅/စကန(နိုင်)၀၄၈၈၈၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်လှ (ဥပဒေဘွဲ့) **ဒေါ်ယဉ်မင်းဝင်း (LL.B, DBL,DML)**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၅၂)၊ အခန်း(အေ-၃)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၅၀၁၆၅၉၈၅၊ ၀၉-၄၂၂၄၈၉၇၅၂

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ဦးစိန်ထွန်း-ဒေါ်ညွန့်ရီတို့၏ သမီး၊ မမွန်မွန်ဖြိုး၊ မောင်ထူးဝေဖြိုးတို့၏ (မိခင်) မစန်းစန်းဝင်း(ခ)မမာမာအေး ၁၃/ဖခန(နိုင်)၀၃၈၆၄၁ သည် စိတ်အနှောင့်အယှက်ဖြစ်အောင် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်အခါခါ ပြုလုပ်နေပါသဖြင့် ၁-၄-၂၀၁၄ရက်မှစ၍ တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ တာဝန်မယူသည့်အပြင် ကျွန်ုပ်မသိဘဲ ယူဆောင်သွားသောပစ္စည်းများအား တစ်ပတ်အတွင်း အမြန်ဆုံး လာရောက်ပေးအပ်ရန် အကြောင်းကြားသည်။

ဗိုလ်ကြီးဇော်နိုင်(ငြိမ်း)
၁၃/မခန(နိုင်)၀၃၈၅၇၂

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် လူကူးတံတားဆောက်လုပ်ပြီးစီး

ကျွန်းလှ ဧပြီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက် ခြမ်းကျေးရွာများ တစ်ရွာနှင့်တစ်ရွာ သွားလာရာ၌ ချောင်းများရှိနေသည့်အတွက် ကိုယ့်အားကိုယ်ကိုး လူကူးတံတားများ ဆောက်လုပ်လျက်ရှိပြီး ဝေလမူကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာကြားတွင်လူကူးတံတားဆောက်လုပ်ပြီးစီးနေသည်ကို တွေ့ရသည်။

ပေပင်ချောင်းကျေးရွာမှ တိုက်နယ်ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲရှိသည့် အတွက် ကျန်းမာရေးမကောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးရောင်းဈေးဝယ်များ၊ ခရီးသွားပြည်သူများ၊ မိုးရာသီတွင် ချောင်းရေစီးဆင်းရာ ရေကျသည်အထိ စောင့်ရ၍ အခက်အခဲတွေ့ကြုံခဲ့ကြကြောင်း၊ ယခုအခါ လူကူးတံတားဆောက်လုပ်ပြီးစီးသည့်အတွက် ဒေသခံပြည်သူများရာသီမရွေးသွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း နေ့စဉ်ဈေးရောင်းသွားသူ ဦးမောင်ဆွေက ပြောကြားသည်။ အဆိုပါ လူကူးတံတားကိုဒေသခံပြည်သူများပူးပေါင်းကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီး တံတားမှာ လူကူးရုံတင်သာမကဘဲ ဆိုင်ကယ်၊ စက်ဘီးများလည်းသွား၍ရကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

နွေစပါး၊ ငရုတ်စိုက်ပျိုးသူထက် မတ်ပဲစိုက်ပျိုးသူ ဝင်ငွေပိုမိုရရှိ

ရန်ကုန် ဧပြီ ၁၀

ဧပြီ ၃ရက် ရန်ကုန်ဈေးကွက်တွင် မတ်ပဲဈေးနှုန်း မြင့်တက်လာပြီး နွေဆန်နှင့် ငရုတ်ရှည်ဈေးနှုန်းများ ကျဆင်းသဖြင့် မိုးစပါးရိတ်သိမ်းအပြီး မြစ်ဝကျွန်းပေါ် ဒေသတွင် မတ်ပဲ

မတ်ပဲဈေးနှုန်းမြင့်တက် စိုက်ပျိုးသူများ ဝင်ငွေကောင်း . . .

စိုက်ပျိုးသူများအနေဖြင့် နွေစပါး၊ ငရုတ်စိုက်ပျိုးသူများထက် ဝင်ငွေပိုမိုရရှိလာသည်ဟု ကုန်သည်များကဆိုသည်။

ဧပြီ ၃ရက်တွင် ပြည်ပပို့မတ်ပဲ FA Qက တစ်တန်ဈေးနှုန်း ဒေါ်လာ ၃၀ဈေးတက်လာကြောင်း၊ မတ်ပဲ RC က တစ်တန်လျှင် ငွေကျပ် ၆၅၈၀၀၀ နှုန်း၊ SQ.RC တစ်တန် ၇၂၀၀၀၀ ကျပ်ဖြစ်လာကြောင်း၊ ၂၀၁၃နှင့် ၂၀၁၄ ဧပြီလဆန်းအထိ အမြင့်ဆုံးဈေးနှုန်းဖြစ်သဖြင့် မတ်ပဲစိုက်ပျိုးသူများဝင်ငွေပိုမိုရရှိလာသည်ဟု သိရသည်။

ဧပြီ ၃ရက်က နွေဆန် တစ်အိတ်လျှင် ငွေကျပ် ၁၅၇၀၀ ဝန်းကျင်၊ ရွှေလောင်း ငရုတ်ရှည်တစ်ပိဿာ ငွေကျပ်၂၁၀၀၊ ဝါးခယ်မငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၂၂၅၀၊ ပြည်ပငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၂၀၀ သာရှိကြောင်း၊ ယခုနှစ် မတ်လလယ်တွင် နွေဆန်တစ်အိတ်လျှင်ငွေကျပ် ၁၆၅၀၀ ဝန်းကျင်၊ ဝါးခယ်မ ငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၆၀၀၊ ပြည်ပငရုတ်ရှည် တစ်ပိဿာလျှင်ငွေကျပ် ၂၈၀၀နှုန်းထိဈေးမြင့်ပြီးမှ ဈေးနှုန်းများပြန်လည် ကျဆင်းလာခြင်းဖြစ်ကြောင်း၊ နွေစပါး ထွက်ပေါ်ချိန်တွင် ပေါင် ၅၀ ကိုက် တင်းတစ်ရာလျှင် ငွေကျပ်လေးသိန်းဝန်းကျင်ရှိရာမှ ယခုရက်တွင် ငွေကျပ် ၃၇၀၀၀၀ဝန်းကျင် ဈေးကျလာကြောင်း ဈေးကွက်မှ သိရသည်။

ယခုနှစ်ဧပြီလဆန်းတွင် မတ်ပဲ တစ်တန် ငွေကျပ် ၅၂၄၀၀၀ ဝန်းကျင်၊ နွေဆန်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀ ဝန်းကျင်၊ ဝါးခယ်မ ငရုတ်ရှည်တစ်ပိဿာငွေကျပ် ၁၆၅၀-၁၆၇၅ ဝန်းကျင်ရှိသဖြင့် ယခုနှစ်တွင် မတ်ပဲနှင့်ငရုတ်ဈေးနှုန်းသည် ဈေးမြင့်နေကြောင်း၊ ယခင်နှစ် ဧပြီလဆန်း ဈေးနှုန်းများနှင့်နှိုင်းယှဉ် လျှင် မတ်ပဲ၊ နွေစပါး၊ ငရုတ်စိုက်ပျိုး သူများ ဝင်ငွေကောင်းသည်ဟု ဆိုသော်လည်း ယခုနှစ်ဧပြီလဆန်းအနေဖြင့် ကြည့်လျှင်မတ်ပဲစိုက်ပျိုးသူများသည် နွေစပါး၊ ငရုတ်စိုက်ပျိုးသူများထက် ဝင်ငွေပိုမိုရရှိသည်ဟု ကျောင်းကုန်းနယ်မှ ကုန်သည်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

သုတစံအိမ်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင်လှူဒါန်းပွဲကျင်းပ

ကော့ကရိတ် ဧပြီ ၁၀

ကျေးလက်နေပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာဗဟုသုတကြွယ်ဝစေရေးအတွက် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လောင်းကိုင်ကျေးရွာ သုတစံအိမ်စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲနှင့် စာအုပ်စာစောင်ငွေပဒေသာပင်လှူဒါန်းပွဲကို ဧပြီ ၆ ရက် ညနေ ၄ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

၎င်းစာကြည့်တိုက်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၄၀ နှင့် ကျေးရွာနေပြည်သူများထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်း ၄၅ သိန်းဖြင့် ဆောက်လုပ်ပြီး စာကြည့်တိုက်အဆောက်အအုံမှာ အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၄ ပေရှိ အာရ်စီတိုင်သွပ်မိုး၊ အုတ်ပတ်ကား၊ သမံတလင်းခင်း အမျိုးအစားဖြစ်သည်။

ဆက်လက်၍ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စဉ့်ကူးမြို့ရှိ ငလျင်ဒဏ်သင့် ဖောင်တော်ဦးစေတီ ဘုရားရင်ပြင်တော်သန့်ရှင်းရေး လုပ်အားဒါနပေးလှူ

စဉ့်ကူး ဧပြီ ၁၀

စဉ့်ကူးမြို့ရှိ ရှေးခေတ်ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး (၄၅၄-၅၂၉)က တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင်ဖောင်တော်ဦးစေတီတော်ကြီးသည် ၂၀၁၂ ခုနှစ်က အင်အားပြင်းငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ ယခုအခါ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က ဘုရားကြီးအား ပြန်လည်မွမ်းမံ တည်ဆောက်ရန်အတွက် ဧပြီ ၇ ရက် နံနက် ၈ နာရီက ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ဘုရားရင်ပြင်တော် ရှင်းလင်းဆောင်ရွက်ရာသို့ ရပ်ကွက်ပြည်သူများနှင့် ရွှေရပ်တော်ဘုရားယဉ်ကျေးလိမ္မာသင်တန်းသား သင်တန်းသူများ လာရောက်၍ ရင်ပြင်တော်သန့်ရှင်းရေးအတွက် လုပ်အားဒါနများ စုပေါင်းပေးလှူကြရာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်မောင်နှင့် ဂေါပကအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးကြသည်။ လက်ဖက်ရည်နှင့် ကောက်ညှင်းပေါင်းအာဟာရများ ကျွေးမွေးဧည့်ခံကြကြောင်း သိရသည်။

ဝင်းမောင်(စဉ့်ကူး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးကြပ်၍ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသရှိ လေရှီးမြို့နယ်တွင် မတူဂီချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းအား တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၈-၄-၂၀၁၄ မှ ၃၀-၄-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာရယူရန်နေရာ** - တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မုံရွာမြို့
(ဂ) **တင်ဒါတင်သွင်းရန်** - ၃၀-၄-၂၀၁၄ ရက် (၁၆:၀၀)နာရီအထိ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မုံရွာမြို့

၃။ သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၄
(ခ) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ်(၅)တည်ဆောက်ရေး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၂၂၉၊ ၂၃၂၇၉

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အမည်ဖြည့်စွက်ခြင်း

မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာ၊ ရေနံ့မြေရပ်နေ ဦးသန်းစိန်၏သား မောင်သန်းဝင်းမြင့်အား မောင်သန်းဝင်းမြင့်(ခ)မောင်ရန်ဟိန်းဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်သန်းဝင်းမြင့်(ခ)မောင်ရန်ဟိန်း
၆/မအရ(နိုင်)၀၉၇၅၆၂

အမည်မှန်တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်(၃/ပန်းတိမ်တန်း)၊ ဦးပိုင်အမှတ် ၅၇၊ မြေကွက်အမှတ် ၁၀၉၊ ဧရိယာ ၀ဒသမ ၀၃၈ ဧကရှိ မြေကွက်တွင်နေထိုင်သူ ဒေါ်တင်တင်ချို ၉/မထလ(နိုင်)၀၂၀၁၆၅၊ ဒေါ်စန်းစန်းချို ၉/မထလ(နိုင်)၀၂၀၅၆၆တို့၏ ဖခင်အမည်မှန်မှာ ဦးငွေမောင်(ခ)ဦးငွေမောင်း ၉/မထလ(နိုင်) ၀၁၉၉၇၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးငွေမောင်(ခ)ငွေမောင်း ၉/မထလ(နိုင်)၀၁၉၉၇၂

ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ အောက်ဖော်ပြပါ မြို့နယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- လောင်းလုံမြို့နယ်တွင် (၂)ယူနစ် နှစ်ထပ် မီးသတ်စခန်းတစ်လုံးနှင့် လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းနေအိမ်တစ်လုံး ဆောက်လုပ်ခြင်း၊
- သရက်ချောင်းမြို့နယ်တွင် ငါးယူနစ် နှစ်ထပ်မီးသတ်စခန်းတစ်လုံး၊ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းနေအိမ် သုံးလုံး၊ နှစ်ခန်းတွဲဝန်ထမ်းနေအိမ်တစ်လုံးနှင့် လူပျိုဆောင် တစ်လုံးဆောက်လုပ်ခြင်း၊
- ရေဖြူမြို့နယ်တွင် ငါးယူနစ်နှစ်ထပ်မီးသတ်စခန်းတစ်လုံး၊ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းနေအိမ် သုံးလုံး၊ နှစ်ခန်းတွဲဝန်ထမ်းနေအိမ် တစ်လုံးနှင့် လူပျိုဆောင်တစ်လုံး ဆောက်လုပ်ခြင်း၊
- ပုလောမြို့နယ်တွင် ငါးယူနစ်၊ နှစ်ထပ်မီးသတ်စခန်းတစ်လုံး၊ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းနေအိမ် သုံးလုံး၊ နှစ်ခန်းတွဲဝန်ထမ်းနေအိမ်တစ်လုံးနှင့် လူပျိုဆောင်တစ်လုံး ဆောက်လုပ်ခြင်း၊
- တနင်္သာရီမြို့နယ်တွင် ငါးယူနစ်၊ နှစ်ထပ်မီးသတ်စခန်းတစ်လုံး၊ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းနေအိမ်သုံးလုံး၊ နှစ်ခန်းတွဲဝန်ထမ်းနေအိမ်တစ်လုံးနှင့် လူပျိုဆောင်တစ်လုံး ဆောက်လုပ်ခြင်း၊
- ကျွန်းစုမြို့နယ်တွင် ပြင်ပရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ဘုတ်ပြင်းမြို့နယ်တွင် လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းနေအိမ်သုံးလုံး၊ အရာရှိနေအိမ်တစ်လုံးဆောက်လုပ်ခြင်း၊

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၈-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရက်** - ၆-၅-၂၀၁၄ ရက်
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁၂-၅-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၉-၂၃၈၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံ လုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမျိုးအစား
(၁)	ယင်းမာပင်မြို့၊ မြောက်ယမားချောင်း ကမ်းပါးကာကွယ်ထိန်းသိမ်းခြင်း	မျောတိုင်တန်းကျောက်ဖြည့် ရေကာတိုများတည်ဆောက်ခြင်း
(၂)	ရေဦးမြို့၊ အောင်မင်္ဂလာရပ်ကွက်	Steel basket အခြေပြု ကျောက်စီနံရံတည်ဆောက်ခြင်း

တင်ဒါပုံစံရယူရမည့်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့
တင်ဒါပုံစံယူရမည့်ရက် - ၈-၄-၂၀၁၄ ရက်မှ ၇-၅-၂၀၁၄ ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၈-၅-၂၀၁၄ ရက် (ကြာသပတေးနေ့) ၁၀း၀၀နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၂-၅-၂၀၁၄ ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ

ဌာနမှ ရေးဆွဲထားသည့် ဒီဇိုင်းပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၆၃၆၃ (6E/6363)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၄၀၅၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရွှေဝယ်ဟန်ဆောင်၍ ရွှေဆွဲကြိုး ခုနစ်ကုံး၊ အလေးချိန် ခြောက်ကျပ်သား ခိုးယူခံရမှုဖြစ်ပွား

ပျဉ်းမနား မေ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့မဈေးတွင် ဖွင့်လှစ်ထားသော ရွှေဆိုင်တစ်ဆိုင်မှ ရွှေဝယ်ရန် ဟန်ဆောင်၍ ရွှေဆွဲကြိုး ခိုးယူခံရမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၅ ရက်နံနက် ၉ နာရီက ဦးအောင်မြင့် ၅၂ နှစ် အောင်ဇမ္ဗူ ရွှေဆိုင်ပိုင်ရှင်အမှတ် ၆/၃၀၄ မြို့ဦးရပ်ကွက် ပျဉ်းမနားမြို့နေသူသည် မင်္ဂလာရပ်ကွက် ဗိုလ်မင်းခေါင်လမ်း ပျဉ်းမနားမြို့ မြို့မဈေးရှိ ဆိုင်ခန်းအမှတ် B ၂၀၇/၂၀၈ တွင်ရှိသော အောင်ဇမ္ဗူရွှေဆိုင်သို့ သွားရောက်ပြီး ဆိုင်ဖွင့်၍ ရွှေထည်ပစ္စည်းများ ခင်းကျင်းနေစဉ် ဆိုင်အတွင်းသို့ အိန္ဒိယနိုင်ငံသားဟု ယူဆရသော အမည်မသိ ၄၇နှစ်ခန့်၊ နေရပ်မသိ၊ မျက်နှာဝိုင်း၊ အသားမည်း၊ နှုတ်ခမ်းမွှေးထူ၊ ဗိုက်ရွဲ၊ အရပ်ငါးပေသုံးလက်မခန့်၊ အကျႌခဲရောင်လက်တိုစပို့ရှပ်နှင့် စတိုင်ဘောင်းဘီကို ဝတ်ဆင်ထားသူနှင့် အသက် ၄၅ နှစ်ခန့် ဘ၊ နေရပ်၊ အမည်မသိ၊ မျက်နှာသွယ်၊ အသားလတ်၊ ကိုယ်ခန္ဓာသင့် အရပ်ငါးပေလေးလက်မခန့် အကျႌနုံ့သာရောင် စဖို့ရှပ်လက်တို၊ စတိုင်လ်ဘောင်းဘီ ရှားစေးရောင် ဝတ်ဆင်ထားသူနှစ်ဦး ဝင်ရောက်လာပြီး အင်္ဂလိပ်စကားများပြောဆိုကာ ရွှေထည်ပစ္စည်းများ လိုက်လံကြည့်ရှုပြီး ဦးအောင်မြင့်၏ မြေးဖြစ်သူ ဇေယျာလင်းထွန်းအား စကားလှည့်ပြောနေစဉ် အမည်မသိသူနှစ်ဦးမှာ ဆိုင်ထဲမှ ပြန်ထွက်သွားပြီးနောက် ၉ နာရီ ၁၀ မိနစ်က ကောင်တာပေါ် တင်ထားသော ပစ္စည်းများအား ခင်းကျင်းခဲ့ရာ အဝတ်စဖြင့် စုစည်းထားသော ဘတ်သံကြိုးပုံ ရွှေဆွဲကြိုး ခုနစ်ကုံး၊ အလေးချိန် ခြောက်ကျပ်သား ကာလတန်ဖိုး ငွေကျပ် ၃၇ သိန်းခန့်မှာ ပျောက်ဆုံးနေကြောင်း သိရသဖြင့် ဆိုင်အတွင်းသို့ဝင်ရောက်ကာ ရွှေဆွဲကြိုးများကို ခိုးယူသွားသူ နှစ်ဦးအား စုံစမ်းအရေးယူပေးပါရန် ဦးအောင်မြင့်က ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်တန်းသဖြင့် ပျဉ်းမနားရဲစခန်းက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကို (ပျဉ်းမနား)

မြန်မာပီတန်းလက်ရွေးစင်အသင်းပြည်ပထွက်ခွာ

ရန်ကုန် မေ ၁၀

မေ ၉ရက်မှ ၁၂ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင်ကျင်းပမည့် ပထမအကြိမ်အရှေ့တောင်အာရှပီတန်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အဖွဲ့ခေါင်းဆောင် ဦးနေမျိုးလွင် လက်ထောက်ညွှန်ကြားရေးမှူး (အား/ကာ)နည်းပြ ဦးသန်းထွဋ်ဦးစီးအရာရှိ (အား/ကာ) နှင့်အတူ အားကစားသမားခြောက်ဦး စုစုပေါင်းရှစ်ဦးတို့သည် မေ ၈ရက် နံနက် ၈နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ (၂၇) ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် သန်းဇော်ဦးကလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ငြိမ်းချမ်းဖြိုးနှင့်လမ်းယောင်းကင်တို့ကလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အေးအေးငြိမ်းကလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် သဲစုစုအောင်နှင့် ယွန်းမီမီကျော်တို့က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ ပြိုင်ပွဲအမျိုးအစား အမျိုးသား အမျိုးသမီးလေးမျိုးတွင် ရွှေတံဆိပ်ဆုရှစ်ခု ချိန်ရွယ်မည်ဖြစ်ကြောင်းသိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

ပြောင်းစိုက်တောင်သူများအတွက် ချိုသာသောဈေးနှုန်းဖြင့် မျိုးစေ့များဖြန့်ဖြူး

ကျောက်မဲ မေ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်ရှိ အစေ့ထုတ်ပြောင်းစိုက်ပျိုးကြသော တောင်သူများသည် နှစ်စဉ် ပြောင်းစိုက်ရာသီရောက်ချိန်နီးတိုင်း ပြောင်းမျိုးစေ့ရောင်းကုမ္ပဏီ ကိုယ်စားလှယ်အချို့နှင့် ကုန်သည်အချို့ ပူးပေါင်းပြီး ပြောင်းမျိုးစေ့များကို သိုလှောင်လျက် အဆမတန် ဈေးမြှင့်တင်ရောင်းချခြင်းကို ခံနေရသည်။

C.P 888 ပြောင်းမျိုးစေ့ ငါးကီလိုတစ်အိတ်လျှင် ကုမ္ပဏီဈေး ငွေကျပ် ၁၉၀၀၀ ရှိရာ ၎င်းတို့က ငါးကီလိုတစ်အိတ်ကို ငွေကျပ် ၂၉၀၀၀ မှ ၃၃၀၀၀ အထိ အဆမတန် ဈေးတင်ရောင်းချခဲ့ကြသည်။

ယခုနှစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပြည်သူများ၏ လူမှုအကျိုးစီးပွားများကို ကူညီဆောင်ရွက်ပေးနေသော ရှမ်းလူမှုကွန်ရက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဝုန်းမေတ္တာ(မေတ္တာစက်ဝိုင်း)အဖွဲ့က ကျောက်မဲ၊ နောင်ချိုမြို့နယ်များအတွင်းရှိ ပြောင်းစိုက်တောင်သူများအား ဈေးနှုန်းချိုသာပြီး အထွက်နှုန်းကောင်းမွန်သည့် ပြောင်းမျိုးစေ့များ ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်ကို တွေ့ရသည်။

ဝုန်းမေတ္တာ (မေတ္တာစက်ဝိုင်း) ရှမ်းလူမှုကွန်ရက်အဖွဲ့အစည်းသည် ထိုင်းနိုင်ငံရှိ (Seven Tiger)ကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်ပြီး တစ်ဧကပြောင်းဆန် ပိဿာချိန် ၂၈၀၀ မှ ၃၀၀၀ အထိ ထွက်ရှိသည့် မျိုးကောင်းမျိုးသန့် ၁၂၉ ပြောင်းမျိုးစေ့များကို မှာယူတင်သွင်းပြီး ပြောင်းစိုက်တောင်သူများအား ငါးကီလို တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀ ဈေးနှုန်းဖြင့် အဖိုးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

မိမိတို့ပြောင်းစိုက်တောင်သူများသည် ဝိသမလောဘသမား ကုန်သည်တို့၏ မတရားပြုမူခြင်းကို ခံနေခဲ့ရသည်မှာ ယခုနှစ်မှစတင်ပြီး လွတ်ကင်းခဲ့ပြီဖြစ်ကြောင်း၊ မေတ္တာစက်ဝိုင်း လူမှုကွန်ရက်အဖွဲ့အစည်းကို အထူးကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် ကျောက်မဲမြို့နယ် တံခွန်တိုင်ရွာမှ ပြောင်းစိုက်တောင်သူ ဦးစိုင်းနန္ဒက ပြောကြားသည်။

ကျောက်မဲမြို့နယ်တွင် နှစ်စဉ် ပြောင်းမျိုးစေ့တန် ၃၀၀ စိုက်ပျိုးကြောင်း သိရသည်။

မောင်မောင်(ကျောက်မဲ)

သတင်းတိုများ

ရေဦးမြို့နယ်ရှိ နွေစပါးစိုက်ခင်းများ ဆစ်ပိုးကျရောက်မှု ကွင်းဆင်းစစ်ဆေး

ရေဦး မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် အုတ်ဖိုကျေးရွာအုပ်စုတွင် ၂၀၁၄ ခုနှစ် နွေစပါး လျာထားချက် ၁၄၉၉ ဧက အနက် ၁၄၀၀ ခန့်စိုက်ပြီးဖြစ်သည်။ ဆစ်ပိုးကြောင့် နွေစပါးဆက်လက်စိုက်ပျိုးမည် မဟုတ်ဟူသော သတင်းအရ ဆစ်ပိုးကျရောက်ခြင်းအခြေအနေကို သိရှိနိုင်ရန် တိုင်းဒေသကြီးသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်၊ ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆွေ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်း၊ မြို့နယ်စိုက်ပျိုးရေးတာဝန်ခံ ဦးတင်မောင်ဝင်းနှင့် စိုက်ပျိုးရေး ဝန်ထမ်းများ၊ အုတ်ဖိုကျေးရွာတောင်သူများနှင့်အတူ စပါးစိုက်ခင်းအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ရာ ဆစ်ပိုးဆိုးဆိုးရွားရွား ကျရောက်မှုမရှိကြောင်း သိရသည်။ အုတ်ဖိုကျေးရွာတွင် ကွင်းခြောက်ကွင်းရှိပြီး ကွင်းအမှတ် ၁၆၀၀ မှ ဧက ၁၀၀ ခန့် ရေအခက်အခဲကြောင့် မစိုက်ရသေးကြောင်းတွေ့ရှိရပြီး ကွင်းအမှတ် ၁၆၁၂ ကွင်းရှိ ဧက ၂၀၀ ကျော်မှ ငါးဧကသာ ဆစ်ပိုးဥမြုံ ငါးမြုံခန့်တွေ့ရှိခဲ့ရသည်။ ဖလံကောင်များကို ၁၀ ဧကတွင် အနည်းငယ်သာ တွေ့ရသည်။ အဆိုပါ ဆစ်ပိုးဥမြုံများကို စပါးပင်နှင့်အတူ စနစ်တကျယူဆောင်လာပြီး တောင်သူများကို ရှင်းလင်းပြသခဲ့သည်။ ဆက်လက်ပြီး စိုက်ပျိုးရေးဌာန တာဝန်ရှိသူများက ဆစ်ပိုးကြိုတင်ကာကွယ်ရေး တောင်သူများနှင့် ပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ပိုးသတ်ဆေးသုံးစွဲမှု မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုနည်းနှင့်ပိုးသတ်ဆေးအသုံးမပြုဘဲ ဆစ်ပိုး ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ရာ ဒေသခံတောင်သူများက ကျေးဇူးတင်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

သန်းထိုက်(ရေဦး)

ဆီဆိုင်မြို့နယ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

ဆီဆိုင် မေ ၁၀

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မေ ၁ ရက် နံနက် ၇ နာရီက ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုတွင် အိမ်ထောင်စုပေါင်း ၃၁၆၀၄ ကို ကောက်ယူခဲ့ရာ အမျိုးသား ၁၁၃၇၈ ဦး၊ အမျိုးသမီး ၁၁၉၃၁ ဦး စုစုပေါင်း ၂၃၃၀၉ ဦး ကောက်ယူနိုင်ခဲ့သည်။
ဆီဆိုင်မြို့နယ်တွင် စာရင်းကောက်ကွက် ၂၂၁ ကွက်ရှိပြီး တာဝန်ပေးအပ်ထားသော စာရင်းစစ်၊ စာရင်းကောက်များက မိမိတို့၏ ကောက်ကွက်များအလိုက် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက် ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံ လုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမျိုးအစား
(၁)	ဖောင်းပြင်မြို့၊သရောင်းကျေးရွာ	မျောပိုင်အခြေပြုကျောက်စီနံရံနှင့်တမံ အလျားပေ ၃၅၀
(၂)	ဖောင်းပြင်မြို့ကူးတို့ဆိပ်	ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ
(၃)	ဟုမ္မလင်းမြို့နယ်၊ မှိုင်းကိုင်းကျေးရွာ	မျောတိုင်တန်းကရစ်ကွက် အလျားပေ ၆၀၀

တင်ဒါပုံစံရယူရမည့်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့
တင်ဒါပုံစံယူရမည့်ရက် - ၁-၄-၂၀၁၄ ရက်မှ ၂၉-၄-၂၀၁၄ ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၀-၄-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂-၅-၂၀၁၄ ရက် (သောကြာနေ့) ၁၀း၀၀နာရီ

ဌာနမှရေးဆွဲထားသည့် ဒီဇိုင်းပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီး ရုံး ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)တိုးချဲ့စီမံကိန်းအတွက် ပေးပို့လာသော စက်ပစ္စည်းအစိတ်အပိုင်းများနှင့် Steel Structure များအား ယာဉ်အောက်သို့ချခြင်း(Unloading)လုပ်ငန်း ၂၀၁၄-၂၀၁၅ ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-
၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၂-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၅-၂၀၁၄ ရက်၊ ၁၃း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

အထက (၄) တာမွေ (ယခင်စိန့်ဖရန့်စစ်) ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ

ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁-၅-၂၀၁၄ရက် (အလုပ်သမားနေ့) နံနက် ၉း၀၀နာရီတွင် အထက (၄) တာမွေ၊ မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာများ၏ဂုဏ်ကျေးဇူးကို သတိရသောအားဖြင့် ကိုယ်တိုင်ကြွရောက်ပေးပါရန်နှင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကန်တော့ခံရန် ဆရာမများ ကျန်ရှိနေသေးပါကလည်း ဆက်သွယ်အကြောင်းကြားပေးစေလိုပါသည်။

ဒေါ်ခင်အေးမော်	ဖုန်း-၀၉-၄၂၁၀၃၁၈၃၉
ဒေါ်မြင့်သိန်းသိန်းငွေ	ဖုန်း-၀၉-၅၁၄၆၉၄၆
ဒေါ်မြင့်မြင့်သန်း	ဖုန်း-၀၉-၇၃၀၂၈၉၆၉
ဒေါ်ကြွယ်ကြွယ်မြင့်	ဖုန်း-၀၉-၄၂၀၁၅၁၀၉၄
ဒေါ်ငွေငွေကျော်	ဖုန်း-၀၉-၅၁၂၄၅၅၆
ဒေါ်ဖြူဖြူသက်	ဖုန်း-၀၉-၅၁၃၁၂၇၇
ဒေါ်တယ်ရာစီတာတင်အုံး	ဖုန်း-၀၉-၃၁၃၀၉၀၁၈
ဒေါ်လင်းပပမိုး	ဖုန်း-၀၉-၅၁၆၇၆၁၃
ဒေါ်ပိုမိုမြင့်အောင်	ဖုန်း-၀၉-၄၃၉၇၉၉၉၉

မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအကျိုးဆောင်များ

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ကုသိုလ်ဖြစ်မျက်စိခွဲစိတ်ကုသမှုအတွက် အလှူငွေများ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ခြင်း

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)မှ ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်အဖွဲ့သည် စတုတ္ထအကြိမ်မြောက်အဖြစ် ၂-၅-၂၀၁၄ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာ၍ ဝါးခယ်မမြို့ရှိ စက္ကူပါလဆေးခန်းတွင် ဝါးခယ်မမြို့နယ်အတွင်းမှ ဆင်းရဲချို့တဲ့သော မျက်စိဝေဒနာရှင်များကို ခွဲစိတ်ကုသမှုပြုလုပ်ပြီး ၅-၅-၂၀၁၄ ရက်တွင် ဝါးခယ်မမြို့မှ ပြန်လည်ထွက်ခွာလာပါမည်။ မျက်စိခွဲစိတ်မှုအတွက် လူတစ်ဦးလျှင် ၄၅၀၀၀ိ/ ခန့်ကုန်ကျမည်ဖြစ်ပါသည်။ တစ်ကြိမ်သွားကုလျှင် မျက်စိခွဲစိတ်လူနာ ၂၀၀ခန့် ခွဲစိတ်ကုသနိုင်ပါသည်။ သို့ပါ၍ ဝါးခယ်မနွယ်ဖွားများအနေဖြင့် အဆိုပါမျက်စိဆေးကုသမှုတွင် တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ငွေလှူဒါန်းနိုင်မည့်နေရာများမှာ ဂုဏ်ထူးဆောင်နာယက ဒုတိယဗိုလ်မှူးကြီး အံ့ကျော် (ငြိမ်း) ဖုန်း-၀၉-၅၁၈၅၉၇၂၊ အသင်းဥက္ကဋ္ဌဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၁၉၂၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၃၁၀၆၂၅၁၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဆွေရီ ဖုန်း-၀၉-၅၀၈၂၀၁၄၊ ဝါးခယ်မမြို့နယ်အသင်းတိုက် ဖုန်း-၀၁-၂၂၆၅၉၀

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F / 5829 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၂၉၆ FK Mini LT P/U ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏ ၁၂/ဗတထ(နိုင်)၀၃၁၃၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဓ/၆၂၉၅၊ 8H / 6295 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ် မော်တော်ဆိုင်ကယ် အမှတ် ၆ခ/၄၆၂၉ PKU.01(A)၊ Jeep (4x4) Ⓛ လက်ဝယ်ရှိသူ ဦးထွန်းတင့်ဝင်း ၈/ကထန(နိုင်)၀၀၄၆၆၉ က (ကမ-၃) စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လူမှုဖူလုံရေး ထည့်ဝင်ကြေး ပြောင်းလဲကောက်ခံခြင်းဖြင့် အလုပ်သမားအကျိုးခံစားခွင့်များ တိုးတက်အကောင်အထည်ဖော်နိုင်မည့် လူမှုဖူလုံရေးဥပဒေသစ်

ဧပြီ ၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ ၁၉ တွင် သွန်းဝဿန် ရေးသားသည့် လူမှုဖူလုံရေးဥပဒေ ၂၀၁၂ ကြောင့် အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းလာနိုင် သတင်းဆောင်းပါးအတွင်း အလုပ်သမား အမှန်တကယ်ရရှိသည့် လစာဝင်ငွေ၏ လေးရာခိုင်နှုန်းကို လူမှုဖူလုံရေးအဖြစ်သတ်မှတ်ကာ အထွေထွေ အာမခံစနစ်တွင် အလုပ်ရှင်နှင့် အလုပ်သမား ထက်ဝက်ခန့်စီ သုံးရာခိုင်နှုန်း ကျခံရမည်ဖြစ်ပြီး လုပ်ငန်းခွင်ထိခိုက်မှု အာမခံစနစ်တွင် အလုပ်ရှင်ဘက်မှ တစ်ရာခိုင်နှုန်းစီ လစဉ်ထည့်သွင်းပေးရမည်ဖြစ်ကြောင်းဟု ရေးသားဖော်ပြထားရာ အမှန်မှာ အလုပ်ရှင် ၃ ရာခိုင်နှုန်းနှင့် အလုပ်သမား ၂ ရာခိုင်နှုန်း စုစုပေါင်း ၅ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် အဆိုပါ လူမှုဖူလုံရေး ထည့်ဝင်ကြေး ပြောင်းလဲကောက်ခံခြင်းဖြင့် အလုပ်သမားများ၏ အကျိုးခံစားခွင့်များ တိုးတက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ်တွင် အာမခံစနစ် ခြောက်မျိုးပါရှိသော်လည်း ပုဒ်မ ၁၀၀ နှင့်အညီ ဧပြီ ၁ရက်မှ အာမခံစနစ်သုံးမျိုးကိုသာ စတင်ကျင့်သုံးမည်ဖြစ်ပြီး အသစ်တိုးမြှင့်ပါလာသည့် မိသားစုထောက်ပံ့မှု အာမခံစနစ်အတွက်မူ ထည့်ဝင်ကြေးပေးသွင်းရန် မလိုဘဲ ယခင် ၁၉၅၄ လူမှုဖူလုံရေး အက်ဥပဒေပါ အထွေထွေအရပ်ရပ် အာမခံစနစ်အား ၂၀၁၂ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ်တွင် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်ဟု အမည်ပြောင်းလဲခေါ်ဆိုထားပြီး ထည့်ဝင်ကြေးနှုန်းကို အလုပ်ရှင်၊ အလုပ်သမား ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ ပြောင်းလဲကောက်ခံမည်ဖြစ်ပြီး ယခင်အလုပ်တွင် ဒဏ်ရာရမှု အာမခံစနစ်အား အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်ဟု အမည်ပြောင်းလဲခေါ်ဆိုကာ ထည့်ဝင်ကြေးနှုန်းကို ယခင်အတိုင်း အလုပ်ရှင်ထံမှသာ ၁ ရာခိုင်နှုန်းဖြင့် ကောက်ခံမည်ဖြစ်ရာ စုစုပေါင်း အလုပ်ရှင် ၃ ရာခိုင်နှုန်းနှင့် အလုပ်သမား ၂ ရာခိုင်နှုန်း စုစုပေါင်း ၅ ရာခိုင်နှုန်းသာ ထည့်ဝင်ကြရမည်ဖြစ်သည်။

ထိုသို့ ပြောင်းလဲကောက်ခံခြင်းဖြင့် အလုပ်သမားများ တိုးတက်ရရှိလာမည့် အကျိုးခံစားခွင့်များမှာ မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်ကို လစာ၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ မီးဖွားမှုငွေကြေးအကျိုးခံစားခွင့်ကို လစာ၏ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ယာယီမသန်စွမ်းမှု ငွေကြေးအကျိုးခံစားခွင့်ကို လစာ၏ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ မီးဖွားခွင့်ကို ရက်သတ္တပတ် ၁၂ ပတ်ခွင့်ပြုရာမှ ၁၄ ပတ်အထိနှင့် အမြွှာကလေး မွေးဖွားပါက ၁၈ ပတ်အထိ လည်းကောင်း၊ အသုဘစရိတ်ကို လက်ရှိ လေးသောင်းကျပ်သာရရှိရာမှ ထည့်ဝင်ကြေးကာလပေါ်မူတည်၍ ပျမ်းမျှလစာ၏ တစ်ဆမှ ငါးဆအထိလည်းကောင်း၊ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသူအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ကို လက်ရှိလစာ၏ ၆၆ ဒသမ ၆၇ ရရှိရာမှ ထည့်ဝင်ကြေးကာလပေါ်မူတည်၍ ပျမ်းမျှလစာ၏ ၃၀ ဆမှ ၈၀ဆ အထိလည်းကောင်း ရရှိမည်ဖြစ်သည်။

ထို့အပြင် မူလမရရှိခဲ့ဘဲ ဥပဒေသစ်တွင် တိုးတက်ခံစားခွင့်ရရှိသော အကျိုးခံစားခွင့်များမှာ မီးဖွားစရိတ်၊ ဖခင်ဘဝဖြစ်မှု အကျိုးခံစားခွင့်နှင့် ဖခင်ဘဝဖြစ်မှုစရိတ်၊ တစ်နှစ်အောက် ကလေးမွေးစားမှုအတွက် ငွေကြေးအကျိုးခံစားခွင့်၊ သတ်မှတ်ထားသည့် ဝင်ငွေအောက် နည်းပါးသော လစာဝင်ငွေရရှိသူ၏ သားသမီးအတွက် ပညာသင်စရိတ် ခံစားခွင့်၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့သည့်အခါ ငွေကြေးအကျိုးခံစားခွင့်နှင့် ပစ္စည်းထောက်ပံ့မှု ခံစားခွင့်၊ အငြိမ်းစားယူသည့်အခါ ဆေးကုသမှု ဆက်လက်ခံယူခွင့်များကို ရရှိနိုင်စေမည်ဖြစ်ပါသည်။ **(လူမှုဖူလုံရေးအဖွဲ့)**

ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စာတတ်မြောက်ရေး လုပ်ငန်းများအရှိန်မြှင့်ဆောင်ရွက်

မြစ်ကြီးနား ဧပြီ ၁၀

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေး လုပ်အားပေးခြင်းကို တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် တနိုင်းမြို့နယ် လမုန်ကျေးရွာရှိ မူရင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်ကျောင်း၌ စတင်ပြုလုပ်သည်။

အဆိုပါ တနိုင်းမြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေးအတွက် သင်ကြားပို့ချမည့်တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၃၀ဦးနှင့် ကြီးကြပ်ဆရာ ၁၃ ဦးတို့အား မတ် ၂၈ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ဝင်ဆိုင်းက မြစ်ကြီးနားတက္ကသိုလ်၌တွေ့ဆုံအားပေးပြီး လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တနိုင်းမြို့နယ်အတွင်း မြို့ပေါ် (၆)ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၁၈ စုတွင် သင်တန်းသား ၉၄၂ ဦးတို့အား စာသင်ဝိုင်း ၁၄၀ ဖြင့် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်သည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာသည် တခက်၊ တလုံကျေးရွာများတွင် မတ် ၃၀ရက် ညက မိုးသီးများ ရွာကျမှုကြောင့် နေအိမ်များ ပျက်စီးမှုအပေါ် ဒေသခံများ အားပေးစကားပြောကြားကာ ဒရိန်ကျောင်ရာကျေးရွာ၊ နန့်ခမ်းကျေးရွာ၊ တန်လတ်ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများ၏ လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးပြီး တနိုင်းမြို့နယ်တွင်ပယင်းမှော်မှ ပြန်လည်ရောက်ရှိလာသော ပြည်သူများအတွက် တည်းခိုရန် ခက်ခဲသော ဒေသခံပြည်သူများနှင့် နေရပ်ပြန်မည့်သူများအတွက် အခြေခံပညာအထက်တန်းကျောင်းများတွင် တည်းခိုနိုင်ရန်နှင့် နမ္မတီးအရောက် လိုက်ပို့ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

တိုင်းရင်းသားကလေးများ စုပေါင်းရဟန်းခံ ရှင်ပြုနားသပွဲ ကျင်းပ

မူဆယ် ဧပြီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ ထေရဝါဒသာသနာပြု ကျောင်းတိုက်၌ ဧပြီ ၈ ရက် နံနက် ၉ နာရီက ဗဟိုဆရာတော် ဘဒ္ဒန္တပညာဇေအား အမှူးထားလျက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်မြတ်ဒါန အလှူတော်မင်္ဂလာပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ အလှူမင်္ဂလာပွဲကို အလှူဒါယကာ၊ ဒါယိကာမ ဦးမင်းအောင်-ဒေါ်မြင့်မြင့်ဆွေ၊ သမီးကြီး၊ သမီးငယ်တို့ မိသားစုက သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်တောင်းဆုအာရုံပြုလျက် ပန်ဆိုင်း (ကြူကုတ်) မုံးကိုးမြို့နယ်ခွဲအတွင်းရှိ နယ်စပ်တောင်တန်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရင်သွေးရတနာ ရဟန်း ၄၂ ပါးတို့အား မြင့်မြတ်သော ရဟန်းအဖြစ်သို့ လည်းကောင်း၊ ရှင်သာမဏေ ၁၁၀ပါးတို့အား ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် ရှင်သာမဏေအဖြစ်သို့ ပို့ဆောင်ချီးမြှင့်ခြင်း မင်္ဂလာနှင့် သီလရှင် ၄၈ ပါးတို့အား သာသနာ့ဘောင်သို့ ပို့ဆောင်ချီးမြှင့်ခြင်း မင်္ဂလာဒါန ဖြစ်ကြောင်း သိရသည်။

စုစုပေါင်း အပါး ၂၀၀သော ရဟန်းလောင်း၊ ရှင်လောင်း၊ သီလရှင်လောင်းများ လှည့်လည်ပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် ရှမ်းပြည်နယ် အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်/ ခရိုင်အဆင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားလူငယ်များ စုစုပေါင်း ၃၀၀ ကျော်က လိုက်လံလှည့်လည် ပူဇော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **အယ်လ်စိုး(Iprd)**

ရေဦးမြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရေး မျှော်လင့်နေ

ရေဦး ဧပြီ ၁၀

ရွှေဘိုခရိုင် ရေဦးမြို့နယ် ပြုထ္ထုံကျေးရွာ ဒေသခံမိဘပြည်သူများ၏ စုပေါင်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်းကို မာယကိုလွင် ကုမ္ပဏီနှင့် ဆက်စပ်ကာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ပြုထ္ထုံကျေးရွာသည် အိမ်ခြေ ၂၅၀၊ အိမ်ထောင်စု ၁၁၂ ခု၊ လူဦးရေ ၃၀၀ ကျော် နေထိုင်ကာ တောင်သူလုပ်ငန်းလုပ်ကိုင်ကြသူများ ဖြစ်သည်။ ကျေးရွာလမ်းများတွင် ကွန်ကရစ်မီးတိုင်များစိုက်ထူခြင်း ၊ လျှပ်စီးမီးကြိုးများသွယ်တန်းခြင်း၊ ဗို့အား ၂၀၀ ကေဗွီ ရှိ ထရမ်စဖော်မာ တပ်ဆင်ခြင်းအတွက် ကုန်ကျငွေသိန်း ၄၀၀ နီးပါး သုံးစွဲဆောင်ရွက်ပြီးဖြစ်သည်။

ယခုအခါ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချရေးဦးစီးဌာနမှ အိမ်ထောင်စု တစ်ဝက်နီးပါး မီတာများ တပ်ဆင်ပေးပြီးဖြစ်သည်။

မီတာအပါအဝင် လျှပ်စစ်မီးအသုံးပြုနိုင်ရေး ဆက်စပ်ပစ္စည်းများ ဝယ်ယူအသုံးပြုမှုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသိန်းခန့်ကုန်ကျခဲ့သည်။ ကျေးရွာလျှပ်စစ်မီးလင်းရန် တပ်ဆင်မှုအပိုင်း ပြီးစီးနေပြီး မြို့နယ်သက်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးပြီးမှသာ မီးစတင်ရရှိမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေမောင်းက ပြောကြားသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေးနှင့် စပ်လျဉ်း၍ ဒေသခံမိဘပြည်သူများမှာ လျှပ်စစ်မီးသုံးစွဲခွင့် အမြန်ရရှိရေး သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ အမှတ်(၂၁)အကြီးစားစက်ရုံ (သထုံ) ရော်ဘာပစ္စည်း စက်ရုံခွဲ(ရွှေဟသာ်လမ်း) ရန်ကုန်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါကုန်ကြမ်းပစ္စည်းလေးမျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	
၁။	Polyethylene	၂၇၅၂၀၀	ပေါင်
၂။	Dye (Olive Green)	၄၈၀၀	ပေါင်
၃။	Tarpaulin Fabric 1/21	၁၁၀၀၀	ကိုက်
၄။	Chemical Compound	၂၂၀၀	ပေါင်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၁၁-၄-၂၀၁၄ ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၄-၄-၂၀၁၄ ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ **စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါရုံးသုံးစာရေးကိရိယာများ နှင့် Computer သုံး Toner/Cartridge ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ရုံးသုံးစာရေးကိရိယာများ	၅၄ မျိုး
(ခ)	Computer သုံး Toner/ Cartridge ပစ္စည်းများ	၁၀ မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၃၀-၄-၂၀၁၄ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၁၅:၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့၊ မြေတိုင်းဦးစီးဌာန မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၄၃၃

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတားများ ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၄ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၆-၅-၂၀၁၄ ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၅-၆-၂၀၁၄ ရက် ၁၆:၀၀နာရီ
၅။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၀-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းများစိစစ်ရွေးချယ်ရေးအဖွဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊ ရုံးအမှတ် ၁၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၁၄၊ ၄၀၇၂၇၆၊ ၄၀၇၀၈၂

တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် (၁၀)စုံ ဝယ်ယူတပ်ဆင်ခြင်းနှင့် ဘုန်းကြီးကျောင်း သုံးကျောင်းဆောက်လုပ်ခြင်းတို့အား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၉-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မှစတင်၍ ရုံးချိန်အတွင်း
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၄ရက်(ကြာသပတေးနေ့) ၁၆:၀၀ နာရီ
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၈၇၆၂၃၆၄
အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၀:၀၀ နာရီ
အိတ်ဖွင့်တင်ဒါဖွင့်မည်နေရာ - ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(အသစ်)၊ ကမ်းနားလမ်း၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ပျောက်ဆုံး
ကျွန်တော်မောင်ဟိန်းဇော်ထွေး ၉/မလန(နိုင်)၁၅၃၁၃၅၏ နိုင်ငံကူးလက်မှတ် A-၄၃၄၅၀၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၃၁၂၆၇၉၆၊ ၀၉-၂၅၀၁၁၈၅၈၅

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၁၉၈၉၆ Yamaha DT 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်မင်း ၁/မညန(နိုင်)၀၉၀၅၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မန်းစက်တော်ရာ အနီးချင်းဘုရားကြီး ရွှေထီးတော်တင်လှူခြင်း ချင်းတိုင်းရင်းသားများ ဆောင်ရွက်

မင်းဘူး ဧပြီ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် မန်းစက်တော်ရာ အနောက်ဘက်ရှိ ကမ္ဘာအေး (ချင်းဘုရား) စေတီတော်မြတ်ကြီး၏ ရွှေထီးတော်သစ်တင်လှူခြင်း အခမ်းအနားကို ဧပြီ ၇ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကန်သာယာကျောင်းတိုက်ဆရာတော်၊ ပုပ္ပားဆရာတော် ဦးနာဂိန္ဒနှင့် ချင်းဘုရားကျောင်းထိုင်ဆရာတော် ဦးသုစိန္တနှင့် ဆရာတော်များဦးစီး၍ မင်္ဂလာအချိန် နံနက် ၇ နာရီ မိနစ် ၂၀ တွင် စေတီတော်ကြီး၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား မကွေးမြို့မှ စကြာသာသနာပြု ရွှေထီးတော်တင်အဖွဲ့၏ မင်္ဂလာ နတ်ပန်းရထားဖြင့် တင်လှူပူဇော်ခဲ့သည်။ထို့နောက် အရံစေတီ ၂၈ ဆူကိုလည်း ထီးတော်တင်လှူဒါန်းခဲ့ကြသည်။

မန်းစက်တော်ရာ (အောက်ခြေတော်ရာ)မှ တစ်ဖာလုံခန့်အကွာတွင် တည်ရှိသော ကမ္ဘာအေးချင်းဘုရားနှင့် အရံစေတီ ၂၈ ဆူ ဘက်စုံမွမ်းမံပြင်ဆင်နိုင်ရန်အတွက် ချင်းတိုင်းရင်းသားစာရေးဆရာ ပူးခေါ်မောင်း (မင်းတပ်)က ကော်မတီဥက္ကဋ္ဌအဖြစ် ဦးစီးဆောင်ရွက်ကာ ထီးတော်လှူဒါန်းတင်လှူခဲ့ပြီး မင်းတပ်၊ မတူပီ၊ မင်းတုန်း၊ ငဖဲ၊ တောင်တွင်းကြီး၊ မဟာတံခွန်တို့မှ သာသနာပြုအဖွဲ့များနှင့် အောင်လံမြို့နယ်များရှိ ချင်းတိုင်းရင်းသားများ တက်ရောက်ပူဇော်ခဲ့သည်။ မန်းစက်တော် ချင်းဘုရားကြီးကို မြန်မာသက္ကရာဇ် ၁၃၀၈ခုနှစ်တွင် ဆရာတော်ဦးဗုဒ္ဓိယဦးစီး၍ ချင်းတိုင်းရင်းသားများက တည်ထားခဲ့သဖြင့် ဇမ္ဗူလုံးချမ်းသာအေးစေတီ(ချင်းဘုရား)ဟု ခေါ်တွင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း အခက်အခဲအမျိုးမျိုးကြားမှ အောင်မြင်စွာတည်ထားခဲ့သဖြင့် အောင်မြေကိုးဌာနတွင် တစ်ဆူပါဝင်ကြောင်း သိရသည်။

ခွဲထက်ရှင်

မြောင်မြို့နယ် ငါးပယ်ကျေးရွာ မြေသားလမ်းကြောင့် ဒေသစည်ပင်လာတော့မည်

မြောင် ဧပြီ ၁၀

မြောင်မြို့နယ် ငါးပယ်ကျေးရွာ ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေး မြေသားတာပေါင် လမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းများ မကြာမီ အပြီးသတ်နိုင်တော့မည် ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက် မြေသား တာပေါင်လမ်းမကြီးကို မြောင်မြို့နယ် ပြည်သူ့လွှတ်တော် ရန်ပုံငွေကျပ် ၂၅ သိန်းနှင့် အများပြည်သူထည့်ဝင်ငွေကျပ် ၃၇ သိန်း ခြောက်သောင်းတို့ဖြင့် ပထမလမ်းပိုင်းကို စတင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့ရှိ ငါးပယ်ကျေးရွာ ဇာတိဖွား သီတဂူဦးကျော်ရှိန် မိသားစုနှင့် အလှူရှင်များ၏ လှူဒါန်းမှုငွေကျပ် ၅၆ သိန်းဖြင့် ကျန်ရှိသည့် လမ်းပိုင်းများကို ဆက်လက်တည်ဆောက်လျက်ရှိကာ အများပြည်သူများအတွက် နားနေဆောင်နှင့် ခရီးသွားများ သောက်သုံးရေအဖြစ် အသုံးပြုနိုင်ရန် ရေတွင်းများ တူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၈ ရက်မှာ လုပ်ငန်းစတင်ခဲ့ပါတယ်။ ရန်ပုံငွေရရှိတာနဲ့ စတင်အကောင်အထည် ဖော်နိုင်ခဲ့တယ်။ သို့သော် ကျန်ရှိနေတဲ့ လမ်းပိုင်းကို ဆက်လက်ဖောက်လုပ်ရန် အလှူငွေလိုအပ်နေလို့ ရပ်တန့်ရမလိုဖြစ်ခဲ့ရတယ်။ အခုတော့ အလှူရှင်တွေက မတည်လှူဒါန်းပေးခဲ့လို့ ပြန်လည် ဆောင်ရွက်လျက်ရှိပြီး မိုးမကျမီလမ်းသစ်ဖောက်လုပ်နိုင်မယ်" ဟုမြောင်မြို့နယ် ငါးပယ်ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ငါးပယ်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းမရှိ၍ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးတို့တွင် နောက်ကျခဲ့သဖြင့် ပြည်သူ့လွှတ်တော်မှ မြေသားတာပေါင်လမ်း ဖောက်လုပ်နိုင်ရန် မတည်လှူဒါန်းပေးခဲ့ပြီး ကျေးရွာလူထု၏ လုပ်သားအင်အားဖြင့် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော့်အသက် ၆၀ ကျော်ပါပြီ။ သိတတ်တဲ့ အရွယ်ကတည်းက သွားလာမှုခက်ခဲတာ၊ စီးပွားရေးမဖွံ့ဖြိုးတာ၊ ပညာသင်ကြားဖို့ခက်ခဲတာတွေကြောင့် စိတ်ဆင်းရဲနေခဲ့ရတယ်။ အခုတော့ ကျွန်တော်တို့ရွာမှာ မူလတန်းကျောင်းလည်း ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ လမ်းသစ်ဖောက်လုပ်နေပါပြီ။ ဆေးပေးခန်းတည်ဆောက်ဖို့အတွက် ရွာသူရွာသားတွေနဲ့ ဇာတိဖွား အလှူရှင်တွေ စုပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် အခြားဖွံ့ဖြိုးနေတဲ့စံပြကျေးရွာတွေလို တိုးတက်မြင့်မားလာမှာပါ" ဟု လမ်းဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

ငါးပယ်ကျေးရွာသည် ရာသီသုံးပါး စလုံးလမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် မသေသင့်သည့် ရောဂါဝေဒနာရှင်များစွာ အသက်ဆုံးရှုံးခဲ့ရသည့်အပြင် လွန်ခဲ့သည့် သုံးနှစ်ခန့်က မုန်တိုင်းမိုးကြောင့် ကလေးငယ်များ အခြားကျေးရွာရှိ စာသင်ကျောင်းသို့ စာမေးပွဲဖြေဆိုရန်သွားရောက်နိုင်ခြင်းမရှိ၍ ပညာရေးတွင် ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသောကြောင့် လမ်းဖောက်လုပ် ပြီးစီးနိုင်တော့မည်ဖြစ်ခြင်းကြောင့် ရွာသားများ အားလုံးဝမ်းသာ ပျော်ရွှင်လျက်ရှိသည်။

"ကျေးရွာချင်းဆက်လမ်းမကြီး ပြီးစီးသွားမယ်ဆိုရင် ဒေသဖွံ့ဖြိုးရေးမှာ အများကြီးအထောက်အကူဖြစ်လာစေမှာပါ။ ရွာသားတွေရဲ့ စုပေါင်းမှုကြောင့် အောင်မြင်မှုတွေ ရရှိလာရတယ်။ ယခင်ကအရေးပေါ်ကိစ္စတွေမှာ မြို့ပေါ်ကိုရောက်ဖို့ အချိန်နှစ်နာရီလောက် သွားရတာကို ကားလမ်းဖောက်လုပ်ပြီးရင် အချိန်နာရီဝက်နဲ့ အရောက်သွားနိုင်ပါပြီ" ဟု မတည်အလှူရှင် ဦးကျော်ရှိန်က ပြောကြားသည်။

ခင်ရတနာ

သတင်းတိုများ

ဟိုပင်၌ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်း

ဆဋ္ဌမအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုအောင်ပွဲကို ဧပြီ ၉ရက်က ကချင်ပြည်နယ် ဟိုပင်မြို့နယ် နန့်ရင်းကျေးရွာ ဇေယျသုခရတနာ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းတိုက်၌ ကျင်းပသည်။ ထေရဝါဒ ဗုဒ္ဓသာသနာပြု သီလရှင် သင်တန်းအမှတ်စဉ် (၂)မှ ဆရာလေး ဒေါ်ဇယနဉာဏီက သင်ကြားပို့ချသွားမည်ဖြစ်ပြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူများအားဆုနှင့်အောင်လက်မှတ် များကိုပေးအပ်ကြသည်။ သင်တန်းသို့ ကျောင်းသားကျောင်းသူ ၁၆၀ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြစ်ကြီးနားခရိုင် ကန်ပိုက်တီးမြို့နယ်ခွဲ၌ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းဆောင်ရွက်

မြစ်ကြီးနားခရိုင် ကန်ပိုက်တီးမြို့နယ်ခွဲအတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း သတ္တမမြောက်နေ့အဖြစ် ဧပြီ ၅ ရက်က ဆောင်ရွက်ခဲ့ပြီး စာရင်းစစ်၊ စာရင်းကောက် ဆရာ ဆရာမများ စုစုပေါင်း ၂၅ဦးဖြင့် ကောက်ကွက်ပေါင်း ၁၈ ကွက်အား အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရှင်ဗွေယန်မြို့တွင် ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများဆွေးနွေး

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး မှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ဧပြီ ၈ရက် နံနက်၉ နာရီက မြို့နယ်ခွဲအုပ်ချုပ်ရေးရုံးခန်းမ၌ ကျင်းပသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားပြီးစီးမှုကို စစ်ဆေးကြည့်ရှုပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ချထားပေးသော ငွေကျပ် သိန်း ၅၀ ကို ရှင်ဗွေယန်မြို့တွင် လိုအပ်သော ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ရန် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မုံရွာတိုင်းရင်းဆေးရုံသို့ ကျေးလက်နေပြည်သူများအတွက် အလှူငွေပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်သည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဦးတင်မောင်ကြည်နှင့်ဒေါ်လှနှင်း (အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) မိသားစု (မုံရွာ)က မုံရွာတိုင်းရင်းဆေးရုံသို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ရာ မုံရွာတိုင်းရင်းဆေးရုံအုပ်ကြီး ဦးနေအောင်က လက်ခံယူပေးခဲ့သည်။တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ရန် အတွက် အလှူရှင်များ လှူဒါန်းငွေစုစုပေါင်း ၁၂၈ သိန်းရှိပြီဖြစ်ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း ဦးဆောင်သော လယ်တီမူ-အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယများ စီမံခန့်ခွဲရေးကော်မတီ ဒသမအကြိမ်မြောက် ရက်ပေါင်း(၅၀) ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း၊ သင်တန်းသားခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁) ရပ်ကွက်၊ ၂ လမ်း၊ ရတနာမဉ္ဇူဓမ္မရိပ်သာ၌ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏တပည့် ကမ္မဋ္ဌာနာစရိယများ ပို့ချမည့်ရက်ပေါင်း ၅၀ ကမ္မဋ္ဌာန်းနည်းပြသင်တန်းဖွင့်လှစ်မည်ဖြစ်ပါ၍ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၁။ အသက် (၃၅)နှစ်မှ (၅၅) နှစ်အတွင်းဖြစ်ရမည်။
၂။ သံဃာတော်နှင့် သီလရှင်များ ပထမကြီးတန်းအောင်မြင်ရမည်။
၃။ အမျိုးသားနှင့် အမျိုးသမီးများ အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်အောင်မြင်ရမည်။ အောင်လက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။
၄။ ဆရာဖြစ်သင်တန်းကြော်ငြာပါပြီးနောက် လယ်တီနည်းဖြင့် အနည်းဆုံး ခုနစ်ရက်တရားစခန်း ငါးကြိမ်တရားအားထုတ်ပြီးကြောင်း သက်ဆိုင်ရာတရားစခန်းမှ တာဝန်ခံဆရာတော်၏ ထောက်ခံချက်ယူလာရမည်။
၅။ ကျန်းမာရေးကောင်းမွန်ရမည်။ ကူးစက်ရောဂါကင်းရှင်းရမည်။ လိုင်စင်ဓာတ်ပုံငါးပုံ ယူလာရမည်။
၆။ မိမိကိုယ်တိုင် ကျွမ်းကျင်စွာဟောပြောပြသနိုင်သည်အထိ သင်ကြားပို့ချပေးမည်။
၇။ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်မှ တာဝန်ချထားပေးသော ပြည်တွင်း ပြည်ပတရားစခန်းများတွင် မပျက်မကွက် တာဝန်ထမ်းဆောင်နိုင်သူများသာ လျှောက်ထားခွင့်ရှိသည်။
၈။ လျှောက်လွှာများကို ၁-၁၀-၂၀၁၄ ရက်မှ ၃၁-၁၀-၂၀၁၄ရက်အထိ လက်ခံပါမည်။ လျှောက်လွှာပုံစံများကို အထက်ပါလိပ်စာတွင် ထုတ်ယူနိုင်ပါသည်။
၉။ လူတွေ့စစ်ဆေးခြင်းကို ၁-၁၁-၂၀၁၄ ရက် (စနေနေ့)၊ မွန်းတည့် ၁၂း၀၀နာရီတွင် ပြုလုပ်ပါမည်။ မှတ်ပုံတင်အထောက်အထားမူရင်းယူလာရပါမည်။
၁၀။ သင်တန်းဖွင့်မည့်ရက် ၉-၁၁-၂၀၁၄ရက်မှ ၂၈-၁၂-၂၀၁၄ရက်အထိရက်ပေါင်း ၅၀ သင်တန်း။
၁၁။ ပညာအရည်အချင်း သတ်မှတ်ချက် မပြည့်စုံစေကာမူ ရက်ရှည်တရားအားထုတ်လိုသူများ မိမိစရိတ်ဖြင့် လာရောက်အားထုတ်နိုင်ပါသည်။

မှတ်ချက်။ ။ အရဏ်ဆွမ်းကျပ်တစ်သိန်း၊ နေ့ဆွမ်း တစ်သိန်းရှစ်သောင်းကျပ်၊ ဖျော်ရည်-နှစ်သောင်းကျပ်၊ ရေခဲမုန့် ခုနစ်သောင်းကျပ် ကုသိုလ်ရှင်များ လာရောက်လှူဒါန်းနိုင်ပါသည်။

အကျိုးဆောင်အဖွဲ့
ရတနာမဉ္ဇူဓမ္မရိပ်သာ၊ သမိုင်း ၂လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၇၃၀၀၈၅၂၈၊ ၀၉-၂၅၄၀၆၁၂၀၊ ၀၉-၂၅၄၁၃၅၂၉၄

လူပျောက်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကျောက်ကြီးမြို့၊ တောင်ငူတန်းရပ်ကွက်၊ မင်းကျောင်းဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်နေသော ကိုရင်ရှင်သောမန လူအမည် မောင်ထက်မြတ်သူ အသက် (၁၅)နှစ်သည် ၉-၃-၂၀၁၄ရက်တွင် ၎င်းကျောင်းမှ ပျောက်သွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်း ကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ ဖြားယောင်းသွေးဆောင်ထားသူရှိပါက ဥပဒေအရ အရေးယူမည်။

ဦးပညာဝံသ၊ မင်းကျောင်း၊ ကျောက်ကြီးမြို့၊ ဖုန်း-၀၉-၂၅၀၅၅၄၃၇၂၊ ၀၉-၄၂၈၁၅၇၆၂၄

အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် မွေးသက္ကရာဇ်အမှန်ကြေညာခြင်း

ဦးထွန်းလင်းကြည်၏သမီး ပျဉ်းမနား အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း (မြို့မ) တွင် ကျောင်းဝင်အမှတ် ၆၁၂၅ ဖြင့် တတိယတန်း(A)ဖြေဆိုထားသော မထက်ထက်လင်း(ခ) မထက်မြတ်မြတ်လင်းအား မထက်နန္ဒာမင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် မထက်နန္ဒာမင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၀-၂၀၀၄ ဖြစ်ပါသည်။

မထက်နန္ဒာမင်း

ဒေါ်နန်းတာမွန်း(ခ)အေးစန္ဒာဝင်းနှင့် သက်ဆိုင်သူများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးမာလာ ၁၃/မလန(နိုင်)၀၀၆၄၄၀ ၏ညွှန်ကြားချက်အရ ဒေါ်နန်းတာမွန်း(ခ)အေးစန္ဒာဝင်းနှင့် သက်ဆိုင်သူများ သိစေအပ်ပါသည်။

ဦးမာလာ၏ဇနီး ဒေါ်နန်းတာမွန်း(ခ)အေးစန္ဒာဝင်း ၁၃/မဖန(နိုင်)၀၀၃၃၀၄ သည် ဇနီးတို့ ပြုသင့်ပြုအပ်သောကျင့်ဝတ်နှင့် မညီညွတ်၍ ခင်ပွန်းအပေါ်မယားဝတ္တရားကျေပွန်ခြင်းလည်းမရှိပါ။ ၎င်းနှင့်ပြန်လည်ပေါင်းသင်းရန် အကြိမ်ကြိမ်ခေါ်ယူခဲ့သော်လည်း ဒေါ်နန်းတာမွန်း(ခ)အေးစန္ဒာဝင်းမှ ပြန်လည်ပေါင်းသင်းနေထိုင်ခြင်းများမရှိခဲ့ပါ။ ယနေ့ ၈-၄-၂၀၁၄ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေ ဦးမာလာမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးမာလာ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းမွန်းတို့ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၅၈)
အမှတ် ၄၉၊ ကုန်းကျောင်းရပ်၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့
ဖုန်း-၀၈၄-၂၁၉၀၄၊ ၀၉-၅၂၅၂၂၈၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၄၁၁၇၉ Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုခိုင် ၉/မရတ(နိုင်)၀၇၄၇၁၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၃၁၂၄ Isuzu Ts ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၉/ကဆန(နိုင်)၀၈၈၈၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ကျောက်ဆည်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၆၃၀၀ Toyota Corolla KE 74 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြမှုန် ၁၃/ကခန(နိုင်)၀၀၆၄၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မူဆယ်)

ခင်ပွန်းအဖြစ်လုံးဝမသက်ဆိုင်ကြောင်းကြေညာခြင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ပန်ဟုန်းရပ်နေ ဦးဝင်း၏သမီး ကျွန်မမလှလှဝင်း ၁၃/ကတန(နိုင်)၁၇၇၁၁၁၏ခင်ပွန်း ဦးစိုးကို၏သား မောင်တင်အောင်စိုး ၁၃/ကတန(နိုင်) ၁၅၀၃၇၀ သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို ပြုလုပ်နေပါသဖြင့် ခင်ပွန်းအဖြစ် လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မလှလှဝင်း ၁၃/ကတန(နိုင်)၁၇၇၁၁၁

ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန၊ အောက်ဖော်ပြပါ မီးသတ်ယာဉ်/စက်နှင့် မီးသတ်ပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

မီးငြိမ်းသတ်ယာဉ် (Fire Fighting Truck)	၂၂ စီး
ရေသယ်ယာဉ် (Water Bowser)	၁၉ စီး
အပေါ့စားမီးသတ်စက် (Portable Fire Pump)	၁၀ လုံး
အသက်ရှူကိရိယာ (Breathing Apparatus)	၁၀ လုံး
အသက်ရှူကိရိယာလေဖြည့်စက် (Cylinder Air Filling Machine)	၃ လုံး
ရှာဖွေ၊ ကယ်ဆယ်သုံးပစ္စည်းကိရိယာများ (Rescue Kits)	၁၀ စုံ
မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ (Fire Fighting Equipment)	၁၀ စုံ
ရေမှုန်ပစ်သေနတ် (Water Mist Guns)	၁၀ ခု
ဆီမီးလောင်မှုသုံးဆေးရည် (Foam Compound)	၁၀ ပီပါ

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၈-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရက်** - ၆-၅-၂၀၁၄ ရက်

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁၂-၅-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၅၉-၂၃၈၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၆၃

ကွယ်လွန်သူ ဒေါ်ရီရီငွေ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးမျိုးညွန့်ကြူး **လျှောက်သူ**

အမှတ်(၃၀)၊ တတိယထပ်၊ စံရိပ်ငြိမ်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးမျိုးညွန့်ကြူးက ကွယ်လွန်သူ ဒေါ်ရီရီငွေ၏ ဒုတိယမြောက်သားဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်ရီရီငွေမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ရီရီငွေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှ တို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၂ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးမျိုးညွန့်ကြူး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိမော်)
တွဲဖက်ခရိုင်တရားသူကြီး (၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဒေါ်နန်းမြ အမှတ် (၅/၆၂)၊ သီရိဂုဏ်အိမ်ရာ၊ (၁၆/၂)ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	**နှင့်**	၁။ ဦးမျိုးဆွေ ၂။ ဒေါ်တင်ကြည် ၃။ ဒေါ်မြကြည် အမှတ် ၃၄၈/ခ၊ ကောလိယ ၃၁ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၃၁ လမ်း၊ အမှတ် ၃၄၈/ခ တွင်နေထိုင်သော တရားပြိုင်များဖြစ်ကြသော (၁)ဦးမျိုးဆွေ၊ (၂)ဒေါ်တင်ကြည်၊ (၃)ဒေါ်မြကြည် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သူ ဒေါ်နန်းမြက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အဆိုပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေး လိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်အောင်ထွန်း(ငြိမ်း)[အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ၊ စိစစ်ရေးကော်မတီ)]-ဒေါ်သန်းသန်းနွဲ့တို့၏မိခင်ကြီး ဒေါ်ကြိုင်ကြိုင် အသက်(၈၈)နှစ်သည် ၂-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

UNITED GLORIOUS SERVICES CO.,LTD. မှ
MD နှင့် ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်အောင်ထွန်း(ငြိမ်း) [အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ (ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ၊ စိစစ်ရေးကော်မတီ)]-ဒေါ်သန်းသန်းနွဲ့တို့၏မိခင်ကြီး ဒေါ်ကြိုင်ကြိုင် အသက်(၈၈)နှစ် သည် ၂-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သန္တိဌာန်ဆောက်လုပ်ရေးနှင့်အထွေထွေအကျိုးဆောင်ကုမ္ပဏီမှ
MD နှင့် ဝန်ထမ်းများ
NEW FUTURE LIGHT CO.,LTD. မှ MD နှင့် ဝန်ထမ်းများ

ဦးရွှေဝင်း

အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ၆၃၂နေ ဦးခင်မောင်-(ဒေါ်ခင်သိန်း)တို့၏သား၊(ဦးဖိုးထောင်-ဒေါ်လှသိန်း)တို့၏သားသမက်၊ ဒေါ်စန်းဝင်း၏ခင်ပွန်း၊ ကိုမင်းဇော်-မဇင်မာစိုး၊ ကိုတင်အောင်စိုး-မမြတ်မွန်ဝင်း (Shining Moon Home Decoration)တို့၏ဖခင်၊ မောင်ဂျွန်းဆန်းသစ်(အလက-၁)၊ မောင်စွမ်းထက်နိုင် (အလက-၂)၊ မောင်အောင်ချမ်းမြေ့မိုး(Prg.r ILBC Nay Pyi Taw)၊ မောင်နိုင်ဆဲဗင်းအောင်တို့၏အဘိုးသည် ၉-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၄ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်း-၂၂)
မန္တလေးခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅ နှင့်ဆက်သွယ်သည်။
၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂

ဦးစိုးမောင်	**နှင့်**	ဦးအောင်မျိုးဝင်း
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဦးအောင်မျိုးဝင်း ၉/တတန(နိုင်)၀၈၃၄၈၈ ကျစ္စာ သီတာဦးရပ်ကွက်၊ တံတားဦးမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၅ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုးမောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၂၃ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဧပြီ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/မစိုးရိမ်တောင်၊ မြေကွက်/ဦးပိုင်အမှတ် ၂၈ᵃ၊ ဧရိယာ ၀ ဒသမ ၃၄၆ ဧကရှိ ဒေါ်ရင်မေ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်သူဇာ(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)၁၂/မဂဒ(နိုင်)၀၇၂၅၈၈ (ဘ) ဦးတင်လှမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ မြေကွက်အမှတ် ပစ (C) ၁၂၈၈၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၏ အမည်ပေါက်ပိုင်ရှင် တပ်ကြပ်ကြီးထင်ကျော် ၁၂/ဒဂန(နိုင်)၀၁၁၅၀၉ (ဘ)ဦးတင်စိုး ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီး ဒေါ်ငွေသန်း ၁၂/သကတ(နိုင်)၀၅၁၈၈၉ (ဘ)ဦးကျော်လှိုင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝမ်းနည်းကြေကွဲခြင်း

ဦးညွန့်ဝေ

အသက် (၉၁)နှစ်
Eco(Hons), MPA (Harvard)
ဦးဆောင်ညွှန်ကြားရေးမှူး(အငြိမ်းစား) မြန်မာ့အာမခံလုပ်ငန်း
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(F.T.U.M) အထွေထွေအတွင်းရေးမှူး ဦးပြည်သစ်ညွန့်ဝေ(ခ)ဦးမောင်မောင်-ဒေါ်အေးမျိုးနိုင်တို့၏ဖခင်၊ ကိုဖြိုးပြည်သစ်၏ အဘိုး ဦးညွန့်ဝေသည် ၂၀၁၄ခုနှစ် ဧပြီလ ၆ ရက် နံနက် ၈း၀၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(F.T.U.M)

ဝမ်းနည်းကြေကွဲခြင်း

ဦးညွန့်ဝေ

အသက် (၉၁)နှစ်
Eco(Hons), MPA (Harvard)
ဦးဆောင်ညွှန်ကြားရေးမှူး(အငြိမ်းစား) မြန်မာ့အာမခံလုပ်ငန်း
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(F.T.U.M) အထွေထွေအတွင်းရေးမှူး ဦးပြည်သစ်ညွန့်ဝေ(ခ)ဦးမောင်မောင်-ဒေါ်အေးမျိုးနိုင်တို့၏ဖခင်၊ ကိုဖြိုးပြည်သစ်၏ အဘိုး ဦးညွန့်ဝေသည် ၂၀၁၄ခုနှစ် ဧပြီလ ၆ ရက် နံနက် ၈း၀၀ နာရီတွင် ကွယ်လွန် ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံတကာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(ITUC မြန်မာ)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးညွန့်ဝေ

အသက် (၉၁)နှစ်
Eco(Hons), MPA (Harvard University)
ဦးဆောင်ညွှန်ကြားရေးမှူး(အငြိမ်းစား) မြန်မာ့အာမခံလုပ်ငန်း
ယခင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

သူငယ်ချင်း ဦးပြည်သစ်ညွန့်ဝေ-ဒေါ်အေးမျိုးနိုင်တို့၏ဖခင် ဦးညွန့်ဝေသည် ၆-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၃ ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ လမ်းတံတား ဒါယကာကြီး

ဦးရွှေ (ရွှေနန်းတော်စိန်ရွှေရတနာဆိုင်)

အသက် (၈၃)နှစ်

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ကျော်ဝင်း-ဘဏ္ဍာရေးမှူးဒေါက်တာသက်သက်ခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)ညတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း
အလုပ်အမှုဆောင်အဖွဲ့

ကျေးဇူးအထူးတင်ရှိခြင်း

ဦးဇေယျ

ကျောင်းအုပ်ကြီး(ငြိမ်း)၊ နမ္မတူမြို့

၁-၄-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ခဲ့သော အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးဇေယျ၏နာရေးကိစ္စအရပ်ရပ်အား အဆင်ပြေချောမွေ့စွာ မိသားစုသဖွယ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မန်ဆန်တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မန်ဆန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများ၊ နမ္မတူမြို့နယ်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များနှင့်လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ Face book များမှလည်း အားပေးနှစ်သိမ့်ကြသော နိုင်ငံရပ်ခြားနှင့် အဝေးရောက်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် တပည့်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ငွေ B.Sc (Geology)

အသက်(၅၂)နှစ်

ပုသိမ်မြို့၊ အမှတ် ၉၊ ဈေးချောင်းလမ်းနေ (ဦးညိုသောင်း)-ဒေါ်လှနွဲ့တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်အေး)-ဒေါ်တင်တင်အေးတို့၏သားသမက်၊ လှိုင်သာယာမြို့နယ်၊ FMI City စကားဝါ ၄လမ်း၊ အမှတ် ၄၀ E နေ ဒေါ်အေးအေးမြတ်၏ခင်ပွန်း၊ မောင်ကောင်းမြတ်နိုင် (G-10, TTC)၊ မခြူးစုစန္ဒီ(G-8, TTC) တို့၏ဖခင်ကြီး၊ ဦးအောင်မျိုးမြင့်-ဒေါ်စန်းစန်းဦး၊ ဒေါက်တာခင်ယုံ-ဒေါ်ညွန့်ညွန့်ဝေတို့၏မောင်၊ ဒေါက်တာခင်မောင်လှိုင်-ဒေါ်အေးအေးမွန်တို့၏အစ်ကိုကြီးသည် ၉-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းတည့် အ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးဝင်းနိုင် OTS (91)တပ်မတော် (လေ)၊ အသက် (၄၅)နှစ်သည် ၂၈-၃-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

တပ်မတော်(လေ) လက်နက်အရာရှိများနှင့်
အငြိမ်းစားလက်နက်အရာရှိများ

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး ဒါယကာကြီး
ရေးမြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယက
မော်လမြိုင်မြို့နယ်အသင်း နာယက၊ အထက(၂)ကမာရွတ် နာယက
မဟာစည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နာယက
မြန်မာမြေလတ်သားပို့ဆောင်ရေးလီမိတက် ဥက္ကဋ္ဌ
သီဟသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

ဦးချုသန်း

အသက်(၉၁)နှစ်

မော်လမြိုင်မြို့နေ (ဦးလှဖေ-ဒေါ်မြရင်)တို့သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၉/F_1နေ သုဓမ္မသီဂီ ဒေါ်ဝင်းကြည် ၏ခင်ပွန်း၊ (ဒေါ်သောင်းခင်)၊ (ဦးချုရှိန်း-ဒေါ်လှကြူ)၊ ဒေါ်သောင်းကြည်၊ ဦးချုတီ-ဒေါ်မြင့်မြင့်ဝေတို့၏အစ်ကိုကြီး၊ ဦးမျိုးဝင်း-ဒေါ်ခိုင်ခိုင်ဦး၊ ဦးမျိုးသန့်၊ ဦးကံဆန်း၊ ဦးခိုင်စိုး-ဒေါ်ပီတိနို၊ ဒေါ်သက်သက်ဆွေတို့၏ဖခင်၊ မသက်စုရည်၊မချယ်ရီဘို၊ မအင်ကြင်းမီ၊ မခိုင်နိုနိုဇွန်၊ မဝင်းလဲ့လဲ့ခိုင်တို့၏အဘိုးသည် ၉-၄-၂၀၁၄ရက် နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၉/F_1 နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၂၂/က၊ မြေကွက်တည်နေရာအမှတ် ၈၂၂/က၊ရတနာပုံ ၂လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်အေးကျင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးကျင်(မိခင်)နှင့် ဦးဘညွှန့်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်လှလှဋ္ဌေး ၁၂/သကတ(နိုင်)၀၂၆၀၁၀မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြစ်၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၁၂၉၊ မြေကွက်တည်နေရာအမှတ် ၁၂၉၊ တပင်ရွှေထီးလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ခင်အုန်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အုန်း(မိခင်)နှင့် (ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးတင်မြင့် ၁၂/ဒပန(နိုင်)၀၂၄၇၁၄၊ ဒေါ်ခင်မာဦး ၁၂/ဒပန(နိုင်)၀၂၄၀၇၅တို့ထံမှ GP ၅၄၄/၇-၁-၂၀၁၄ ဖြင့်ရရှိသူ ဦးချစ်ကိုကိုညွှန့် ၁၀/မလမ(နိုင်)၁၅၅၉၃၅မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ဃ/၆၅၊ မြေကွက်တည်နေရာအမှတ် ၂၃၀၊ စကားဝါလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်ထွန်း၊ ဦးသန်းမောင်၊ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်ခင်ရွှေ ၁၂/ဒပန(နိုင်)၀၃၀၈၀၀နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးသန်းမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်တင်မေ ၁၂/ဒပန(နိုင်)၀၃၀၀၄၂ တို့ ပူးတွဲလျက် ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ (မိကျောင်းရဲ)

အသက်(၉၂)နှစ်

ဗိုလ်ကြီးလင်းဦး(ငြိမ်း)(ဒု-ညွှန်မှူး၊ မကွေးတိုင်းစည်ပင်)-ဒေါ်ခင်သန္တာညွှန့်(ခရိုင်ဦးစီးမှူး၊ ကညန၊ မင်းဘူး)တို့၏မိခင် ဒေါ်ခင်လှသည် ၃-၄-၂၀၁၄ရက် နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အရာရှိနှင့်
ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်သန်း(ရွှေဘို)

အသက် (၈၉)နှစ်

ဦးမြင့်သိန်းထွန်း(မွန်ပြည်နယ်ဥပဒေအရာရှိ)၏ မိခင်ကြီး ဒေါ်ခင်သန်းသည် ၇-၄-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဇေယျ ၅၉/၆၀ သင်တန်းဆင်းဥပဒေအရာရှိများ

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေ

အသက် (၈၃)နှစ်

ဥက္ကဋ္ဌ ရွှေသဇင်ကုမ္ပဏီလီမိတက်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်တို့၏ဖခင်ကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ် ၁၀၂နေ ဦးရွှေသည် ၆-၄-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)နှင့်
ဒေါက်တာ ဒေါ်ခင်လေးရီ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊
လမ်း၊ တံတား ဒါယကာကြီး

ဦးရွှေ

အသက် (၈၃)နှစ်

United GP Development Co.,Ltd. ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစုမှ ဒေါက်တာ အောင်ကျော်ဝင်း(EMBA-11th Batch)-ဒေါက်တာသက်သက်ခိုင်(MBA) တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ သက်ရတနာကျော်ဝင်း@ Grace Wan တို့၏အဘိုးသည် ၆-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၉း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Online MBA ရန်ကုန်စီးပွားရေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရွှေ

အသက် (၈၃)နှစ်

မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း၏ ရာသက်ပန် နာယက
ကန်ဟာတုံ ဘုံကျောင်းအသင်း၏ဒုဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက
ဥက္ကဋ္ဌ၊ ရွှေသဇင်ကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌ၊ United GP Development Co.,Ltd.
Jewel Collection Manufacturing Co.,Ltd.
ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊
ရတနာနန်းတော်၊ စိန်နန်းတော် စိန်ရွှေရတနာဆိုင်၊
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်တို့၏ ဖခင်ကြီး

ဒေါ်ယဉ်ယဉ်မွေး၏ ချစ်လှစွာသောဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စိန်နန်းတော် စိန်ရွှေရတနာဆိုင်မှ မန်နေဂျာနှင့် ဝန်ထမ်းများ
Diamond City စိန်ရွှေရတနာဆိုင်မှ မန်နေဂျာနှင့် ဝန်ထမ်းများ
United GP Development by ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစုမှ မန်နေဂျာနှင့် ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရွှေ

အသက် (၈၃)နှစ်

မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း၏ ရာသက်ပန် နာယက
ကန်ဟာတုံ ဘုံကျောင်းအသင်း၏ဒုဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက
ဥက္ကဋ္ဌ၊ ရွှေသဇင်ကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌ၊ United GP Development Co.,Ltd.
Jewel Collection Manufacturing Co.,Ltd.
ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊
ရတနာနန်းတော်၊ စိန်နန်းတော် စိန်ရွှေရတနာဆိုင်၊
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်တို့၏ ဖခင်ကြီး

ကိုကျော်လင်း-ဒေါက်တာဥမ္မာနုတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရတနာနန်းတော် စိန်ရွှေရတနာဆိုင်မှ မန်နေဂျာနှင့် ဝန်ထမ်းများ
United GP Development by ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစုမှ မန်နေဂျာနှင့် ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရွှေ

အသက် (၈၃)နှစ်

မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း၏ ရာသက်ပန် နာယက
ကန်ဟာတုံ ဘုံကျောင်းအသင်း၏ဒုဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက
ဥက္ကဋ္ဌ၊ ရွှေသဇင်ကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌ၊ United GP Development Co.,Ltd.
Jewel Collection Manufacturing Co.,Ltd.
ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊
ရတနာနန်းတော်၊ စိန်နန်းတော် စိန်ရွှေရတနာဆိုင်၊
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်တို့၏ ဖခင်ကြီး

ကိုမောင်မောင်ကြီး-မတင်တင်မွေးတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

To To မှ မန်နေဂျာနှင့် ဝန်ထမ်းများ
ဒေါ်ခင်မြတ်မွန် ၁၂/ဗဟန(နိုင်)၀၃၉၉၁၁

လျှောက်သူ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂ တိုးချဲ့ ရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ် ၄၁ နေ ဒေါ်ခင်မြတ်မွန်က ကွယ်လွန်သူ ဦးကံမြင့်၏ တရားဝင်ဇနီး ဖြစ်သည်ဟူ၍ အထက်ပါ လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးကံမြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကံမြင့်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် မေ ၂၅ ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ခင်မြတ်မွန်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

(မြင့်မြင့်စိန်)

တွဲဖက်ခရိုင်တရားသူကြီး

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒေါ်ကြင်သိုက်လှည့်အမျှဝေသစ်ပစ္စည်းကြေညာခြင်း

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၀၊ မြေကွက်အမှတ် ၅၁၅၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင်(LL.B)	**ဦးအေးမင်းသူ(LL.B)**
စဉ်-၂၅၁၆၅	**စဉ်-၂၆၁၉၉**

ရှီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၃၁၈၊ မြေကွက်တည်နေရာအမှတ် ၃၁၈၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ဆင်တင် CHK-၁၁၁၈၂၂) အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဆင်တင်(တရားရုံး)ကိုယ်စား ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်) ၀၀၃၄၁၉က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်၂၂/၂၀၁၄ (၁၄-၂-၂၀၁၄)ရက်နှင့် တရားမဇာရီမှုအမှတ် ၃၀/၁၄(၂၆-၂-၂၀၁၄)ရက်ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ)၊မြေကွက်အမှတ် ၆၄/ခ၊ မြေကွက်တည်နေရာအမှတ် ၆၄/ခ၊ ရာကျော် ၂လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးသန်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်း ကွယ်လွန်သဖြင့် ဒေါ်သန်းရီ ၁၂/အစန(နိုင်)၀၃၃၅၆၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်သန်းရီထံမှ ကိုယ်စားလှယ်လွှဲစာ ၂၅၈၄၂(၁၆-၁၂-၂၀၁၃)ဖြင့် GP ရသူ ဦးအုံးညွန့် ၁၄/မမက(နိုင်)၀၈၂၅၀၅ကအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှိုက်ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်-၆ (၂-လွှာ) (မြေပိုင်/ယာခန်း) တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်"

[illegible]

B.Com (Q), R.L B.Sc, H.G.P, R.L

[illegible]

"ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

[illegible]

ဦးဇော်ဝင်းသန်း (၁၂/ဗဟန(နိုင်)၀၄၅၅၉၃)

[illegible]

ဦးသက်ကိုကို(ခ)ဖိုးခွားသက် ၁၄/မမန(နိုင်)၁၅၇၄၆၁နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်လေးလေးခိုင်(ခ)နော်လေးလေးခိုင် HTYA-၀၅၃၅၃၂နှင့် ဦးသက်ကိုကို(ခ)ဖိုးခွားသက် ၁၄/မမန(နိုင်)၁၅၇၄၆၁တို့သည် ၇-၅-၂၀၁၀ရက်တွင် ထိမ်းမြားလက်ထပ်ခဲ့ပါသည်။ ယခုအခါ ဦးသက်ကိုကို(ခ) ဖိုးခွားသက်သည် ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်လေးလေးခိုင်(ခ)နော်လေးလေးခိုင် အပေါ်ခင်ပွန်းတစ်ယောက်အနေဖြင့် စောင့်ရှောက်ပြုစုကျွေးမွေးခဲ့ခြင်းအလျဉ်း(လုံးဝ) မရှိသည့်အပြင် ဇနီးမယားဖြစ်သူ ဒေါ်လေးလေးခိုင်(ခ)နော်လေးလေးခိုင် မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်သည့် အိမ်ထောင်ရေးဖောက်ဖျက်မှုအား ပြုလုပ်ခဲ့သည့်အတွက် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်လေးလေးခိုင်(ခ)နော်လေးလေးခိုင်က ဦးသက်ကိုကို(ခ)ဖိုးခွားသက်အား ခင်ပွန်းအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ဦးသက်ကိုကို(ခ)ဖိုးခွားသက် ၁၄/မမန(နိုင်)၁၅၇၄၆၁နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လေးလေးခိုင်(ခ)နော်လေးလေးခိုင် လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအာကာလင်း

အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄

အမှတ် ၈၅၈၊ အင်း၀လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

မြန်မာ့အလင်း

၂၀၁၄ ခုနှစ်၊ မေ ၁၁ ရက်၊ သောကြာနေ့။

SUPER
စူပါကွေကာ

လူမှုစီးပွား

ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျွဲအင်းရွာ သို့မဟုတ် နောင်ကွဲရွာသို့ တစ်ခေါက်

စာ - ၃

လူမှုစီးပွား

ရိုးရာသင်္ကြန်ကို ရိုးရာယဉ်ကျေးမှုဖြင့် အလှဆင်ကြပါ

စာ - ၄

ပြည်တွင်းရေးရာ

ရေလိုအေးလို့ ပန်းလိုလန်းပါစေ

စာ - ၅

ကျားကွက်မှားတဲ့ မော်ရင်ညို ချယ်လ်ဆီးရဲ့လျှောက်လမ်း

စာ - ၂၊ ၇

အင်္ဂလန်အင်နီယေစတာ (သို့) အဒမ်လာလာနာ

စာ - ၂

PUN HLAING HOSPITAL

အလှအပနှင့်အရေပြားဆိုင်ရာခွဲစိတ်ကုသမှုအထူးအစီအစဉ်

ကိုရီးယားနိုင်ငံမှအလှအပနှင့်အရေပြားဆိုင်ရာ

ခွဲစိတ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင် ဧပြီလ (၁၉) ရက်မှ (၂၀) ရက်နေ့အထိ

Email : enquiry.phh@spa.com.mm

ဘောလုံးလောကမှာတော့ နှစ်စဉ် ပါရမီရှင်ကစားသမားတွေပေါ်ထွက်လေ့ရှိတယ်လို့တော့ ဆိုရမှာပါ။ ယခုနှစ်ရာသီပရီမီယာလိဂ်မှာ ဆောက်သမ်တန်အသင်းနဲ့အတူ ထွန်းတောက်လာခဲ့တဲ့ ကစားသမား ကကွင်းလယ်ကစားသမား လာလာနာပါ။ သူဟာ ဆောက်သမ်တန်အသင်းရဲ့ လူငယ်အကယ်ဒမီကျောင်းကို အသက်၁၂နှစ်သားကတည်း ကရောက် လာခဲ့သူဖြစ်ပြီးအသင်းမှာ ၂၀၀၆ ခုနှစ်ကတည်းက ပါဝင်ပွဲထွက်ခွင့်ရရှိထားခဲ့ပေမယ့် ပရီမီယာလိဂ်စာမျက်နှာပေါ်ကိုတော့ ဆောက်သမ်တန်အသင်း တန်းတက်ပြန်လည်ရောက်ရှိလာခဲ့သည့် ၂၀၁၂-၁၃ရာသီသာ ရောက်ရှိလာခဲ့တဲ့သူလည်းဖြစ်ပါတယ်။

အင်္ဂလန်အင်နီယေစတာ(သို့)အဒမ်လာလာနာ

အောင်က

လာလာနာအတွက်တော့ ပရီမီယာလိဂ်မှာကစားရခြင်းဟာ သူ့ရဲ့ ကစားသမားဘဝစာမျက်နှာအတွက်တော့ အောင်မြင်မှုတွေစတင်ရွှေရောင်သန်းလာချိန်လို့တောင်ပြောရမှာပါ။ သူဟာဒီနှစ်ရာသီမှာ အသင်းနဲ့အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်နေခဲ့တာကြောင့် အင်္ဂလန်အသင်းကနေ ခေါ်ယူခြင်းကိုလည်း ခံထားရပါတယ်။ ဒါကြောင့်လည်း လာလာနာဟာ အင်္ဂလန်အသင်းအတွက် အားကိုးရတဲ့ကစားသမားတစ်ဦး ဖြစ်လာမလားဆိုပြီး စောင့်ကြည့်နေမှုတွေလည်းရှိနေပါတယ်။ ဒါတင်မကပါဘူး လက်ရှိ သူ့ရဲ့ခြေစွမ်းတွေကြောင့် ဆောက်သမ်တန်မန်နေဂျာ ပိုချက်တီနိုက လာလာနာဟာ ဘာစီလိုနာအသင်းရဲ့ နာမည်ကြီး ကစားသမားဖြစ်တဲ့ အင်နီယေစတာလို ကောင်းမွန်တဲ့ ကစားသမား တစ်ဦး ဖြစ်တယ်လို့ အမွှမ်းတင် ပြောဆိုလာခဲ့ပါတယ်။ ဒါကြောင့်လည်း သူပြောသလို လာလာနာဟာ အင်နီယေစတာလိုပဲ ကောင်းမွန်တဲ့ကစားသမားတစ်ဦး ဟုတ်မဟုတ်ဆိုတာကို အချက်အလက်တွေကို အသုံးပြုပြီး နှိုင်းယှဉ်ကြည့်လိုက်ရပါတယ်။ ဒီနှစ်ရာသီမှာ လာလာနာအနေဖြင့် အင်နီယေစတာနဲ့ အဓိကကွာခြားတာဆိုလို့ ပွဲတစ်ပွဲမှာဘောလုံး ပေးပို့နိုင်မှုအကြိမ်အရေအတွက်နဲ့ ဘောလုံးပေးပို့ရာမှာ တိကျမှုတို့ပါပဲ။ ဒါပေမယ့် အင်နီယေစတာလို ကမ္ဘာ့ထိပ်တန်းကစားသမားတစ်ဦးနဲ့ယှဉ်ပြီးလာလာနာအနေနဲ့ဘောလုံးပေးပို့နိုင်မှုအကြိမ်အရေအတွက်နည်းတာကတော့အံ့ဩစရာတော့မဟုတ်ပါဘူး။ အင်နီယေစတာဟာ ဘာစီလိုနာ အသင်းမှာ အကောင်းဆုံးဘောလုံးပေးပို့မှုတွေပြုလုပ်ပြီး အသင်းအတွက် အကောင်းဆုံးအကူအညီပေးနေတဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ တကယ်လို့ လာလာနာသာ ဘာစီလိုနာလို အသင်းမျိုးမှာ ကစားခွင့်ရရှိမယ်ဆိုရင်လည်း ဘောလုံးပေးပို့မှုတွေမှာလည်း လူတိုင်းသတိထားမိလောက်အောင်ကို တိုးတက်မှုရှိလာမှာတော့ သေချာသလောက်ကိုရှိပါတယ်။

လာလာနာဟာ ဒီနှစ်ရာသီမှာတော့ အကောင်းဆုံး တိုးတက်မှုတွေရှိလာတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဒီနှစ်ရာသီ ပရီမီယာလိဂ်မှာ ကိုးဂိုးအထိသွင်းယူပေးထားပြီး ၁၃ဂိုးသွင်းယူပေးထားတဲ့ ဂျရတ်ကလွဲရင် ပရီမီယာလိဂ်ရဲ့ကွင်းလယ်ကစားသမားတွေထဲမှာတော့ ဂိုးသွင်းအများဆုံးကစားသမားတစ်ဦးလို့ ပြောရမှာပါ။ ဒါ့အပြင် လာလာနာကို အင်နီယေစတာနဲ့နှိုင်းယှဉ်ကြည့်တဲ့အခါ အခွင့်အရေးဖန်တီးပေးနိုင်မှုတွေမှာ အကောင်းဆုံးရှိနေပြီး ဘောလုံးပြေးဆွဲနိုင်မှုမှာတော့ အင်နီယေစတာ ထက်အနည်းငယ် နိမ့်ကျနေတာ ကိုတွေ့ရပါတယ်။ ဒါပေမယ့် လာလာနာကစားတဲ့နေရာဟာ အင်နီယေစတာနဲ့ အနည်း ငယ်ကွာခြားမှုရှိတယ်လို့ဆိုပြီး စောဒကတက်ပြောဆိုနိုင်ပေမယ့်နှစ်ဦးစလုံးဟာ ဗဟိုကွင်းလယ်သာမက နောက်ချန်တိုက်စစ်မှူးအဖြစ်ပါ ကစားနိုင်တဲ့သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် လာလာနာကို အင်္ဂလန်အင်နီယေစတာလို့တောင် တင်စားနိုင်ပါတယ်။

ဒါကြောင့်လည်း ဆောက်သမ်တန်မန်နေဂျာပိုချက်တီနိုက လာလာနာလိုကစားသမားမျိုးဟာ အင်္ဂလန် ဘောလုံးသမားတွေထဲမှာမရှိဘူးလို့ ဆိုလိုက်ပါတယ်။ ဒါပေမယ့်သူနဲ့အနီးစပ်ဆုံးတူတဲ့ကစားသမားတစ်ဦး တော့ရှိပါတယ်။ သူကတော့ ဂျိုကိုးလ်ပါ။ သူဟာ ချဲလ်ဆီးအသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနေနိုင်သည့်အချိန်က ဂိုးတွေသွင်းယူနိုင်သလို အခွင့်အရေးတွေလည်း ဖန်တီးပေးနိုင်ခဲ့တဲ့ ကစားသမား တစ်ဦးပါ။ ဒါပေမယ့် သူ့ရဲ့တောက်ပချိန်ကလည်း မကြာဘူးလို့ဆိုရမှာပါ။ လာလာနာဟာ နည်း စနစ်ပိုင်းကောင်းမွန်ပြီး ခံစစ်ပိုင်းအတွက်အားကိုးရတဲ့ ကစားသမားတစ်ဦး အဖြစ်သာမက တိုက်စစ်ပိုင်းအတွက်လည်း အားကိုးရတဲ့သူလည်းဖြစ်ပါတယ်။ ဒါ့အပြင် လာလာနာဟာ အင်္ဂလန်မန်နေဂျာ ရိုင်ဟော့ဂ်ဆန်ရဲ့ ၄-၂-၃-၁ ကစားကွက်မှာ ဆိုရင်တော့ ညာတောင်ပံကနေ ကစားဖို့လည်းရှိနေပါတယ်။ ဒါကြောင့်လည်း ပိုချက်တီနိုက အင်္ဂလန်အသင်းရဲ့ ၂၀၁၄ကမ္ဘာ့ဖလားမှာ လာလာနာဟာအသင်းကို အကောင်းဆုံးအကူအညီ ပေးနိုင်လိမ့်မယ်လို့လည်းပြောဆိုထားတာ ဖြစ်ပါတယ်။

ဒါကြောင့် ပိုချက်တီနို ချီးကျူးသလိုပဲ လာလာနာဟာ အင်နီယေစတာလိုပဲ အနာဂတ်ကာလတွေအထိအသင်းမှာ အကောင်းဆုံးဆက်လက်ခြေစွမ်းပြနိုင်မလား။ ၂၀၁၄ကမ္ဘာ့ဖလားမှာကစားမယ့် အင်္ဂလန်အသင်းအတွက်အောင်မြင်မှုတွေရရှိအောင် ကူညီပေးနိုင်မ လားဆိုတာကတော့ အချိန်ကပြောမယ့် အဖြေတစ်ခုကိုပဲ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပါတယ်။

လာလာနာ		အင်နီယေစတာ
၉	ဂိုး	၃
၂၂%	ပွဲအဖြေပြောင်းလဲနိုင်မှု	၁၅.၈%
၁.၈	အခွင့်အရေးဖန်တီးနိုင်မှု	၁.၅
၃၉	ပေးပို့မှု	၆၃
၈၃%	တိကျမှု	၉၁%

စာမျက်နှာ ၈မှ

ထို့ကြောင့် ဟာရီယာအနေဖြင့် ဖိအားပြင်းသော ကမ္ဘာ့ဖလားကဲ့သို့သော ပြိုင်ပွဲမျိုးတွင် မက္ကဆီကိုအား အောင်မြင်စွာကိုင် တွယ်နိုင်ရန်မှာလည်း အားလုံးအတွက် သံသယဖြစ်စရာရှိနေသည်။

ပြိုင်ပွဲလမ်းကြောင်းနှင့်အလားအလာ

အထူးသဖြင့် မက္ကဆီကိုသည် ဘရာဇီး၊ ခရိုအေးရှား၊ ကင်မရွန်းတို့သာပါသော အုပ်စု (A) တွင် ပါဝင်နေရာ ၂၀၁၀ ကလောက် မခက်သည်က မှန်သည်။ သို့သော် ခရိုအေးရှားမှာ မက္ကဆီကို အတွက် လွယ်ကူသော ပြိုင်ဘက်မဟုတ်သလို အုပ်စုကတက်ရန်ပင် ခက်ခဲစွာ ရုန်းကန်ရနိုင်သည်။ အကယ်၍ အုပ်စုကို ကျော်ဖြတ်နိုင်လျှင်လည်း ပြိုင်ပွဲလမ်းကြောင်းအရ ၁၆သင်းအဆင့်တွင် စပိန်၊ ဟော်လန်၊ချီလီတို့ပါဝင်သော အုပ်စု (B)မှတစ်သင်းသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ကာ ၁၉၇၀ ပြိုင်ပွဲနှင့် ၁၉၈၆ပြိုင်ပွဲများကကဲ့သို့ ကွာတားရောက်ရှိရေးမှာ မက္ကဆီကိုအတွက် အိပ်မက်ဆန်လွန်းလှပေသည်။

FIFA WORLD CUP Brasil



ကျားကွက်မှားတဲ့မော်ရင်ညို နဲ့ ချယ်လ်ဆီးရဲ့လျှောက်လမ်း

ဝေမိုးဆက်

ဘောလုံးအားကစားနည်းမှာ မန်နေဂျာတစ်ယောက်အတွက် အရေးပါအရာရောက်ဆုံးအရာက ဘာလဲလို့ မေးတဲ့အခါ အမြော်အမြင်ရှိမှုနဲ့ ဆုံးဖြတ်ချက် တိကျမှန်ကန်မှုလို့ဖြေရင် လွန်မလား။ ပြောရရင် မန်နေဂျာတစ်ဦး ဆိုတာက အသင်းတစ်သင်းလုံးကို ဦးဆောင်ပဲ့ကိုင်ရတဲ့သူ။ ကစားကွက်၊ ကစားပုံ၊ ဗျူဟာကအစ၊ ပွဲထွက်အခင်းအကျင်းအပါအဝင် ဘောလုံးသမားတွေရဲ့ အရည်အသွေးကို အကဲဖြတ်မြှင့်တင်ပေးမှုအဆုံး တစ်သင်းလုံးကို ဟန်ချက်ညီအောင် ထိန်းပေးရသူဆိုတော့ အဲဒီလိုလူမျိုးမှာ အမြော်အမြင်နဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းမရှိရင် အဲဒီအသင်းဟာ အဲဒီမန်နေဂျာလက်အောက်ကနေ ရောက်သင့်တဲ့နေရာကို ရောက်အောင်သွားနိုင်ပါ့မလား။

အထူးသဖြင့် မန်နေဂျာဆိုတာက အသင်းတစ်သင်းရဲ့ ပဲ့ကိုင်ပဲ။ သူရွေးချယ်တဲ့လမ်းကောင်းမှ သူ့အသင်းရဲ့ လျှောက်လမ်းက ချောမွေ့နိုင်သလို သူ့ရဲ့ပဲ့ထိန်းမှုကောင်းမှ သူ့အသင်းရဲ့ ဦးတည်ရာကလည်း တည့်တည့်မတ်မတ်ဆိုတော့ မန်နေဂျာ တစ်ယောက်မှာ တွေးခေါ်မြော်မြင်နိုင်စွမ်းအားနည်းလို့ကို မရတာ သေချာတယ်။ ထွေထွေထူးထူးမကြည့်နဲ့။ အဲဒီအချက်အတွက် သက်သေတစ်ရပ်ကို ဒီနှစ်၊ ဒီရာသီမှာတင် ပြက်ပြက်ထင်ထင်တွေ့နေရတယ်။

ဒါပေမယ့် အဲဒီလိုပြောလို့ အဲဒီမန်နေဂျာမှာ အရည်အသွေးမပြည့်ဘူးလို့ ပြောတာမဟုတ်ဘူး။ အဲဒီလိုပြောလို့ အဲဒီမန်နေဂျာကို မန်နေဂျာကောင်း မဟုတ်ဘူးလို့ ပြောတာလည်းမဟုတ်ဘူး။ အရှင်းဆုံးပြောရရင် အဲဒီမန်နေဂျာရဲ့ အမည်ကိုက မော်ရင်ညို။မော်ရင်ညိုဆိုတာနဲ့ ထက်မြက်သူ။ အရည်အသွေးအပြည့်ရှိသူ၊ ဆုဖလားတွေရနိုင်ယူနိုင်ပြီး အသင်းတစ်သင်းကို အောင်မြင်မှု လမ်းကြောင်းပေါ် တွန်းပို့ပေးနိုင်သူဆိုတာ လက်မခံလို့ မရလောက်အောင် အစဉ်အလာနဲ့ သမိုင်းကြောင်းက ခိုင်ခိုင်မာမာကို ရှိနေတယ်ဆိုပေမယ့် သူ့ရဲ့မထင်မှတ်တဲ့အမှားတစ်ခုဟာ ဒီရာသီမှာ ချယ်လ်ဆီးကို ဦးတည်ရာ လမ်းကြောင်းနဲ့ လွဲစပြုနေတယ်လို့ ပြောရင်လွန်မလား။

တကယ်တော့ ဒီနှစ်ဒီရာသီမှာ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ချန်ပီယံဖြစ်မယ်ဆိုရင် ဖြစ်နိုင်လောက်တဲ့ အရည်အသွေးရှိပါလျက် ရာသီကုန်ခါနီးဖြစ်လာတာနဲ့အမျှ ဘာကြောင့် ဦးတည်ရာလမ်းကြောင်းနဲ့ သွေဖည်စပြုလာရသလဲ။ မမေးနဲ့။ အဖြေကရှင်းတယ်။ ပြောရရင် ဘောလုံး အားကစားနည်းမှာ အောင်ပွဲရဖို့ဆိုတာ နိုင်ပွဲရဖို့လိုတယ်။ နိုင်ပွဲရဖို့ဆိုရာမှာလည်း ကိုယ်က ဂိုးသွင်းနိုင်စွမ်းရှိဖို့လိုတယ်။ ခံစစ်တစ်ခုတည်း ကျစ်လျစ်ပြီး ဂိုးမပေးရဘူးဆိုရင်တောင် ကိုယ်က ဂိုးမသွင်းနိုင်ရင် သုံးမှတ်မရဘူး။ တစ်မှတ်ပဲရမယ်ဆိုတော့။ ဒီလို အောင်ပွဲရဖို့အရေးပါတဲ့ နိုင်ပွဲရယူနိုင်ရေးမှာ အဓိကကျတဲ့ ဂိုးရရှိရေး တာဝန်ကို မော်ရင်ညိုလက်အောက်က တိုက်စစ်မှူး သုံးယောက်စလုံး အင်ပြည့်အားပြည့် မစွမ်းဆောင်နိုင်ဘူး။ ဒါကိုက ချယ်လ်ဆီးရဲ့ အဓိကအကျဆုံး လိုအပ်ချက်။ မော်ရင်ညိုရဲ့ တစ်ခုတည်းသောအမှား။

အရှင်းဆုံးပြောရရင် ဒီနှစ်ရာသီမှာ မော်ရင်ညိုရဲ့ လက်အောက်က တိုက်စစ်မှူးသုံးဦးပေါင်း သွင်းဂိုးဘယ်လောက်ရှိသလဲ ပြန်ကြည့်။ ပြိုင်ပွဲ အရပ်ရပ်မှာ သွင်းယူတဲ့ သုံးဦးပေါင်းသွင်းဂိုးက ၂၅ ဂိုးပဲရှိတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲ တစ်ရပ်တည်းထပ်ကြည့်ရင် သုံးဦးပေါင်းမှ ၁၅ဂိုးပဲ သွင်းနိုင်သေးတယ်ဆိုတော့ အဲဒီတိုက်စစ် အစုအဖွဲ့ဟာ မော်ရင်ညိုအတွက် ပြည့်စုံတဲ့ အစုအဖွဲ့ဖြစ်ရဲ့လားဆိုတာ မေးစရာတောင်မလိုဘူး။ ပြောရရင်လက်ရှိရာသီ မော်ရင်ညိုရဲ့ တိုက်စစ်မှူး သုံးဦးပေါင်း ပြိုင်ပွဲအရပ်ရပ်သွင်းဂိုးဟာ ပြိုင်ပွဲ အရပ်ရပ်မှာ၂၃ဂိုးသွင်းထားတဲ့ လီဗာပူးတိုက်စစ်မှူး စတားရစ်ရဲ့ တစ်ဦးတည်းသွင်းဂိုးထက် နှစ်ဂိုးသာများတယ်။ ပရီမီယာလိဂ်သွင်းဂိုးချည်းကြည့်ရင် စတားရစ်ဟာ လီဗာပူးအတွက် တစ်ဦးတည်း ဂိုး ၂၀အထိ သွင်းထားချိန်မှာ အီတို၊ တောရက်စ်၊ ဒမ်ဘာဘာတို့ သုံးဦးပေါင်းက ၁၅ဂိုးပဲရတယ်။ ပြီးတော့ အဲဒီသူတို့သုံးဦးပေါင်းသွင်းတဲ့ပရီမီယာလိဂ် ၁၅ ဂိုးဟာ အဲဗာတန်တိုက်စစ်မှူး လူကာကူသွင်းယူထားတဲ့ ပရီမီယာလိဂ် ၁၂ဂိုးထက် သုံးဂိုးသာများတယ်ဆိုတော့ ချယ်လ်ဆီးရဲ့ လိုအပ်ချက် ပြင်းထန်မှုက တော်တော်လေးကို မြင်သာတယ်။

တကယ်တော့ အရှင်းဆုံး ပြောရရင် စတားရစ်ရော၊ လူကာကူပါ အရင်က ချယ်လ်ဆီးကစားသမားတွေ။ စတားရစ်ဆိုရင် မနှစ်က ဘောလုံးရာသီရဲ့ ဇန်နဝါရီအပြောင်းအရွှေ့တုန်းကမှ ချယ်လ်ဆီးကနေ လီဗာပူးကိုပြောင်းခဲ့တာ။ အဲဒီတုန်းကတော့ စတားရစ်ကို မော်ရင်ညို ရောင်းတာမဟုတ်ဘူး။ ဘင်နီတက်ဇ် ရောင်းခဲ့တာ။ လူကာကူကျတော့ ဒီနှစ်ရာသီအစကမှ အဲဗာတန်အသင်းဆီကို မော်ရင်ညိုကိုယ်တိုင် အငှားချခဲ့တာ။ ပြောချင်တဲ့ အဓိပ္ပာယ်ကစတားရစ်ဟာ ဒီရာသီမှာ အကောင်းဆုံးခြေစွမ်းတွေရနေပေမယ့်သူ့ကို ဆက်မထိန်းထားခဲ့ခြင်းဟာ မော်ရင်ညိုရဲ့ အပြစ်မဟုတ်ဘူး။ တကယ်လို့ မနှစ်ကသာ စတားရစ်ကို မရောင်းခဲ့ရင် မော်ရင်ညိုရဲ့ ဦးဆောင်မှု၊ စတားရစ်ရဲ့ လက်ရှိခြေစွမ်းပေါင်းရင် ချယ်လ်ဆီးအတွက် ပရီမီယာလိဂ်ချန်ပီယံဆုက မခက်နိုင်ပေမယ့် အဲ့ဒီအတွက် အဲဒီလိုဖြစ်မလာခြင်းမှာ မော်ရင်ညိုကို အပြစ်တင်လို့ မရဘူး။ မော်ရင်ညိုကို လက်ညှိုးထိုးလို့မရနိုင်ဘူး။

ဒါပေမယ့် လူကာကူရဲ့ပြဿနာကျတော့ မော်ရင်ညိုအပေါ်မှာ လုံးလုံးလျားလျား မူတည်သွားတယ်။ အထူးသဖြင့် မော်ရင်ညိုဟာ ရောက်စတုန်းက လူကာကူကို သုံးသေးတယ်။ ပရီမီယာလိဂ်မှာ နှစ်ပွဲထည့်သုံးတဲ့အပြင်ဘိုင်ယန်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဥရောပစူပါဖလားပွဲမှာလည်း ထည့်သုံးတယ်။ ဒါပေမယ့် အဲဒီပွဲတွေမှာ လူကာကူက ဂိုးမသွင်းနိုင်တဲ့အပြင် ဘိုင်ယန်နဲ့ပွဲမှာ ပယ်နယ်တီအဆုံးအဖြတ်ခံယူတဲ့အခါ ချယ်လ်ဆီးအတွက် နောက်ဆုံးပယ်နယ်တီကို လူကာကူကန်သွင်းရာမှာ ဂိုးမဝင်ဘူး အဲဒါကြောင့်ပဲ ချယ်လ်ဆီးရှုံးရတဲ့အခါ ကူရဲ့သွင်းဂိုးတွေကြောင့် အဲဗာတန်က ၁၂မှတ် တိတိပိုရခဲ့တယ်။ ဒီတော့ မော်ရင်ညိုရဲ့ မထင်မှတ်တဲ့ ဆုံးဖြတ်ချက်ကလေးတစ်ခုဟာ ချယ်လ်ဆီးကိုဘယ်လောက်အထိ နစ်နာသွားစေသလဲ။ ဘယ်လောက်များထိခိုက်လဲဆိုတာ ရှင်းပြီ။

ပြောရရင် လက်ရှိချယ်လ်ဆီး တိုက်စစ်မှူးသုံးဦးကို ပြန်ကြည့်မယ်ဆိုရင် သူတို့ဟာ ချယ်လ်ဆီးကစားသမားဘဝမှာအသင်းကို အကျိုးပြုနိုင်မှုဟာ လူကာကူကိုလုံးဝမမီတာပါ ထပ်တွေ့ရမယ်။ အထူးသဖြင့် လူကာကူဟာ ချယ်လ်ဆီးကိုရောက်ပြီး မော်ရင်ညိုက လူကာကူကို အဲဒါပြီးတာနဲ့ အငှားချခဲ့တယ်ဆိုတော့ တဒင်္ဂဖြစ်ရပ်အပေါ် မော်ရင်ညို တိမ်မှုးခဲ့လေသလား။ အမြော်အမြင်ကင်းမဲ့ပြီး သည်းခံစိတ်မထားခဲ့တာလား။ တွေးစရာကောင်းပေမယ့် လူကာကူကို အငှားချခဲ့မှုဟာ ချယ်လ်ဆီးတိုက်စစ်ကို အသက်မဲ့စေတယ်လို့ ပြောကြတာကိုတော့ လွန်တယ်လို့ မဆိုနိုင်ဘူး။

အထူးသဖြင့် ဒီနှစ်ပရီမီယာလိဂ်ကို ပြန်ကြည့်ရင် ချယ်လ်ဆီးကို တိုက်စစ်မှူးတွေယူပေးတဲ့ အမှတ်ဘယ်နှမှတ်ရှိသလဲဆိုတော့ ၁၀မှတ်ပဲရှိတယ်။ ပြောချင်တဲ့အဓိပ္ပာယ်က ပရီမီယာလိဂ်မှာ တိုက်စစ်မှူးတွေသွင်းပေးတဲ့ဂိုးကို ဖယ်လိုက်ရင် ချယ်လ်ဆီးအမှတ် လျော့နိုင်တဲ့ပွဲကို ကြည့်ပြီးတွက်တာ။ မန်စီးတီးကို ၂-၁နဲ့ နိုင်တဲ့ပွဲမှာ တောရက်စ်သွင်းခဲ့တဲ့ အနိုင်ဂိုးကို ဖယ်လိုက်ရင် ချယ်လ်ဆီးသုံးမှတ်အစား တစ်မှတ်ပဲရမယ်။ ဒီတော့ တောရက်စ်ကြောင့် ချယ်လ်ဆီးနှစ်မှတ်ပိုရတဲ့သဘော။ ဒီနည်းနဲ့တွက်ရင် ဒီရာသီပရီမီယာလိဂ်မှာ တိုက်စစ်မှူးတွေကြောင့် ချယ်လ်ဆီးပိုရတဲ့အမှတ်က ၁၀မှတ်ပဲ ရှိပါတယ်ဆိုတာ ထင်ထင်ရှားရှားကိုတွေ့ရတယ်။ အဲဒီလိုအချိန်မှာ အဲဒီနည်းနဲ့ တွက်တဲ့အခါ မော်ရင်ညို အငှားချလိုက်တဲ့ လူကာ

	လူကာကူ	တောရက်စ်	ဒမ်ဘာဘာ	အီတို
ပွဲ	၄၂	၇၀	၂၉	၁၅
သွင်းဂိုး	၂၉	၁၉	၅	၈
ဂိုးရရန်ကြာချိန်	၁၃. ၉	၃၄၆. ၇	၂၄၉. ၂	၁၄၈. ၃၈
ကန်သွင်းမှုကို တိကျခြင်းရာနှုန်း	၆၂၃၄၇	၄၇. ၂၂	၅၄. ၃၅	၆၀. ၅၃
အခွင့်အရေး ဖန်တီးပေးမှု	၆၁	၁၀၁	၁၂	၂၀

တဲ့နောက် ဒီနေ့ဒီအချိန်အထိဦးစားပေးခြင်းမခံရဘဲဝက်စ်ဘရွန်းနဲ့ အဲဗာတန် တို့ပွဲမှာပဲ အငှားနဲ့ကစားနေခဲ့ရတဲ့ လူကာကူရဲ့အဲဒီနှစ်သင်းအတွက် စုစုပေါင်း စွမ်းဆောင်နိုင်မှုကို တောရက်စ်၊ ဒမ်ဘာဘာ၊ အီတိုတို့ရဲ့ ချယ်လ်ဆီးအတွက်စွမ်းဆောင်နိုင်မှုကိုနှိုင်းယှဉ်ပြီးကြည့်ရင် သိနိုင်တယ်။

ဒါက ပရီမီယာလိဂ်ပြိုင်ပွဲ တစ်ခုတည်းကပဲ အခြေခံပြီးတွက်တာ။ ပြောရရင် လူကာကူဟာ ချယ်လ်ဆီးမှာ သိပ်မကစားရတဲ့ အတွက် ဥရောပပွဲတွေ ကစားခွင့်ရမှုမှာ အခြားတောရက်စ်၊ ဒမ်ဘာသာ၊ အီတိုတို့လိုအခွင့်အရေး မရှိဘူး။ ဒါကြောင့် ပရီမီယာလိဂ် တစ်ခုတည်းချပြခဲ့တာ။ ပြီးတော့ အဲဒီလို တွက်ချက်မှုအရလည်း လူကာကူကို ကျန်သုံးဦးစလုံးက မမီဘူးဆိုတော့ မော်ရင်ညိုရဲ့ဆုံးဖြတ်ချက်အပေါ် ဘယ်လိုပြောမလဲ။ ပြီးတော့ အဲဒီလိုဆုံးဖြတ်ချက်ကြောင့် ချယ်လ်ဆီး ဘယ်လောက်နစ်နာရသလဲ။ လူကာကူသာရှိရင် ပရီမီယာလိဂ်ဆုဖလားကိုတစ်ကျော့ ပြန်ရယူဖို့ကြိုးစားရာမှာ ပိုပြီးအထောက်အပံ့မဖြစ်နိုင်ဘူးလား။ တွေးစရာတွေက တစ်ပုံကြီး။

ဒီတော့ ဘောလုံးအားကစားနည်းမှာ မန်နေဂျာတစ်ယောက်အတွက် အရေးအပါဆုံးကဘာလဲ။ မန်နေဂျာဆိုတာက အသင်းတစ်သင်းလုံးရဲ့ ပဲ့ကိုင်ဖြစ်တာနဲ့အမျှ သူ့မှာ တွေးခေါ်မြော်မြင်နိုင်စွမ်း ရှိဖို့လိုတယ်။ဆုံးဖြတ်ချက်တစ်ရပ်ကို မှန်မှန်ကန်ကန် ချမှတ်နိုင်ဖို့လိုတယ်။ ကစားသမားတစ်ယောက်ရဲ့ အရည်အသွေးကို သုံးသပ်ပိုင်းခြားနိုင်ဖို့လည်း လိုတယ်။ တကယ်တော့ချယ်လ်ဆီး ဟာ အေဘရာမိုဗစ်လက်ထက်မှာ တိုက်စစ်မှူးတွေချည်း ခေါ်ဖို့အတွက် သုံးခဲ့တဲ့ငွေချည်းပေါင် ၁၉၈ သန်းရှိပြီ။ ဒီအထဲမှာအသုံးတည့်သူက နည်းတယ်။ ဒီတော့မော်ရင်ညို ရှေ့မှာရော ဘယ်လိုခရီးဆက်မလဲ။ သူ့အတွက် တစ်ကြိမ်မှားခဲ့ပြီးပြီ။ အဲဒီအမှားကလည်း အသင်းကို နစ်နစ်နာနာဖြစ် စေခဲ့ပြီးပြီဆိုတော့။ သေချာတယ်၊ လာမယ့်နွေရာသီမှာ မော်ရင်ညိုရဲ့ တိုက်စစ်မှူးရှာပုံတော်ကပိုပြီးစိတ်ဝင်စားဖို့ ကောင်းလိမ့်မယ်။ ။

၂၀၁၄ ခုနှစ် WTA Family Circle Cup ချန်ပီယံဆုကို ပက်ကိုဗစ် ဆွတ်ခူး

အမေရိကန်နိုင်ငံ ချာလီစတုန်းမြို့တွင် ပြီးခဲ့သည့် မတ်လ ၃၁ ရက်မှ ဧပြီ လ ၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော ၂၀၁၄ ခုနှစ် WTA Family Circle Cup တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲတွင် ဂျာမနီနိုင်ငံသူ အန်ဒရီပက်ကိုဗစ်က အနိုင်ရ ဗိုလ်စွဲ သွားခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ပက်ကိုဗစ်သည် ယခုနှစ် Family Circle Cup တင်းနစ်ပြိုင်ပွဲ၌ နိုင်ခြေအဆင့် ၁၄ သတ်မှတ်ခံခဲ့ရပြီး ဗိုလ်လုပွဲတွင် ဆလိုဗက်ကီးယားနိုင်ငံသူဂျီနာဆီပီလိုဗာနှင့် ယှဉ်ပြိုင် ခဲ့ရာ ပက်ကိုဗစ်က ၇-၅၊ ၆-၂ ဖြင့် အနိုင်ရဗိုလ်စွဲ ခဲ့ခြင်းဖြစ်သည်။

Family Circle Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု သည် ပက်ကိုဗစ်အတွက် သုံးခုမြောက် WTA ချန်ပီယံဆုဖြစ်ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးရရှိခဲ့သည့် WTA ချန်ပီယံဆု ဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသူ ပက်ကိုဗစ်က "အခုလို အောင်မြင်မှုရရှိခဲ့တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ဒဏ်ရာပြဿနာတွေကနေ ရုန်းထွက်လာနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိတယ်။ ဒဏ်ရာကြောင့် ပြိုင်ပွဲကြီးတစ်ခုမှာ အခုလိုဗိုလ်လုပွဲကို တက်ရောက်လာနိုင်လိမ့်မယ်လို့ မတွေးမိခဲ့ပါဘူး။ အခုတော့ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့သလို ချန်ပီယံဆုလည်း ရယူနိုင်ခဲ့တဲ့အတွက် ပျော်ရွှင်မိတယ်။ ဗိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့တဲ့ ဆီပီလိုဗာအတွက်လည်း ဂုဏ်ယူပါတယ်" ဟု ပြောဆိုခဲ့သည်။

အသက် ၂၀ နှစ်အရွယ် ဆီပီလိုဗာ (ကမ္ဘာ့အဆင့် ၅၁) သည် Family Circle Cup ပြိုင်ပွဲ၏ ဒုတိယအဆင့်ပွဲစဉ်တွင် ယမန်နှစ်ပြိုင်ပွဲက ဗိုလ်စွဲခဲ့သူ ကမ္ဘာ့အဆင့် ၁ တင်းနစ်မယ် ဆီရီနာဝီလျံကို အနိုင်ယူနိုင်ခဲ့သူဖြစ်သည်။

ယခုနှစ် Family Circle Cup တင်းနစ်ပြိုင်ပွဲ၌ ဆားဘီးယားနိုင်ငံသူ ဂျီလီနာဂျန်ကိုဗစ်၊ အီတလီ နိုင်ငံသူ ဆာရာ အာရာနီ၊ ဆလိုဗက်ကီးယားနိုင်ငံသူ ဟန်တူချိုဗာ၊ အမေရိကန်နိုင်ငံသူ ဗီးနပ်စ်ဝီလျံစသည့် နာမည်ကျော်တင်း နစ်မယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဟန်တူချိုဗာ၊ ဂျန်ကိုဗစ်နှင့် အာရာနီတို့သည် ကွာတားဖိုင်နယ် အဆင့်တွင် လည်းကောင်း၊ ဗီးနပ်စ်ဝီလျံသည် တတိယအဆင့်ပြိုင်ပွဲတွင်လည်းကောင်း ရှုံးပွဲများ အသီးသီးကြုံတွေ့ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် စပိန်နိုင်ငံသူ ဂါရီဂူစ်နှင့် ကာဇက်စတန် နိုင်ငံသူ ရှက်ဖ်ဒိုဗာ တို့အတွဲက တိုင် ပေမှ ချန်ဟိုချင်းနှင့် ချန်ယင်ဂျန်တို့ အတွဲကို ၇-၆(၇-၄)၊ ၆-၂ ဖြင့် အနိုင် ရဗိုလ်စွဲခဲ့သည်။

» စာမျက်နှာ ၈မှ

Bahrain Grand Prix ပြိုင်ပွဲ ဆာယူဘာအသင်းသား အက်စတီဘန်ဂူတီရက်ဇ်မောင်းနှင်သည့်ကားသည် လိုတက်စ်အသင်းသား မာလ်ဒိုနာဒို မောင်းနှင်သည့်ကားနှင့် တိုက်မိပြီး တိမ်းမှောက်ခဲ့ခြင်းကြောင့် ဂူတီရက်ဇ်အား ဆေးစစ်ဆေးမှုများ ခံယူရန် ဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ရေးသားဖော်ပြ

အဆိုပါပြိုင်ပွဲ၌ မက္ကဆီကိုနိုင်ငံသား ဂူတီရက်ဇ်သည် အပတ် ၄၀ မြောက်ကို မောင်းနှင်ယှဉ်ပြိုင်နေစဉ် ဆီဖြည့်ရာမှ ထွက်လာသည့် မာလ်ဒိုနာဒို၏ ကားနှင့် တိုက်မိခဲ့ပြီး ဂူတီရက်ဇ်၏ ကားမှာ လွင့်စဉ်ထွက်သွားခဲ့ရခြင်းဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

သတင်းထုတ်ပြန်

ဂူတီရက်ဇ်အား ဆေးရုံသို့ တင်ပို့ ၍ ဆေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် ပြင်းထန်သည့် ဒဏ်ရာရရှိသည်ကို တွေ့ရှိခဲ့ရခြင်းမရှိကြောင်း၊ ထို့ကြောင့် ဂူတီရက်ဇ်သည် ဆေးရုံမှ ပြန်ဆင်းလာခဲ့ပြီဖြစ်ကြောင်း ဆာယူဘာအသင်းမှ သတင်းထုတ်ပြန်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျွဲအင်းရွာ သို့မဟုတ် နောင်ကွဲရွာသို့ တစ်ခေါက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ သီပေါနှင့်လားရှိုးကြား နောင်မွန် ကျေးရွာအုပ်စု နောင်ကွဲကျေးရွာသို့ လွန်ခဲ့သော ဆယ်စုနှစ်က ခင်မင်ရင်းနှီးခဲ့သည့် မိတ်ဆွေ နောင်မွန်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်စိုးစိုး၏ စုပေါင်းရှင်ပြုအလှူမင်္ဂလာပွဲကို ဖိတ်ကြားရောက်ရှိခဲ့ရသည်။

နောင်မွန်ကျေးရွာသည် ဟိုးယခင်အချိန်ကတည်းက တစ်စတစ်စဖြင့် တိုးတက်ပြောင်းလဲနေသော်လည်း ယင်းကျေးရွာအုပ်စုဖြစ်သည့် နောင်ကွဲကျေးရွာမှာကား ဖွံ့ဖြိုးတိုးတက်မှုမှာ မြန်ဆန်လွန်းလှသည်။ ရွာဦးဘုန်းတော်ကြီးကျောင်း၊ မူလတန်းကျောင်း၊ မူကြိုကျောင်း၊ ပြန်/ဆက်ဦးစီးဌာနနှင့် ကျေးရွာသားများ ပူးပေါင်းဆောက်လုပ်ထားသည့် ခေတ်မီစာကြည့်တိုက်လည်းရှိသည်။ သို့ဖြစ်၍ အဆိုပါကျေးရွာသို့ ဝင်ရောက်ပြီး ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို လေ့လာဖြစ်သည်။

နောင်ကွဲဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး မြန်မာသို့ပြန်ဆိုသော် ကျွဲအင်းရွာဟု အဓိပ္ပာယ်ရသည်။ လူနေအိမ်ခြေ ၂၂၀ ကျော်နှင့် လူဦးရေ ၁၅၀၀ ခန့်ရှိသည်။ ဒေသခံများအနေဖြင့် တောင်ယာစပါးနှင့် ပြောင်းဖူးသီးနှံကို အများဆုံးစိုက်ပျိုးကာ နယ်စပ်ဒေသသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်သည်။ ဟိုးယခင်ကာလများက လမ်းပန်းဆက်သွယ်မှု မကောင်းခဲ့၍ နယ်စပ်ဒေသ တရုတ်နိုင်ငံသို့ အချိန်ကြာမှရောက်ခဲ့သော်လည်း ယခုအခါမူ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခဲ့သဖြင့် နေ့ချင်းပေါက်ခရီးရောက်ခဲ့ပြီ။

သီးနှံစိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကအချက်မှာ ရေရရှိရေးပင်ဖြစ်သည်။ နောင်ကွဲဒေသခံကျေးလက်ပြည်သူများအနေဖြင့် ရေရရှိရေးတွင် ဖော်ပြပါ နောင်ကွဲသဘာဝရေကန်ကြီးမှ ရေဖြင့် သောက်သုံးအသုံးပြုနိုင်သလို စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ယင်းကန်ကြီးမှ ရေဖြင့် အထောက်အကူပြုခဲ့သည်။ ထို့ကြောင့် နောင်ကွဲဒေသပြည်သူများအနေဖြင့် သွားလမ်းသာ၍ လာလမ်းဖြောင့်သည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းမှာလည်း တံခွန်ထူနိုင်ခဲ့ပြီ။

မန္တလေး၊ လားရှိုး၊ မူဆယ်သွားကုန်တင်မော်တော်ယာဉ်ကြီးများနှင့် ခရီးသည်တင်မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များမှာလည်း နေ့လယ်ထမင်းစားချိန်တွင် နောင်ကွဲကျေးရွာ

နောင်ကွဲရွာဒေသခံများ ကိုးကွယ်ရာ ရှေးဟောင်းရန်အောင်မြင်စေတီတော်ကို တွေ့ရစဉ်။

နောင်ကွဲကန်မှ ထွက်ရှိသောရေများကို အများပြည်သူတို့ အသုံးပြုနိုင်ရန် ရေပြွန်ဖြင့် သွယ်တန်းထားသည်ကို တွေ့ရစဉ်။

သို့ ရောက်ရှိချိန်ဖြစ်ရာ နာမည်ကျော်ရှမ်းရိုးရာထမင်းဆိုင်များတွင် ထမင်းစားပြီး နောင်ကွဲရေကန်မှ သဘာဝစမ်းရေကို တစ်ဝကြီးချိုးနိုင်သဖြင့် ခရီးသွားမော်တော်ယာဉ်များက စခန်းတစ်ထောက်နားရာနာမည်ကြီးဒေသတစ်ခု ဖြစ်ခဲ့သည်။

နောင်ကွဲကျေးရွာမှ လားရှိုးမြို့သို့အထွက် အရိပ်အာဝါသကောင်းပြီး ရေအလျှံပယ်ထွက်ရာ စခန်းတွင် ထမင်းဆိုင်ဖွင့်ထားသည့် အောင်ခိုင်မိုးစားသောက်ဆိုင်ရှင် ဦးတင်ထွတ်က ကျွန်တော်တို့ရွာမှာ ငွေမလို၊ ရေမလို၊ မီးပဲလိုတယ်ဗျဟု အရွှန်းဖောက်သည့်စကားကို အမှတ်ရမိသည်။

ဟုတ်ပါသည်။ နောင်ကွဲဒေသနေပြည်သူများအနေဖြင့် ငွေမလို၊ ရေမလို၊ မီးပဲလိုသည်ဟု ဆိုခဲ့သည့်အတိုင်း စုပေါင်းညီညွတ်စွာဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးအတွက် ဖြစ်မြောက်ရေးကော်မတီတစ်ရပ် ဖွဲ့ကား လုပ်ထုံး၊ လုပ်နည်း၊ စည်းကမ်းများနှင့်အညီ လျှပ်စစ်မီးလင်းရေးအတွက် သက်ဆိုင်ရာသို့ တင်ပြထားပြီးဖြစ်ကြောင်း ရပ်မိရပ်ဖဖြစ်သူ ဦးဘခင်က ပြောပြသည်။

သို့ဖြစ်ရာ နောင်ကွဲဒေသသည် ငွေမလို၊ ရေမလို၊ မီးသာလိုသည်ဆိုသည့်အတိုင်း လျှပ်စစ်မီးရရှိပြီးပါက နိုင်ငံတော်ကမျှော်မှန်းထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် အကျိုးကျေးဇူးတရားများကို လက်တွေ့ခံစားရတော့မည့် ကျေးလက်ဒေသတစ်ခုဖြစ်ပါကြောင်း တင်ပြရပါသည်။

ဆောင်းပါး-စိုင်းသာလှိုင်(လိမ္မော်မြေ)
ဓာတ်ပုံ-စောဒီတိုင်း

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယခင်အပတ်မှအဆက်)

၂၄။ ညောင်ဦးမြို့အဝင် ခရိုင်ရဲတပ်ဖွဲ့ရုံးနေရာမှ သီရိပစ္စယာဟိုတယ်အထိ လမ်းများချဲ့ပေးရန်နှင့် လမ်းဖြောင့်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ညောင်ဦးမြို့အဝင် ခရိုင်ရဲတပ်ဖွဲ့ရုံးနေရာမှ သီရိပစ္စယာဟိုတယ်အထိ လမ်းများမှာ ယခုအချိန်တွင် တစ်ဖက်လျှင် အကျယ် ၁၈ ပေရှိပြီး အကျယ် ၂၄ ပေသို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိသော်လည်း လမ်းဘေးတွင်ရှိသော လူသွားလမ်း (Platfore) နှင့် ဓာတ်တိုင်များအား နေရာရွှေ့ပေးပါက B.O.T ကုမ္ပဏီသို့ ဆက်လက်တွန်းအားပေးဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂၅။ ညောင်ဦးမြို့တွင် ဝန်ထမ်းအိမ်ရာများအား လေးထပ်အဆောက်အအုံ ဆောက်လုပ်ရန်လျာထားသော်လည်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သုံးထပ်အထိသာ ခွင့်ပြုသည့်အတွက် အခက်အခဲဖြစ်ပေါ်နေပြီး ငါ့သရောက်မြို့နယ်ခွဲတွင်လည်း ပြင်ပမှလာရောက်သည့် ဝန်ထမ်းများအတွက် နေထိုင်ရေးအခက်အခဲရှိပါသဖြင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ ခရိုင်မြို့တွင် ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံ နှစ်လုံးနှင့် မြို့နယ်/မြို့နယ်ခွဲများတွင် ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံတစ်လုံး ဆောက်လုပ်ပေးသွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂၆။ ချောက်-စဥ့်ကူ-ပုဂံလမ်းရှိ စဥ့်ကူချောင်း (သဲချောင်း)အား ပြုပြင်ထိန်းသိမ်းမှုအခြေအနေအား သိရှိလိုကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ ချောက်-စဥ့်ကူ-ပုဂံလမ်းရှိ စဥ့်ကူချောင်း (သဲချောင်း)အား လွန်ခဲ့သည့် သုံးနှစ်ကျော်ခန့်မှစတင်ကာ Survey တိုင်းတာမှုများပြုလုပ်ကာ လေ့လာခဲ့ရာတွင်တစ်နှစ်ပတ်လုံး ရေမစီးဆင်းသော်လည်း စီးဆင်းသည့်အချိန်တွင် ရေလမ်းကြောင်းတစ်ခုထဲတွင်သာစီးဆင်းခြင်းမရှိဘဲ လမ်းကြောင်းပြောင်းလဲခြင်း၊ သဲချောင်းမှာ ရှည်လျားလွန်းခြင်းကြောင့် Survey အချက်အလက်များ ပြည့်စုံသည့်အချိန်မှ အကောင်းဆုံးနည်းလမ်းကိုရွေးချယ်၍ ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂၇။ ညောင်ဦးမြို့တွင် မြေယာရှားပါးသည့်အတွက် မြို့ပြနှင့် ကျေးလက်တွင် တိုးတက်လာသည့်လူဦးရေအတွက် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Town Plan ရေးဆွဲမှုကျွမ်းကျင်သူများအဖွဲ့မှ မန္တလေးတိုင်းဒေသကြီးတွင် ဆင့်ပွားသင်တန်းပေး၍ မြို့ပေါ်ကို ဦးစားပေးအစီအစဉ်ဖြင့် Town Plan ရေးဆွဲလျက်ရှိပြီး မကြာမီကျေးရွာများအထိ ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး

ဟသ်ာတ-ညောင်တုန်း-လှိုင်သာယာရထားလမ်းပိုင်း တစ်ဆက်တည်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်

ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကိုဆက်သွယ်မည့် ညောင်တုန်း-လှိုင်သာယာလမ်းပိုင်းဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၎င်းအပိုင်းသည် ရေနက်ကွင်းများ၊ ငါးကန်နေရာများအား ဖြတ်သန်းဖောက်လုပ်ရပြီး မြေသားမှာလည်း ပုံမှန်မြေသားမဟုတ်ဘဲ မြေနိမ့်ကျွံခြင်း၊ မြေသားကွဲအက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် လိုအပ်သည့်ပြုပြင်မှုများဆောင်ရွက်ပြီး သတ်မှတ်ချိန်ဖွင့်လှစ်နိုင်ရေးလုပ်ကိုင်လျက်ရှိကြောင်းနှင့် လမ်းပိုင်းတောင့်တင်းကြံ့ခိုင်ရေးအတွက် ရထားလမ်းပိုင်းနေရာများတွင် ကျောက်ကြီးဖြည့်ခြင်း၊ မြေတားနံရံပြုလုပ်ခြင်း၊ သဲနှင့်ကျောက်အား ရထားလမ်းအောက်ရောက်အောင် Sand Pile ရိုက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ညောင်တုန်း-လှိုင်သာယာလမ်းပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် များမကြာမီကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး ဟသ်ာတမှစကြေ့ာ၊ ညောင်တုန်း၊ လှိုင်သာယာ ၈၉ ဒသမ ၇၆ မိုင်ကို တစ်ဆက်တည်း ဖွင့်လှစ်သွားလာနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အိမ်မဲ-စကြေ့ာလမ်းပိုင်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး နောင်လာမည့်နှစ်များတွင် ပုသိမ်၊ ဘဲဂရက်၊ အိမ်မဲ-စကြေ့ာ၊ လှိုင်သာယာလမ်းပိုင်း ၉၈ မိုင်ကို အဆင့်ဆင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

စောလင်းလက်

ရခိုင်ပြည်နယ်

ရိုးရာသင်္ကြန်ကို ရိုးရာယဉ်ကျေးမှုဖြင့် အလှဆင်ကြပါ

ဆောင်းပါး-လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ-မဂျီးကျော်(စစ်တွေ)

"ရာသီမိဿ၊ ကြယ်စီတြထွန်း၊ ပွင့်စွကုံကော်၊ ပိတောက်ဖော်ပြူ၊ ရင်ခတ်ငုဝါ၊ ဥဩသာ၍၊ အတာဆန်းကူး၊ လတန်ခူးမှာ၊ သူငါပျော်နွှဲ၊ သင်္ကြန်ပွဲလေ၊ သာစွလေ--သာယာဇလေ---သာစွလေ---" (အာရက္ခဩရသ)

အလှထူးသည့်လတန်ခူးသို့ရောက်လာပေပြီ။ သင်္ကြန်ကျတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားတိုင်းသိကြ၏။ သင်္ကြန်ပွဲနှင့် တန်ခူးလသည် ယှဉ်တွဲနေကြောင်း ဖော်ပြပါ ရခိုင့်စာဆိုရှင်၏ အထက်ပါကဗျာစာသားက ဖော်ပြနေပေသည်။ ဤတန်ခူးလရောက်တိုင်း သင်္ကြန်သံချပ်များနှင့် သင်္ကြန်တေးများက သင်္ကြန်ပွဲတော်ကို အကြိုထောက်နေကြပြီ။

အလှလည်းထူး၊ လတန်ခူး

တန်ခူးလသည်တစ်နှစ်တာ၏ ကနဦးအစ ပထမလဖြစ်၏။ ဂိမှာန်ရာသီဦးဖြစ်၍ လှပေါင်းစုံ၏။ သစ်ပင်တို့သည် အစိမ်းနုရောင်အဝတ်တန်ဆာကို ဆင်လျက်ပတ်ဝန်းကျင်ဝယ်ဂုဏ်ယူဝင့်ကြွားနေ၏။ ကံ့ကော်ပန်းတို့က ငွေရောင်ပွင့်လွှာပေါ်တွင် အဝါရောင်ဝတ်ဆံကို ဆင်မြန်းကာ ဖူးပွင့်၍တဝေဝေ။ ငုဝါ၊ ပိတောက်၊ ရင်ခတ်ပန်းတို့သည်လည်း တန်ခူးလေရူးနှင့်အတူ ဘယ်ညာယိမ်းနွဲ့ ကကြိုးဆင်လျက်။ ရဂုံမြိုင်ဝယ်ပန်းမာလာစုံတို့က ဝေဝေဆာဆာ။ ပျား၊ ပိတုန်း၊ လိပ်ပြာတို့ကစုံညီဝဲကာဝတ်ရည်စုပ်လျက်ရှိကြ၏။ ကျေးငှက် သာရကာတို့က မြိုင်ညိုတောလယ်ဘာသာဘာဝကျူးရင့်ဆဲ။ ထိုအထဲဝယ် နွေတေးရှင်ဥဩ၏တေးသံက သာယာပေစွ။ ကြားရသူ၏ရွှေဘဝင်ကို ကိုင်စွဲလှုပ်ကိုင်နိုင်စွမ်းရှိ၏။ တစ်ဆယ့် နှစ်ကွက်၊ ရာသီစက်ဝယ်၊ အလှကြွယ်လျက်၊ ချိန်စက်နှိုင်းယှဉ်၊ တုဘက်ပြိုင်ကင်း၊ ဂုဏ်လင်း ထွန်မှုခေါင်၊ အလှဆောင်သည့်တန်ခူးလ၏ ရှုပါရုံတို့ကြောင့် မွေးရပ်ဌာနေ ဝေးကွာနေသူများအဖို့ ဌာနေကို လွမ်းစိတ်အားပိုလာမည်မှာ ဧကန် မလွဲပေ။

တန်ခူးလနှင့်သင်္ကြန်ပွဲ

ရာသီပွဲတော်များအနက် တန်ခူးလတွင်ကျင်းပသော သင်္ကြန်ပွဲခေါ် အတာသဘင်ပွဲတော်သည်ကား တိုင်းရင်းသားပေါင်းစုံတို့နွှဲပျော်သောပွဲတော်တစ်ခုပင်ဖြစ်သည်။ တန်ခူးလနှင့် သင်္ကြန်ပွဲတော်သည် အလှတွင်အယဉ်ဆင့်ကာရွှေပေါ်မြတင်အလှဂုဏ်ဆင်လျက်ပင်ဖြစ်သည်။ သင်္ကြန်ဟူသည်"သင်္ကန္တ" ဟူသော ပါဠိစကားမှ ဆင်းသက်လာသည်။ ကူးပြောင်းခြင်း ရွှေ့ပြောင်းခြင်းဟုအဓိပ္ပာယ်ရသည်။ နှစ်ဟောင်းမှ မကောင်းမှုအနိဋ္ဌာရုံများကို အတာရေ ပက်ဖျန်းကာဆေးကြောခြင်း သဘောကိုလည်း ဆောင်သည်။ နှစ်သစ်သို့ သန့်သန့်ရှင်းရှင်း ရွှင်ရွှင်လန်းလန်းဖြင့် မင်္ဂလာရှိစွာကူးပြောင်းခြင်းသဘောကိုလည်း ပြသရာရောက်သည်။ ထို့ကြောင့် သင်္ကြန်ပွဲသည် ထူးကဲမြင့်မြတ်သည်။

ရခိုင်တို့၏ သင်္ကြန်ပွဲတော်တွင် နံ့သာသွေးခြင်း၊ ဘုရားရေချိုးခြင်း (ဘုရားရေသပ္ပာယ်ခြင်း)၊ ဆံရေလျှော်ခြင်း (ဦးခေါင်းဆေးမင်္ဂလာပြုခြင်း)၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အလှူဒါနများပြုလုပ်ခြင်း၊ သက်ကြီးပူဇော် ခြင်း၊ မိဘဆရာများအား ကန်တော့ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရေလောင်းခြင်းနှင့် တိရစ္ဆာန်တို့အား ဘေးမဲ့လွှတ်ခြင်းတို့ပါဝင်သည်။ ထူးခြားချက်မှာ ရခိုင်တို့သည် ဘုရားရေချိုးပြီးမှ ရေလောင်းကြခြင်းဖြစ်သည်။ သင်္ကြန်မကျမီတစ်ရက်အလိုကပင် ကျေးရွာ၊ ရပ်ကွက်များရှိ သမီးပျိုများက စုပေါင်းကာ နံ့သာ၊ ကရမက်သွေးကြသည်။ ရခိုင်စည်တော်တီးခြင်း၊ အတီးအမှုတ်အကအခုန်တို့ဖြင့်ကခြင်းလည်းပါဝင်သည်။ ၎င်းနံ့သာရည်၊ ကရမက်ရည်တို့ကို ငွေဖလားများတွင် ကိုယ်စီထည့်ကာ နောက်တစ်ရက်တွင် စေတီ၊ ပုထိုး၊ သိမ်ကျောင်းများရှိ ဘုရားဆင်းတုတော်များကို စုပေါင်းကာ ဘုရားရေချိုးကြသည်။ ပြီးမှ အချင်းချင်း ရေလောင်းကြသည်။ ရေလောင်းမဏ္ဍပ်များတွင် အမျိုးသမီးငယ်များကို ကြီးကြပ်သူ(မဏ္ဍပ်ရှင်မ)များရှိသည်။ မဏ္ဍပ်ရှင်မ ဦးရေသည် မဏ္ဍပ်အကြီးအငယ်အလိုက် ကွာခြားသည်။ အမျိုးသမီးများအား ရေလောင်းလိုသူများသည် မဏ္ဍပ်ရှင်မထံတွင် ခွင့်တောင်းပြီးမှ မိမိရေလောင်းလိုသူကို ရေလောင်းရသည်။ ရေလောင်းရာတွင် လောင်းလှေ့ထဲတွင် ရေဖြည့်ကာ တစ်ဦးကိုတစ်ဦးမျက်နှာချင်းဆိုင်လောင်းကြသည်။ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်တွင် နှစ်ဆန်းတစ်ရက်နေ့ထိရေလောင်းကြသည်။

ရိုးရာယဉ်ကျေးမှုဖြင့်အလှဆင်ကြပါ

ယနေ့ခေတ် ရခိုင်ရိုးရာသင်္ကြန်ပွဲများသည် အချို့မှာ အရိုးကိုအရွက်ဖုံးလာကြောင်းတွေ့ရသည်။ တစ်နည်းအားဖြင့် မဆလာသင်္ကြန်များဖြစ်နေသည်။ လှေ့လောင်းများနေရာတွင် ခေတ်မီ ရေဘုံပိုင်ကြီးများနေရာယူလာသည်။ ရေဖလားများအစား ရေပိုက်များကိုသုံးလာကြသည်။ ရိုးရာဝတ်စားဆင်ယင်မှုများတွင် တိုင်းတစ်ပါး ဝတ်စားဆင်ယင်မှုများက ကြီးစိုးလွှမ်းမိုးလာသည်။ ဤသည်တို့မှာ ရခိုင်ရိုးရာသင်္ကြန်ပျောက်ကွယ်မည့်ဘက်သို့ ဦးတည်ရွေ့လျားလာနေခြင်းပင်ဖြစ်သည်။

ရင်လေးစရာကောင်းသည်မှာ လူငယ်များ သင်္ကြန်အခါ အရက်သောက်သူများပြားလာခြင်းဖြစ်သည်။ သင်္ကြန်မတိုင်မီကပင် အရက်ကားကြီးများက ရိုးမကိုကျော်၍၊ အရက်သင်္ဘောများက ဘင်္ဂလားပင်လယ်ကိုဖြတ်၍ ရခိုင်ပြည်နယ်သို့ စီတန်းဝင်ရောက်နေကြပြီဖြစ်သည်။ အခါကြီး၊ နေ့ကြီး၊ ရက်ကြီးများတွင် ဘုရားကျောင်းကန်တို့သို့သွားပြီး ဥပုသ်သီလဆောက်တည်သူ၊ ကုသိုလ်ဒါန ပြုသူနည်းပါးလာသည်။ ရှက်ဖို့ ကြောက်ဖို့အကောင်းဆုံးက အမျိုးသမီးငယ်များဖြစ်သည်။ ကူးစက်ခံယဉ်ကျေးမှု ကာယိန္ဒြေမလုံ့တလုံအဝတ်အစားများ၊ ခပ်ပါးပါးအဝတ်အစားများဝတ်လျက် ရေကစားထွက်ကြသည်။ အဝတ်အစားကိုရေစိုတော့ ဤအမူအရာများကို မျိုးဆက်သစ်ကလေးငယ်များ မြင်ခဲ့ပါက ရိုးရာယဉ်ကျေးမှုဟု ထင်မြင်သွားကြပေလိမ့်မည်။

မိမိတို့ရိုးရာ ယဉ်ကျေးမှုမပျောက်ကွယ်ရအောင်၊ ကမ္ဘာတည်သရွေ့ တည်တံ့နေအောင် ဝံသာနုရက္ခိတတရားဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်မှာနိုင်ငံသားတိုင်းတွင် တာဝန်ရှိပေသည်။

ယနေ့ခေတ် ရခိုင်ရိုးရာသင်္ကြန်များသည် ရှေးကနှင့်နှိုင်းယှဉ်ပါက မည်မျှရောနှောခံရနေသည်ကို ရိုးရာယဉ်ကျေးမှုပေတံဖြင့်တိုင်းတာပါက သိရှိကြပေလိမ့်မည်။ ရခိုင်တိုင်းရင်းသားတို့၏သင်္ကြန်ပွဲတော်သည် ကမ္ဘာကပင် လေးစားတန်ဖိုးထားကြသော ပွဲတော်တစ်ခုလည်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် သာမက ရန်ကုန်၊ မန္တလေးစသောမြို့ကြီးများနှင့် မြန်မာနိုင်ငံတစ်နံတစ်လျားများတွင် လည်းကောင်း၊ နိုင်ငံခြားရောက်များက မိမိတို့ရောက်ရှိရာ တိုင်းပြည်များတွင်လည်းကောင်း၊ ရိုးရာသင်္ကြန်ပွဲတော်ကို ကျင်းပကြပေလိမ့်မည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော သင်္ကြန်ပွဲ၊ အလှထူးသောတန်ခူးအလှ၊ ရိုးရာသင်္ကြန်အလှ၊ ရိုးရာယဉ်ကျေးမှုအလှများကို မိမိကြောင့် မညစ်နွမ်းပါစေနှင့်။ မိမိကြောင့် အလှမပျက်ပါစေနှင့်။ တိုင်းရင်းသားတိုင်းသည် ရိုးရာယဉ်ကျေးမှုကို ချစ်စိတ်ဖြင့်ပါဝင်ဆင်နွှဲပါက ချစ်စရာကောင်းသော သင်္ကြန်ဖြစ်လာပေမည်။ ရခိုင်လူမျိုးတို့သည်လည်း မိမိတို့ရိုးရာသင်္ကြန်ကို ရိုးရာယဉ်ကျေးမှုဖြင့် အလှဆင်ကြစေချင်ပါသည်။

သို့ဖြစ်ပါ၍ မကြာမီကျရောက်တော့မည့် နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မိမိတို့ ရိုးရာဓလေ့ယဉ်ကျေးမှုကို ရှေ့တန်းတင်ကာ ပါဝင်ဆင်နွှဲကြပါရန် ရင်တွင်းစေတနာ အပြည့်အဝဖြင့် တိုက်တွန်းရေးသားလိုက်ရပေသည်။

ရေလိုအေးလို့ ပန်းလိုလန်းပါစေ

သင်္ကြန်ကျတော့မည်။ မတ်လ ၂၇ ရက်က ကျွန်တော်တို့နေထိုင်ရာ နေပြည်တော်၊ သုခသိဒ္ဓိ ရပ်ကွက် (အများအခေါ် ဆွာလမ်းဆုံ) ထိပ်မှာ ပိတောက်ပန်းတွေ ပွင့်နေပါရောလား။ သည်လိုပါပဲလေ။ တန်ခူးလရောက်ပြီဆိုမှဖြင့် သင်္ကြန်မိုးရေ၊ တန်ခူးလေနှင့် ပန်းပိတောက်တို့က တို့ထိကလူကျီစယ်လာတတ်စမြဲ၊ သင်္ကြန်ပုံရိပ်တို့တဖျပ်ဖျပ်လှုပ်ခတ်လာစမြဲ။ ထိုသောအခါ ဝါးရေပြွတ်နှင့်ထိုး၍ ပက်၍ဆော့ကစားခဲ့သော၊ မီးဖိုချောင်ထဲက ရေပုံးနှင့်ရေခွက်ကိုယူ၍ ပက်ခဲ့သော ငယ်ဘဝသင်္ကြန်ကာလတွေကို ပြန်၍ အမှတ်ရသည်။ လွမ်းမိသည်။ နတလဝန်ထမ်းဘဝမှာ ပထမဆုံးကြုံရသည့် ဗိုလ်တထောင် အထက(၆)ဝင်းထဲ၌ မဏ္ဍပ်ထိုး၍ ကျင်းပသော သင်္ကြန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုမိန်းဒေသမှာ ၁၉၉၆ ခုနှစ်က ဆင်နွှဲခဲ့ရသော သင်္ကြန်စသည်-------စသည်ဖြင့်။

၁၉၉၇-၉၈မှ ၂၀၀၄ ခုနှစ်အထိ ကြုံခဲ့ဖူးသော သင်္ကြန်များကိုတော့ ငြိမ်းချမ်းရေးသင်္ကြန်ဟု တင်စားခေါ်ဝေါ်ခဲ့မိသည်။ နယ်စပ်ဒေသ အသီးသီးက တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ကြား၍ ရန်ကုန်မြို့သင်္ကြန်ပွဲများတွင် ပါဝင်ဆင်နွှဲစေခဲ့သည်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကများကို ဖော်ထုတ်ပြသကပြဖျော်ဖြေခဲ့ကြပါသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အေးချမ်းသောနိမိတ်ပုံအဖြစ် ကျွန်တော်အမြဲ မှတ်ယူခဲ့သည်။ မတ်လအတွင်းပြောကြားခဲ့သော နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းအချို့တွင် ပါရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ အောင်မြင်ဖြစ်ထွန်းမှုများကလည်း သင်္ကြန်မိုးရေနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ နှလုံးစိတ်ဝမ်းကို အေးချမ်းမှု ပေးစွမ်းနိုင်ပါလိမ့်မည်။ နိုင်ငံတော်သမ္မတကြီးသည် မတ် ၂၆ ရက် နံနက် ၁၀ နာရီကကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် တာဝန်ထမ်းဆောင်မှု သက်တမ်းသုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မိန့်ခွန်းပြောကြားခဲ့ရာ၌ "ဒီကနေ့ ဒီအချိန်မှာ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူနိုင်မယ့် အကောင်းဆုံးအချိန်ကို ကျွန်တော်တို့ရောက်ရှိနေပါပြီ။ အနာဂတ်မျိုးဆက်သစ်တွေအတွက် အေးချမ်းတည်ငြိမ်ပြီး မျှော်လင့်ချက်ပြည့်ဝတဲ့ လူနေမှုဝန်းကျင်သစ်ကို ပူးပေါင်းဖော်ဆောင်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

ငြိမ်းချမ်းသွားတဲ့ တိုင်းရင်းသားဒေသတွေမှာ ဘိန်းအစားထိုးဝင်ငွေရရှိမယ့် လုပ်ငန်းတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြပြီး စက်မှုဇုန်တွေ၊ စီးပွားရေးဇုန်တွေ ပေါ်ထွန်းလာအောင်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဒီဒေသတွေမှာ မြေမြှုပ်မိုင်းရှင်းလင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ စီးပွားရေးအခြေခံတွေရရှိစေဖို့ အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကြန့်ကြာတာနဲ့အမျှ သက်ဆိုင်တဲ့ တိုင်းရင်းသားတွေရဲ့ အနာဂတ်ဟာ မျှော်လင့်ချက်မဲ့သွားနိုင်တာကို ကျွန်တော်တို့အထူးဂရုပြုကြဖို့ လိုပါတယ်။ နှစ်ပေါင်း ၆၀ ကျော်ကြာခဲ့တဲ့ ပြည်တွင်းစစ်မီးလျှံတွေကို မကြာမီကာလမှာ နိဂုံးချုပ်နိုင်လိမ့်မယ်လို့ အခိုင်အမာယုံကြည်ထားပါတယ်"ဟုထည့်သွင်းပြောကြားခဲ့သည်။

ထိုအပြင် နိုင်ငံတော်သမ္မတကြီးသည် မတ် ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ကျွန်တော်တို့ အစိုးရတက်ပြီးတဲ့နောက်မှာ အဓိက လုပ်ငန်းကြီးသုံးခုကို အဓိက ဦးတည်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာ အောင်မြင်တဲ့ကိစ္စတွေ အများကြီးရှိသလို ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စတွေလည်း ရှိပါတယ်။ နံပါတ်(၁) ပြည်တွင်း ငြိမ်းချမ်းရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ နံပါတ်(၂) ပြည်သူလူထုအားလုံးရဲ့ အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်တာဖြစ်ပြီးတော့ နံပါတ်(၃) အနာဂတ်နိုင်ငံတော်ရဲ့ လူငယ်တွေလက်ထဲကို ပိုမိုကောင်းမွန်တဲ့ မြန်မာနိုင်ငံ မြန်မာ့လူ့အဖွဲ့အစည်းအဖြစ် လွှဲပြောင်းပေးဖို့ ပြင်ဆင်တာဖြစ်ပါတယ်ဟု ပြည်တွင်းငြိမ်းချမ်းရေးကို ပထမဦးစားပေး နေရာတွင်ထား၍ ပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။

တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကပြဖျော်ဖြေစဉ်။

မကြာသေးမီက တိုင်းရင်းသားသွေးချင်းများအတွက် အမျိုးသားရေးတာဝန်ဟူသော ခေါင်းစဉ်ဖြင့် နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ၊ ရုပ်မြင်သံကြားအစီအစဉ်တစ်ခုကို တည်းဖြတ်၍ MRTV၊ မြဝတီ၊ Sky Net ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ ထိုရုပ်သံအစီအစဉ်တွင် အသုံးပြုခဲ့သော နောက်ခံသီချင်းများမှာ အထက်တွင်ကျွန်တော် ဖော်ပြခဲ့သည့် တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့များ စုပေါင်းကပြရန်အတွက် ရည်ရွယ်စပ်ဆိုထားသော သီချင်းများဖြစ်ပါသည်။

ရာသက်ပန်ပြည်ထောင်စုအေးချမ်းပါစေ သီချင်းတွင် ဟသ်ာတ ဦးမြင့်ငွေက **တောင်ပေါ်မြေပြန့်မခွဲခြားပဲ ×××ခိုင်မြဲတဲ့ သန္နိဋ္ဌာန်တွေ××× ဆူကြုံနိမ့်မြင့်မရှိ ××× ကွာဟမှုလျော့နည်း ×× တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ရမလေ နိုင်ငံတော်ကဖြည့်ဆည်းဆောင်ရွက်နေ ×××နယ်စပ်ဒေသကျေးလက်မကျန် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ××× အလေးအနက်ထားလို့ အကောင်အထည်ဖော်နေ ××× (လာကြဟေ့)[၄] နိုင်ငံတော်သစ်ရဲ့ခွန်အားသစ်တွေ××× နှစ်သစ်နဲ့အတူ××× အချစ်သစ်ဖွဲ့ယူ ××× မုန်းစကိုတိုလို ချစ်စကိုရှည်××× ပြည်ထောင်စုကို ချစ်ကြသူတွေရာသက်ပန် ပြည်ထောင်စုကြီးအေးချမ်းပါစေ ××× ရေလို အေးလို့ ပန်းလိုလန်းပါစေ ×××ရေလိုအေးလို့ပန်းလိုပဲ လန်းကြပါစေ××××** ဟု သီကုံးရေးဖွဲ့ပေးခဲ့ပါသည်။ ပြည်ထောင်စုကိုချစ်ကြသူတွေအားလုံးက ရာသက်ပန် ပြည်ထောင်စုကြီးထာဝစဉ်အေးချမ်းသာယာအောင်ဝိုင်းဝန်းစောင့်ရှောက်နိုင်ပါစေကြောင်း၊ ဆုမွန်တောင်းလျက် မကြာမီရောက်ရှိလာတော့မည့် မင်္ဂလာနှစ်သစ်ကို ကြိုဆိုလိုက်ရပါသည်။

"အားလုံးပဲရေလိုအေးလို့ပန်းလိုလန်းပါစေ"

မြင့်စိုး (နတလ)

မန္တလေးတိုင်းဒေသကြီး

အနော်ရထာမင်းတည် နဂါးကျစ်ရန်အောင်မြင်စေတီတော် ကမ်းပါးပြိုမှုပြုပြင်ပေးစေလို

သတင်းနှင့် ဓာတ်ပုံ-ကျော်ငြေး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး အရှေ့မြောက်ယွန်းယွန်းတွင် အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့သော နဂါးကျစ်ရန်အောင်မြင်စေတီတော်တစ်ဆူရှိခဲ့သည်။ အနော်ရထာမင်းသည် နဂါးကျစ်ရန်အောင်မြင်စေတီတော်ကို သက္ကရာဇ် ၄၂၀ အစောပိုင်းတွင် တည်ထားခဲ့သည်။ ယခုအခါတွင် ဧရာဝတီမြစ်ရေတိုက်စားမှုဖြစ်ပြီး ကမ်းပါးနှင့် သုံးပေအကွာအဝေးတွင်သာ ရှိနေသည့်အတွက် ကမ်းပါးပြိုမှုမှ ကာကွယ်ပေးရန် လိုလားနေကြသည်ဟု ညောင်ဦးမြို့နေ ပြည်သူများထံမှ သိရသည်။ "ကျွန်တော်တို့ရပ်ကွက်မှာ ဒီစေတီကို အမြဲတမ်းဆွမ်းချလေ့ရှိတယ်။ တစ်ချိန်က ပုဂံရာဇဝင်သမိုင်းတွင် တွေ့ရှိရသော စေတီဖြစ်တယ်။ ရှေးစေတီလည်းဖြစ်တယ်။ မြစ်ထဲပါရန် နည်းနည်းလောက်ပဲလိုတော့တယ်။ဒါကြောင့် ဒီစေတီတော်ကမ်းပါးပဲ့ပြီးမပါရန် ကျွန်တော်တို့ ဂေါပကအဖွဲ့ကလည်း ဝိုင်းဝန်းဆောင်ရွက်ကြိုးစားနေပါတယ်" ဟု ရပ်ကွက်နယ်မြေ(၅) ချောင်းရိုးရပ်နေသူ ဦးအောင်ချိုထံမှ သိရသည်။

ကျွန်တော်တို့တစ်တွေကတော့ ဒီရှေးဟောင်းစေတီတော်ကြီး မြစ်ထဲပါသွားရင် တစ်မြို့လုံး ယူကျုံးမရဖြစ်ကြရမှာပါ။အခုလိုမြစ်ထဲမပါခင်က ကြိုတင်ပြီး ရေကာတာတွေ၊စိုက်အုတ်ရိုးတွေ၊ ကျောက်ရိုးတွေနဲ့ ခြေဆင်းပေး လိုက်မယ်ဆိုရင် ကမ်းပါးပြိုမည့်ဘေးမှ ကင်းဝေးနိုင်ကြောင်း နယ်မြေ(၅) ချောင်းရိုးရပ်နေ ဦးလှပြုံးထံမှ သိရသည်။ သို့အတွက်ကြောင့် ရှေးဟောင်း စေတီတော်လည်းဖြစ် ရှေးဟောင်းမြို့တော်လည်းဖြစ် ရှေးဟောင်းကို တန်ဖိုးထားပါတယ်။ အဆိုပါသက္ကရာဇ် ၄၂၀ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော နဂါးကျစ်ရန်အောင်မြင်စေတီတော် ကမ်းပါးပဲ့ပြီးမပါဖို့အရေးဆောင်ရွက်ပေးစေလိုကြောင်း ညောင်ဦးမြို့နေ ဒေသခံပြည်သူများထံမှ သိရသည်။

အမြင်ဆန်းလှပ သဘာဝသစ်ခွပန်း

သဘာဝပေါက်ရောက်လျက်ရှိသော သစ်ခွပန်းများကို မျိုးပွားစိုက်ပျိုးရောင်းဝယ်ခြင်းဖြင့် မိသားစုဝင်ငွေအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေနိုင်သည်။ သစ်ခွပန်းအရောင်အသွေးစုံ မျိုးစိတ်များ မိုးညှင်းမြို့နယ်တွင် ၆၀ ကျော်ရှိကြောင်း သဘာဝပတ်ဝန်းကျင် သစ်တောမှတ်တမ်းတွင် မှတ်သားမိသည်။ သစ်ခွမျိုးစိတ်များစွာအနက် အမြင်ဆန်းဆန်းလှလှပပ သစ်ခွပန်းမျိုးစိတ်ကို ကချင်ပြည်နယ် မိုးညှင်းမြို့ရပ်ကွက်အချို့၌ စိတ်ဝင်စားစွာ အလှစိုက်ပျိုး ထားကြခြင်းကိုလည်း တွေ့ရသည်။

သဘာဝသစ်ခွပန်းကို မိုးညှင်းမြို့ စိမ်းရတနာမွန် (မြောက်ပိုင်း) ရပ်ကွက်နေ ဦးဝင်းဆန်း စိုက်ပျိုးထားသည်ကို တွေ့မြင်ခဲ့ရာ ပန်းခိုင်အရှည် ငါးလက်မ၊ ခြောက်လက်မခန့်ရှိပြီး အကြီးဆုံးအပွင့်မှာ လက်မဝက်ရှိသည်။ ပွင့်လွှာမှာ အနီရဲရဲအရောင်ဖြစ်သည်။ အပွင့်အလယ်တွင် ဝတ်မှုံအဝါရောင်နှင့် ဗေဒါရောင်ဖြစ်သည်။ ပွင့်ရန် ကြိုလင့်နေသောအဖူးမှာ စိမ်းနုရောင်ဖြစ်သဖြင့် ပန်းပွင့်အခိုင်အရောင်အသွေးကို ရှုမြင်ရသူတို့အတွက် နှစ်သက်စေသည်။ အထူးသဖြင့် ပန်းအလှစိုက်ခြင်းနှင့် အမျိုးသမီးများ ဆံကေသာတွင် ပန်ဆင်ချင်သူများကို အဆင်ပြေစေမည်ဖြစ်သည်။

သဘာဝသစ်ခွပန်းရှားပါးတစ်မျိုးမှာ မိုးညှင်းမြို့အရှေ့စု (၃)လမ်းရပ်ကွက်နေ ဦးအောင်မင်း နေအိမ်ဝင်း၌ တွေ့ရသည်။ ပန်းခိုင်အရှည်မှာ ၂ လက်မရှိပြီး အပွင့်အရွယ်မှာ ကုလားပဲခြမ်းခန့်သာဖြစ်သည်။ ပွင့်လွှာငါးခုအဖြူရောင် အလယ်တွင် ဗေဒါရောင်နှောလျက်ရှိနေသည်။ သစ်ခွပန်းများကို ၂၀၁၀ ပြည့်နှစ်က တောတောင်တွင် ရှားရှားပါးပါးတွေ့ရှိခဲ့သဖြင့် အလှစိုက် မျိုးပွားထားခြင်းဖြစ်ကြောင်း သိရသည်။ (ဝ၆၃)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

(၁၅၄) ဘဏ်ခွဲ ရန်ကုန်မြို့-ဦးဝိစာရလမ်းဘဏ်ခွဲ

(၁၅၅) ဘဏ်ခွဲ မန္တလေး-သိပ္ပံလမ်းဘဏ်ခွဲ နှင့်

(၁၅၆) ဘဏ်ခွဲ မန္တလေး-ဆိုင်းတန်းလမ်းဘဏ်ခွဲ

တို့ကို ၉.၄.၂၀၁၄ (ဗုဒ္ဓဟူးနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေသူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဦးဝိစာရလမ်းဘဏ်ခွဲ

အမှတ်(၂၇၈/B)၊ ဦးဝိစာရလမ်း၊
ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၂၃၀၆၁၉၄/၉၅/၉၆
ဖက်စ် - (၀၁) ၂၃၀၆၁၉၉/ ၂၀၀/ ၂၀၁
www.kbzbank.com

မန္တလေး-သိပ္ပံလမ်းဘဏ်ခွဲ

အမှတ်(၁၃/ဃ)၊သိပ္ပံလမ်း၊(၆၆ × ၆၇)လမ်းကြား
မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း - (၀၂) ၇၇၇၀၂/၀၃
ဖက်စ် - (၀၂) ၇၇၀၀၂/၃၀၃
www.kbzbank.com

မန္တလေး-ဆိုင်းတန်းလမ်းဘဏ်ခွဲ

အမှတ်(၁၉)၊(၂၆)လမ်း၊(၈၈× ၈၉)လမ်းကြား၊
သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း - (၀၂) ၆၇၀၇၈/ ၇၉/ ၈၀
ဖက်စ် - (၀၂) ၆၇၀၈၁/ ၈၂
www.kbzbank.com

မြန်မာ့အလင်း
ကြေးမုံ
၁၁-၄-၂၀၁၄ (သောကြာနေ့)

ကမ္ဘာ့ဖလားမိတ်ဆက် - ၂

သစ်မင်းအိမ်

သံသယများကြားက မက္ကဆီကို

ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးသည် တဖြည်းဖြည်းနှင့်နီးကပ်လာပြီဖြစ်ရာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အသင်းပေါင်း ၃၂သင်းကို ပရိသတ်ကြိုတင်လေ့လာနိုင်ရန်အတွက် တစ်သင်းချင်းစီ၏ အခြေအနေနှင့် အလားအလာများကို သုံးသပ်ဖော်ပြရန် ရည်ရွယ်ခဲ့ပြီး ပြီးခဲ့သည့်အပတ်က အိမ်ရှင်ဘရာဇီးအသင်းအကြောင်း စတင်မိတ်ဆက်ပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယခု တစ်ပတ်တွင် အုပ်စု (A)မှ ပြိုင်ပွဲဝင်အသင်းတစ်သင်းဖြစ်သော မက္ကဆီကို အသင်းအကြောင်းကို လေ့လာနိုင်စေရန် ထပ်မံဖော်ပြ ပေးလိုက်ရပါသည်။

အစဉ်အလာနှင့်အောင်မြင်မှု

အထူးသဖြင့် မက္ကဆီကိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ကြီးမားသော အောင်မြင်မှုကို ယနေ့အထိရယူနိုင်ခြင်း မရှိသေးသော်လည်း ကျင်းပပြီးခဲ့သော ကမ္ဘာ့ဖလားပြိုင်ပွဲများအနက် (၁၄) ကြိမ်တိုင်တိုင် ဝင်ရောက်ယှဉ် ပြိုင်နိုင်ခဲ့သည့်အသင်းဖြစ်သည်။ ထို့အပြင် မက္ကဆီကိုအနေဖြင့် ၁၉၇၀ ပြိုင်ပွဲနှင့် ၁၉၈၆ ပြိုင်ပွဲတို့တွင် ကွာတားဖိုင်နယ်အဆင့်ထိတက်ရောက်နိုင်ခဲ့သလို နောက်ဆုံးကျင်းပခဲ့သည့်ပြိုင်ပွဲ ငါးကြိမ်တွင်လည်း ငါးကြိမ်ဆက်တိုက်အုပ်စု အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့သည့် အသင်းလည်းဖြစ်သည်။ ထို့ကြောင့် မက္ကဆီကိုကို ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် လျှော့တွက်၍ မရသော အသင်းအဖြစ် ယူဆထားကြသည်။

ဆိုရသော် မက္ကဆီကိုသည် ကွန်ကာကပ်ဖ်ဒေသတွင် ထိပ်တန်းအသင်းအဖြစ် အစဉ်အဆက်ရပ်တည်ခဲ့သလို ဟူဂိုဆန်းချက်ဇ်၊ ဂျော့ကမ်ပို့စ်၊လူးဝစ်ဂါစီယာ၊ ဘလန်ကို၊ မားကွက်ဇ်၊ ဆယ်ဆီဒို၊ ဟာနန်ဒက်ဇ် တို့ကဲ့သို့သော ကစားသမားကောင်းများစွာကိုလည်း ခေတ်အဆက်ဆက်မွေးထုတ် ပေးနိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက ဆိုလျှင် မက္ကဆီကိုသည် ဥရုဂွေး၊ ပြင်သစ်တို့ကဲ့သို့သော အသင်းကြီးများ အပြင် အိမ်ရှင်တောင်အာဖရိကပါ ပါဝင်သောအုပ်စု၌ ယှဉ်ပြိုင်ကစားခဲ့ရသည့်ကြားမှ ပြင်သစ်ကို အနိုင်ကစားကာ အုပ်စုဒုတိယနှင့် ရှုံးထွက်သို့ တက်ရောက် နိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ကြောင့်ပင် အဆိုပါ ၂၀၁၀ကလောက်ပင် မခက်ခဲနိုင်သော ဘရာဇီး၊ ခရိုအေးရှား၊ ကင်မရွန်းတို့သာ ပါဝင်သော အုပ်စုတွင်း၌ ကစားရမည့် ယခု တစ်ကြိမ်တွင် မက္ကဆီကိုအနေဖြင့် ဘရာဇီးနှင့်အတူ အုပ်စုကိုကျော် ဖြတ်နိုင်ခြေ အရှိဆုံးအသင်းအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

ခြေစစ်ပွဲအတွင်းမှ သံသယများ

သို့သော် အဆိုပါ မျှော်လင့်ချက်သည် မက္ကဆီကို၏ ခြေစစ်ပွဲအတွင်းမှ စွမ်းဆောင်ရည်နှင့် နှိုင်းယှဉ်မည်ဆိုပါက လိုက်ဖက်သည်ဟုတော့ မဆိုသာပေ။ ကွန်ကာကပ်ဖ်ဇုန်ခြေစစ်ပွဲတွင် မက္ကဆီကိုသည် အသင်း၏ အဆင့်အတန်းအရ ခြေစစ်ပွဲကို ဒုတိယအဆင့် ပွဲစဉ်များရောက်မှသာ ကစားရသည်။ ကော်စတာရီကာ၊ အယ်ဆာဗေဒို၊ ဂူယာနာတို့နှင့် ကစားခဲ့ရသော အဆိုပါအဆင့်တွင် မက္ကဆီကိုသည် ပွဲတိုင်းအနိုင် ရခဲ့ကာ နောက်ဆုံးအဆင့် ခြေစစ်ပွဲသို့ တက်ရောက် နိုင်ခဲ့သော်လည်းအဆိုပါ နောက်ဆုံးအဆင့်ပွဲစဉ် များ၌ မက္ကဆီကိုသည် ၁၀ ပွဲ ကစားခဲ့ရာ စုစုပေါင်း နှစ်ပွဲသာ အနိုင်ရခဲ့သည်။ အထူးသဖြင့် မက္ကဆီကိုသည် အဆိုပါ နောက်ဆုံးအဆင့် ခြေစစ်ပွဲများ၌ အိမ်ကွင်းပွဲများ တွင်ပင် ဂျမေကာ၊ ကော်စတာရီကာ၊ ဟွန်ဒူးရပ်စ်တို့ကို အနိုင်မယူနိုင်ခဲ့ပေ။ ထို့အပြင် မဟာပြိုင်ဘက် အမေရိကန်ကိုလည်းနှစ်ကျော့ စလုံးအနိုင်မရခဲ့ပေ။ ထို့ကြောင့်ပင် မက္ကဆီကိုအနေဖြင့် အဆုံးအဖြတ် ခြေစစ်ပွဲကစားခဲ့ရကာ သမုဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်ကို ကျော်ဖြတ်နိုင်ခဲ့၍သာ ကမ္ဘာ့ဖလားဝင်ခွင့်ရလာခဲ့ခြင်းဖြစ်သည်။ အရှင်းဆုံးဆိုရသော် မက္ကဆီကို၏ ခြေစစ်ပွဲအတွင်းမှ ခြေစွမ်းသည်အားရဖွယ်လုံးဝမရှိခဲ့ပေ။

ဦးဆောင်သူ၏ နနယ်မှု

ဆိုရသော် မက္ကဆီကိုတွင် ကစားသမားကောင်းများရှိသည်က မှန်သည်။ အက်စ်ပန်ညိုခံစစ်မှူး မိုရီဒို၊ ပေါ်တိုခံစစ်မှူး ယေးရက်စ်၊ လေဗာကူဆင် ကွင်းလယ်ကစားသမား ဂူရာဒါဒို၊ ဗီလာရီးရဲကွင်းလယ်ကစားသမား အကွီနို၊ ပေါ်တိုကွင်းလယ်ကစားသမား ဟာရီယာ၊ မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်၊ ဗီလာရီးရဲတိုက်စစ်မှူး ဒေါ့ဆန်တို့စ်တို့မှာ အရည်အသွေးပိုင်းအရ ထက်မြက်သူများဖြစ်သည်။ သို့သော် အသင်း၏ လက်ရှိနည်းပြ မီဂွဲလ်ဟာရီယာမှာ အတွေ့ အကြုံနုနယ်လွန်းသည်။ အသက် ၄၆နှစ်သာရှိသေးပြီး နည်းပြသက်တမ်းမှာလည်း ၁၀နှစ်ကျော်သာရှိသေးသည်။ အထူးသဖြင့် ဟာရီယာ သည် ကစားသမားဘဝတုန်းကလည်း ဥရောပသို့ခြေချနိုင်ခြင်း မရှိသလို နည်းပြဖြစ်လာချိန်တွင်လည်း သာမန်အသင်းလေးများကိုသာ ကိုင်တွယ်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှသာ မက္ကဆီကို အားစတင်တာဝန်ယူခဲ့သူဖြစ်သည်။ **စာမျက်နှာ ၂သို့**

မက္ကဆီကို၏ကမ္ဘာ့ဖလားမှတ်တမ်း

၁၉၃၀	အုပ်စုအဆင့်	၁၉၇၈	အုပ်စုအဆင့်
၁၉၃၄	ခြေစစ်ပွဲမအောင်	၁၉၈၂	ခြေစစ်ပွဲမအောင်
၁၉၃၈	နုတ်ထွက်	၁၉၈၆	ကွာတားဖိုင်နယ်
၁၉၅၀	အုပ်စုအဆင့်	၁၉၉၀	ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခံရ
၁၉၅၄	အုပ်စုအဆင့်	၁၉၉၄	၁၆သင်းအဆင့်
၁၉၅၈	အုပ်စုအဆင့်	၁၉၉၈	၁၆သင်းအဆင့်
၁၉၆၂	အုပ်စုအဆင့်	၂၀၀၂	၁၆သင်းအဆင့်
၁၉၆၆	အုပ်စုအဆင့်	၂၀၀၆	၁၆သင်းအဆင့်
၁၉၇၀	ကွာတားဖိုင်နယ်	၂၀၁၀	၁၆သင်းအဆင့်
၁၉၇၄	ခြေစစ်ပွဲမအောင်		

မာစီဒီးစ်အသင်း၏ လွှမ်းမိုးမှုခံနေရသည့် ၂၀၁၄ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ

ပြီးခဲ့သည့် ဧပြီ ၆ ရက်တွင် ဘာရိန်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၄ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ၏ တတိယမြောက်ပွဲစဉ်ဖြစ်သော **Bahrain Grand Prix** ပြိုင်ပွဲတွင် မာစီဒီးအသင်းမှ လူးဝစ်ဟာမီလ်တန်က မောင်းနှင်ယှဉ်ပြိုင်ချိန် ၁ နာရီ ၃၉မိနစ် ၄၂ဒသမ၇၄၃ စက္ကန့်ဖြင့် ထိပ်ဆုံးမှ ပန်းဝင်ကာ ဗိုလ်စွဲခဲ့သည်။ ဟာမီလ်တန်သည် ဒုတိယနေရာမှ ပန်းဝင်ခဲ့သူ မာစီဒီးစ်အသင်းဖော်နီကိုရော့စ် ဘတ်ထက် ၁ ဒသမ၀၈၅ စက္ကန့်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဟာမီလ်တန်သည် ဒုတိယမြောက်ပြိုင်ပွဲဖြစ်သည့် **Malaysian Grand Prix** ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သူဖြစ်သည်။

Bahrain Grand Prix ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲ မောင်းနှင်ရာတွင် ရော့စ်ဘတ်ကထိပ်ဆုံးမှ ပန်းဝင်ကာ ဟာလ်မီလ်တန်က ဒုတိယနေရာဖြင့် ပန်းဝင်ခဲ့၍ ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် ရော့ဘတ်သည် ထိပ်ဆုံးမှ တာထွက်ခွင့် ရရှိခဲ့သော်လည်း ဟာမီလ်တန်ကို မကျော်ဖြတ်နိုင်ဘဲ ဒုတိယနေရာဖြင့်ပင် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ရော့ဘတ်က Bahrain Grand Prix ပြိုင်ပွဲ၌ အသင်းဖော် ဟာမီလ်တန်သည် မိမိထက် ပိုမိုကောင်းမွန်စွာ စွမ်းဆောင်ခဲ့ကြောင်း၊ သို့သော်လည်း လာမည့် Chinese Grand Prix ပြိုင်ပွဲတွင်မူ ဗိုလ်စွဲနိုင်ရန် ရည်မှန်းထားကြောင်း ပြောဆိုခဲ့သည်။ ရော့ဘတ်သည် ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ၏ ပထမဆုံးပွဲစဉ်ဖြစ်သည့် Australian Grand Prix ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သူ ဖြစ်သည်။

Chinese Grand Prix ပြိုင်ပွဲကို လာမည့် ဧပြီ ၂၀ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ **စာမျက်နှာ ၇သို့»**